The Mirror
Established in 1957

၁၃၇၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၃ ရက်၊ ဗုဒ္ဓဟူးနေ့၊ (7-1-2015) (၈၀၇၈)

## မေတ္တာ၏ အကျိုးအာနိသင်

မေတ္တာ၏ အကျိုးအာနိသင်သည် အလွန်များပြား ကြီးမားမြင့်မြတ်၏။ ဘ၀သမ္ပတ္တိအကျိုးပေးသန်သော ကောင်းသောကံတကာထဲတွင် ဤမေတ္တာကံသည် အထွတ်မြတ်ဆုံး၊ အသာဆုံးတည်း။ မေတ္တာကံကို တုပြိုင်နိုင်သော ကံဟူ၍ မရှိပေ။

သေက္ချတောင်ဆရာတော် ဦးတိလောက

# ပညာရေး၊ ကျန်းမာရေးနှင့် သတ္တုကဏ္ဍများတွင် ပိုမိုတိုးမြှင့်ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၆**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် ဩစတြေးလျနိုင်ငံသံအမတ်ကြီး H.E.Ms. Bronte Nadine Moules ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**



### ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး

ထိုသို့တွေ့ဆုံစဉ် ပညာရေး၊ ကျန်းမာရေးနှင့် သတ္တုကဏ္ဍများတွင် ပိုမိုတိုးမြှင့်ပူးပေါင်းဆောင်ရွက်ရေး၊ တက္ကသိုလ်အဆင့် ပညာတော်သင်များ စေလွှတ်သင်ကြားနိုင်ရေး၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် အပစ်အခတ်ရပ်စဲပြီး ငြိမ်းချမ်းရေးလက်မှတ်ရေးထိုးပြီးသည့်နောက် ပြန်လည်ထူထောင်ရေးကဏ္ဍများတွင် ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်း၊ ဦးအုန်းမြင့်၊ ဒေါက်တာဒေါ်ခင်စန်းရီ၊ ဒေါက်တာသန်းအောင်၊ ဒေါက်တာမြင့်အောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

### ထူးခြားသည့် ညအပူချိန်များ

| | | |
|---|---|---|
| ဟားခါး | သုည | ဒီဂရီစင်တီဂရိတ် |
| ပူတာအို | ၆ | ဒီဂရီစင်တီဂရိတ် |
| ဟဲဟိုး | ၇ | ဒီဂရီစင်တီဂရိတ် |
| ဖလမ်း | ၇ | ဒီဂရီစင်တီဂရိတ် |
| ပင်လောင်း | ၈ | ဒီဂရီစင်တီဂရိတ် |
| လွိုင်လင် | ၈ | ဒီဂရီစင်တီဂရိတ် |

### နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသများတွင် ညအပူအချိန်များ အနည်းငယ် လျော့နည်းနိုင်သည်။

# မနောပွဲတော်ကျင်းပရေး ဒုတိယနေ့အဖြစ် ဝတ်စုံပြည့်ဇာတ်တိုက်လေ့ကျင့်

**မြစ်ကြီးနား ဇန်နဝါရီ ၆**

(၆၇) ကြိမ်မြောက် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ်မနောပွဲတော်ကြီးကို ဇန်နဝါရီ ၈ ရက်တွင် မြစ်ကြီးနားမြို့ စီတာပူရပ်ကွက် မနောကွင်းအတွင်း စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေး ဒုတိယနေ့ဝတ်စုံပြည့် ဇာတ်တိုက်လေ့ကျင့်ခြင်းကို ဇန်နဝါရီ ၆ ရက် နံနက် ၁၀ နာရီက အဆိုပါ မနောကွင်းအတွင်း ကျင်းပရာ မနောဦးဆောင်အကအဖွဲ့ဝင် ၁၀ ဦးနှင့်အတူ ဒေသခံတိုင်းရင်းသားများ၊ ပညာရေးကောလိပ်မှ သင်တန်းသား သင်တန်းသူများ၊ မြို့ပေါ်ကျောင်းများမှ ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများ အင်အား ၁၀၀၀ ခန့် ပါဝင်ဆင်နွှဲခဲ့ကြကြောင်း သိရသည်။ **(အောက်ပုံ)**

**မိုးယံကျ(မြစ်ကြီးနား)**



# ၂၀၁၄ ခုနှစ်အတွင်း နိုင်ငံခြားသားခရီးသွားဧည့်သည် ၃ ဒသမ ၅ သန်းကျော် လာရောက်

**ရန်ကုန် ဇန်နဝါရီ ၆**

မြန်မာနိုင်ငံသို့ နိုင်ငံခြားသား ခရီးသွားဧည့်သည် လာရောက်မှုမှာ ၂၀၁၄ ခုနှစ်အတွင်း ခရီးသည် ၃ ဒသမ ၅ သန်းကျော် လာရောက်ခဲ့ပြီး ထိုင်းနိုင်ငံ၊ ဂျပန်နိုင်ငံ၊ တရုတ်နိုင်ငံတို့မှ အများဆုံး လာရောက်ခဲ့ကြကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

၂၀၁၄ ခုနှစ် မကုန်ဆုံးမီ နိုင်ငံခြားသားခရီးသွားဧည့်သည် လာရောက်မှုစာရင်းအရ သုံးသန်းခန့်ရှိမည်ဟု ခန့်မှန်းခဲ့ပြီး သုံးသန်းကျော်အထိ လာရောက်ခဲ့ကြခြင်းဖြစ်သည်။ ခရီးသွားဝင်ငွေရရှိမှုအပိုင်းတွင် အမေရိကန်ဒေါ်လာ တစ်ဘီလီယံခန့်ရရှိမည်ဟု ခန့်မှန်းခဲ့ပြီး အမှန်တကယ်ရရှိမှုအပိုင်းတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၄ ဘီလီယံရရှိခဲ့သည်။ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ခဲ့ကြသည့် နိုင်ငံခြားသားဧည့်သည်များတွင် ထိုင်း၊ ဂျပန်၊ တရုတ်နိုင်ငံတို့မှ လာရောက်မှုသည် ၆၇ ရာခိုင်နှုန်းရှိခဲ့ပြီး ဥရောပနိုင်ငံများမှ ပြင်သစ်၊ ယူကေနှင့် ဂျာမနီတို့မှ အများဆုံး လာရောက်ခဲ့သည်ဟု သိရသည်။

မြန်မာနိုင်ငံသို့ နိုင်ငံခြားသား ခရီးသွားဧည့်သည် လာရောက်မှုမှာ ၂၀၁၀ ရွေးကောက်ပွဲအပြီးတွင် နှစ်စဉ် သိသိသာသာ တိုးတက်များပြားလာခဲ့ပြီး ၂၀၁၅ ခုနှစ်အတွင်းတွင် နိုင်ငံခြားသားခရီးသွားဧည့်သည် ငါးသန်းခန့်၊ ၂၀၂၀ ပြည့်နှစ်တွင် ၇ ဒသမ ၅ သန်းခန့်အထိ တိုးမြှင့်လာရောက်စေရန် ခရီးသွားကဏ္ဍ မြှင့်တင်မှု၊ ဆွဲဆောင်မှုများဖြင့် ဆောင်ရွက်သွားရန် မျှော်မှန်းထားကြောင်း သိရသည်။

**စာမျက်နှာ ၉ ကော်လံ ၅ သို့** ❖



## ကြေးမုံ စာတည်း ရှုထောင့် ၇-၁-၂၀၁၅၊ ဗုဒ္ဓဟူးနေ့

# ထာဝရငြိမ်းချမ်းရေးသည်သာ

"ပြည်တွင်းငြိမ်းချမ်းရေးကို ရယူနိုင်ရန်အတွက် တစ်ခုတည်းသော နည်းလမ်းသည် နိုင်ငံရေးဆွေးနွေးပွဲသာဖြစ်ပါကြောင်း" နိုင်ငံတော်သမ္မတက ဇန်နဝါရီ ၅ ရက်တွင် နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန၌ (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ဗိုလ်ရှုခံအခမ်းအနားသို့ တက်ရောက်ခဲ့ကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့(၁၂)ဖွဲ့မှ ခေါင်းဆောင်များနှင့် တွေ့ဆုံပွဲတွင် ပြောကြားခဲ့သည်။

မြန်မာနိုင်ငံသည် လွတ်လပ်ရေးရရှိပြီး မကြာမီတွင် တိုင်းရင်းသား စည်းလုံးညီညွတ်မှုပြိုကွဲခဲ့သည့် အဖြစ်အပျက်များမှစတင်၍ လက်နက်ကိုင် ပဋိပက္ခများကို ကြုံတွေ့လာရသည်မှာ နှစ်ပေါင်း ၆၀ ကျော်ခဲ့ပြီဖြစ်သည်။ လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး ပြည်တွင်းငြိမ်းချမ်းမှုရှိမှသာ ဒီမိုကရေစီအသွင်ကူးပြောင်းရာတွင် ချောမွေ့အောင်မြင်မည်ဖြစ်သည်။ ထို့အပြင် နိုင်ငံတည်ဆောက်ရေးနှင့် နိုင်ငံဖွံ့ဖြိုးရေးအတွက် ကောင်းမွန်စွာ လုပ်ကိုင်ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရန်နှင့် ငြိမ်းချမ်းရေးရရှိနိုင်ရန်အတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ သဘောတူစာချုပ်များ ချုပ်ဆိုနိုင်ရေးသည် အရေးကြီးသည်။ ထို့ကြောင့် "နိုင်ငံရေးပြဿနာများကို နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများတွင် ဆွေးနွေးအဖြေရှာကြရန် လိုအပ်ပါကြောင်း" နိုင်ငံတော်သမ္မတက ပြောကြားခဲ့သည်။

လက်ရှိကာလတွင် ငြိမ်းချမ်းရေးအဖြေရှာနေမှုများနှင့်ပတ်သက်၍ "နိုင်ငံရေးဆွေးနွေးပွဲများပြုလုပ်နေသော်လည်း ပစ်ခတ်တိုက်ခတ်မှုများကို ထိန်းသိမ်းမထားနိုင်လျှင် ဆွေးနွေးပွဲများကို နောက်ပြန်ဆွဲသလိုဖြစ်နိုင်ကြောင်း၊ ထို့ကြောင့် ပစ်ခတ်တိုက်ခိုက်မှုများကို အမြန်ဆုံးရပ်စဲရန်နှင့် ပစ်ခတ်တိုက်ခိုက်မှုများ မဖြစ်ပွားစေရန်အတွက် စောင့်ကြပ်ထိန်းသိမ်းသွားမည့်အဖွဲ့များကို အမြန်ဆုံး ဖွဲ့စည်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ မည်သည့်အစိုးရတာဝန်ယူသည်ဖြစ်စေ မိမိတို့အစပျိုးခဲ့သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဆက်လက်အကောင်အထည်ဖော်နိုင်ရန်အတွက် ခိုင်မာသည့်အုတ်မြစ်ကို ချပေးရန်လိုအပ်ပါကြောင်း" နိုင်ငံတော်သမ္မတက တိုင်းပြည်အကျိုးကို မြော်မြင်ရှေးရှု၍ ပွင့်ပွင့်လင်းလင်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူများ၏ ဆန္ဒနှစ်ရပ်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို နိုင်ငံတော်က လက်တွေ့ကျကျအကောင်အထည်ဖော် ဆောင်ရွက်ပေးနေပြီဖြစ်သည်။ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် ပြည်တွင်းငြိမ်းချမ်းရေးရရှိရေးသည် အရေးကြီးသော လုပ်ငန်းစဉ်ဖြစ်သည်။ တိုင်းရင်းသားပြည်သူအားလုံးအနေဖြင့် မတူကွဲပြားမှုများကို နားလည်လက်ခံရန်လိုအပ်ပြီး မတူညီမှုများကို ရန်ဘက်သဖွယ်သဘောမထားဘဲ ဘုံသဘောတူညီချက်များကို ရှာဖွေပြီး ပူးပေါင်းဆောင်ရွက်မှသာ ပြည်သူများ၏ဆန္ဒများကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။ ပဋိပက္ခဖြစ်ပွားခြင်းသည် မည်သည့်ဘက်မှအနိုင်ရလေ့မရှိဘဲ ဆုံးရှုံးနစ်နာခြင်းများသာ အဖတ်တင်လေ့ရှိသည်ကို သတိပြုရမည်ဖြစ်သည်။

ထို့အပြင် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးရေးအတွက် နိုင်ငံရေးပြုပြင်ပြောင်းလဲမှု၏အရေးကြီးပုံကို "ကျွန်တော်တို့ ဆောင်ရွက်နေတဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်လေးရပ်ထဲမှာ နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုက အရေးအကြီးဆုံးနဲ့ သိမ်မွေ့နက်နဲမှုအရှိဆုံး ဖြစ်ပါတယ်။ နိုင်ငံတည်ငြိမ်အေးချမ်းဖို့နဲ့ ပြည်သူများရဲ့ အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုအတွက် နိုင်ငံရေးအခြေအနေများ တည်ငြိမ်စွာဖြစ်ထွန်းတိုးတက်ဖို့ လိုအပ်ပါတယ်။ ကျွန်တော်တို့နိုင်ငံနဲ့ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး လုပ်ငန်းများကို တစ်ချိန်တည်းနီးပါးစတင်ခဲ့တဲ့ နိုင်ငံအချို့မှာ ပြည်တွင်း ပဋိပက္ခများ၊ စစ်ပွဲများနဲ့ အတိဒုက္ခရောက်နေတာကို သင်ခန်းစာယူဖို့လိုအပ် ပါတယ်။ ဒီလိုမဖြစ်စေဖို့အတွက် ကျွန်တော်တို့အားလုံး ပူးပေါင်းဆောင်ရွက် သွားဖို့ လိုအပ်ပါတယ်" ဟု နိုင်ငံတော်သမ္မတက သမိုင်းသက်သေများနှင့်တကွ အထူးဂရုမူ ဆောင်ရွက်ကြရန် ပြောကြားထားသည်။

ထို့ကြောင့် နိုင်ငံတော်အနေဖြင့် ရှေ့ဆက်လက်ပြီး ပြည်သူပြည်သားများအတွက် ပိုမိုကောင်းမွန်ပြည့်စုံသော အနာဂတ်များကို ပိုင်ဆိုင်နိုင်ဖို့ ဖန်တီးပေးမည်ဟု သန္နိဋ္ဌာန်ပြုပြီးဖြစ်ရာ ပြည်ထောင်စုသားတိုင်းရင်းသား အပေါင်းတို့က ပြည်ထောင်စုကြီးအကျိုးအတွက် တည်ငြိမ်အေးချမ်းရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ညီညီညွတ်ညွတ်ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါသည်။ ။

# ကူးစက်တတ်သော ရောဂါများထက် မကူးစက်နိုင်သော ရောဂါများ၏ ခြိမ်းခြောက်မှုအန္တရာယ် ပိုမိုမြင့်တက်လာ

**ရန်ကုန် ဇန်နဝါရီ ၆**

လူတို့၏ နေ့စဉ်နေထိုင်စားသောက်မှု ပုံစံများကြောင့်ကူးစက်တတ်သော ရောဂါများထက် မကူးစက်နိုင်သော ရောဂါများ၏ ခြိမ်းခြောက်မှုမှာ ပိုမို မြင့်တက်လာမည်ဖြစ်ပြီး လာမည့် ၂၀၂၀ ပြည့်နှစ် နောက်ပိုင်းတွင် ရောဂါဖြစ်ပွားမှုများ၏ ၇၀ ရာခိုင်နှုန်းမှာ မကူးစက်နိုင်သောရောဂါများကြောင့် ဖြစ်လာနိုင်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ ဆရာဝန်ကြီးများ၏ သုတေသနစာတမ်းပြုစုတင်ပြချက်များအရ သိရသည်။

ယခင်က ကူးစက်တတ်သောရောဂါများ၏ ခြိမ်းခြောက်မှုမှာ ပိုမိုကြောက်စရာကောင်းခဲ့သော်လည်း လက်ရှိအချိန်တွင် လူတို့၏နေ့စဉ်နေထိုင်ပြုမူစားသောက်မှုဘဝပုံစံများကြောင့် ကူးစက်နိုင်သော ရောဂါများထက် လူတစ်ဦးနှင့်တစ်ဦး ကူးစက်နိုင်မှုမရှိသော ရောဂါများ၏အန္တရာယ်က ပိုမိုကြီးထွားလာသည်ဟု သိရသည်။

"ကူးစက်နိုင်တဲ့ရောဂါတွေထက် တစ်ဦးနဲ့တစ်ဦး မကူးစက်နိုင်တဲ့ရောဂါတွေက ပိုမိုအဖြစ်များလာတာကို တွေ့ရပါတယ်။ လူတွေရဲ့ နေ့စဉ်နေထိုင်စားသောက်မှုပုံစံတွေကြောင့် အဖြစ်များလာတာ အများဆုံးပါပဲ။ မျိုးရိုးလိုက်တာလည်း မဟုတ်ဘူး၊ တစ်ဦးနဲ့တစ်ဦး ကူးစက်တာမဟုတ်ဘူး။ ဆေးလိပ်မသောက်၊ အရက်မသောက်၊ ကွမ်းမစားဘဲနဲ့ ဖြစ်ပေါ်နေတဲ့ရောဂါတွေ အများကြီးပဲ။ ကင်ဆာရောဂါဆိုရင် မျိုးရိုးလိုက်မှုကြောင့်လည်း ဖြစ်ပေါ်နိုင်ပေမယ့် အဖြစ်များနေတဲ့ပမာဏကတော့ နေထိုင်စားသောက်မှုပုံစံတွေကြောင့်ပါပဲ။ ဆီးချို၊ သွေးတိုး၊ နှလုံး၊ အာရုံကြောရောဂါတွေ အဖြစ်များလာတယ်။ ကျန်းမာရေးနဲ့ညီညွတ်တဲ့ နေထိုင်စားသောက်မှုပုံစံတွေဖြစ်ဖို့ လိုပါတယ်။ အရင်က ကူးစက်ရောဂါတွေရဲ့ ခြိမ်းခြောက်မှုက ကြီးခဲ့ပေမယ့် ၂၀၂၀ ပြည့်နှစ်နောက်ပိုင်းမှာတော့ မကူးစက်နိုင်တဲ့ရောဂါတွေရဲ့ ဖြစ်ပွားမှုနှုန်းက ၇၀ ရာခိုင်နှုန်းအထိ ရှိလာနိုင်ပါတယ်"ဟု ကင်ဆာရောဂါအထူးကု ဆရာဝန်ကြီးတစ်ဦးက ကျန်းမာရေးဟောပြောပွဲတစ်ခုတွင် ထည့်သွင်းပြောကြားခဲ့သည်။

နေ့စဉ်စားသုံးနေသော စားသောက်ကုန်များတွင် ကျန်းမာရေးနှင့်မညီညွတ်သော၊ စားသုံးရန် မသင့်သော အစားအစာများကို ရေရှည်စားသုံးမိ၍ ကင်ဆာရောဂါ၊ အသည်းရောဂါ အပါအဝင် အခြားသောရောဂါများ ဖြစ်ပွားလျက်ရှိသည်။ တာရှည်ခံ အစားအစာများ၊ အသင့်စား(ရယ်ဒီမိတ်)အစားအစာများတွင် တာရှည်ခံရန် ဓာတုပစ္စည်းများ ပါဝင်သည့်အတွက် ရေရှည်စားသုံးရန် မသင့်ကြောင်း၊ ယင်းအပြင် မီးဖြင့် တိုက်ရိုက်ထိတွေ့ကာ ကင်ထားသော မကျက်တကျက်အသားကင်များ၊ တူးနေသော အသားများ၊ မသန့်သော ဆီများ၊ ဓာတုဆိုးဆေးပါသော အရောင်တင်မှုန့်၊ မှိုတက်နေသော ငရုတ်သီးမှုန့်များ၊ ဆေးလိပ်၊ ကွမ်း၊ အရက်သေစာ စားသုံးမှုများ၊ ယင်းသို့ ဆေးလိပ်၊ ကွမ်း၊ အရက်သောက်သုံးမှုမပြုသော်လည်း အထက်ပါကဲ့သို့ နေ့စဉ်စားသုံးနေသော၊ နေ့စဉ်သုံးစွဲနေသောကိစ္စရပ်များတွင် ကျန်းမာရေးနှင့် မညီညွတ်သော နေထိုင်စားသောက်ပြုမူမှုများကြောင့်လည်း ကျန်းမာရေးထိခိုက်ကာ ကင်ဆာရောဂါအပါအဝင် နာတာရှည်ဖြစ်ပွားနိုင်သော ရောဂါများ၊ အသက်အန္တရာယ်ထိခိုက်ဆုံးရှုံးမှုများ ဖြစ်ပေါ်နေခြင်းဖြစ်သည်ဟု သိရသည်။

"၂၀၁၅ ခုနှစ် နောက်ပိုင်း ထောင်စုနှစ်ရည်မှန်းချက်အနေနဲ့ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုတွေ ပေးသွားနိုင်ဖို့ အားလုံးကို ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ဖို့ လုပ်နေပါတယ်။ ကမ္ဘာက ပံ့ပိုးမှုတွေလည်းလုပ်နေပါတယ်။ အခုဆိုရင် ကူးစက်နိုင်တဲ့ ရောဂါတွေထက် မကူးစက်နိုင်တဲ့ ရောဂါတွေ ပိုများလာတယ်။ ၂၀၂၀ အကုန်မှာ မကူးစက်နိုင်တဲ့ရောဂါတွေကြောင့် ဖြစ်ပွားမှုဟာ ၇၀ ရာခိုင်နှုန်း ဖြစ်နိုင်ပါတယ်၊ အခြေခံကျန်းမာရေးစောင့်ရှောက်မှုတွေ ပိုလုပ်နိုင်ဖို့ ရန်ပုံငွေ၊ အာမခံစနစ်၊ စီမံစွမ်းရည်မြှင့်တင်နိုင်ဖို့၊ ကျန်းမာရေး သတင်းပေးစနစ် ပိုမိုအားကောင်းအောင်လုပ်ဖို့လိုပါတယ်"ဟု ဒေါက်တာဒေါ်မေခင်သန်းက ကျန်းမာရေးဝန်ကြီးဌာနနှင့် တောင်ကိုရီးယားနိုင်ငံ KOFIH တို့ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် လှည်းကူးမြို့နယ်၏ ပဏာမကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းစတင်ခြင်း အခမ်းအနားတွင် ထည့်သွင်းပြောကြားသွားခဲ့သည်။ **(ဝဝ၁)**



## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဇန်နဝါရီ ၆**

| | | | | | | |
|---|---|---|---|---|---|---|
| ရန်ကုန် ရွှေဈေး | ၆၆၃၄၀၀ - ၆၆၄၄၀၀ | | (ခ) | ဥရောပ | တစ်ယူရို | = ၁၂၂၃. ၅ |
| မန္တလေး ရွှေဈေး | ၆၆၃၄၀၀ - ၆၆၄၄၀၀ | | (ဂ) | စင်ကာပူ | တစ်ဒေါ်လာ | = ၇၆၈. ၁၆ |
| **စက်သုံးဆီဈေးနှုန်း** | | | (ဃ) | တရုတ် | တစ်ယွမ် | = ၁၆၅. ၁၆ |
| (က) ဒီဇယ် | တစ်လီတာ | ၇၈၀ ကျပ် | (င) | ထိုင်း | တစ်ဘတ် | = ၃၁. ၀၉၈ |
| (ခ) အောက်တိန်း95 | တစ်လီတာ | ၁၀၀၀ ကျပ် | (စ) | မလေးရှား | တစ်ရင်းဂစ် | = ၂၈၈. ၆၁ |
| (ဂ) အောက်တိန်း92 | တစ်လီတာ | ၇၃၀ ကျပ် | (ဆ) | အိန္ဒိယ | တစ်ရူပီး | = ၁၆. ၁၈၁ |
| (ဃ) ဓာတ်ဆီ | တစ်လီတာ | ၈၁၅ ကျပ် | (ဇ) | ဂျပန် | တစ်ရာယန်း | = ၈၅၈. ၈၅ |
| **နိုင်ငံခြားငွေလဲလှယ်နှုန်း** | | | (ဈ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၉၃. ၁၇၃ |
| (က) အမေရိကန် | တစ်ဒေါ်လာ | = ၁၀၂၅. ၀ | (ည) | ဩစတြေးလျ | တစ်ဒေါ်လာ | = ၈၃၁. ၃၇ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**



# စီမံကိန်းလုပ်ငန်းကြီးများ အောင်မြင်ရေး ပူးပေါင်းဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၆**

ယနေ့နံနက် ၇ နာရီခွဲက မြန်မာ့လယ်ယာစီးပွားအများပိုင်ကုမ္ပဏီလီမိတက် MAPCO မှ နေပြည်တော်ကောင်စီ ရှစ်မြို့နယ်တွင် ပုလဲသွယ်စပ်မျိုးစပါး ဧကတစ်သောင်း စိုက်ပျိုးထုတ်လုပ်ရန်အတွက် တောင်သူများနှင့် (Contract Farming) ကန်ထရိုက်စိုက်ပျိုးရေးစနစ် အကောင်အထည်ဖော်မည့် ဆွေးနွေးပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်ရွှေနှင့် ဗိုလ်မှူးကြီးမင်းအောင်သန်း၊ MAPCO ကုမ္ပဏီအုပ်ချုပ်မှုဒါရိုက်တာ ဦးရဲမင်းအောင်နှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် တောင်သူအင်အား ၅၀၀ တို့ ပါဝင်တက်ရောက်ကြပြီး ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကား ပြောကြားရာတွင် ရေရှည်တည်တံ့ခိုင်မြဲသော လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအခန်းကဏ္ဍမှ ပါဝင်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် တောင်သူများ၏ ဝင်ငွေနှင့် လူနေမှုဘဝ ပိုမို၍ဖွံ့ဖြိုးတိုးတက်လာရေးအတွက် လက်တွေ့ဝင်ငွေနှစ်ဆ တိုးတက်စေရေးရည်မှန်းချက်များထားရှိပြီး ကြိုးပမ်းလုပ်ဆောင်လျက်ရှိကြောင်း၊ နိုင်ငံတော်သမ္မတ၏ လယ်ယာကဏ္ဍဆိုင်ရာ ပြုပြင်ပြောင်းလဲရေးမူဝါဒလုပ်ငန်းစဉ်ငါးရပ်ကို တစ်ရာသီပြီး တစ်ရာသီ နေပြည်တော်ကောင်စီနယ်မြေကို ဗဟိုပြု၍ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ တစိုက်မတ်မတ်တိုးတက်အောင် ဆောင်ရွက်လျက်ရှိရာ ယခုကဲ့သို့ ပုဂ္ဂလိကအခန်းကဏ္ဍမှ လယ်ယာကဏ္ဍတွင် ရင်းနှီးမြှုပ်နှံပြီး (Contract Farming) စနစ်ဖြင့် ဧကတစ်သောင်းကို ပုလဲသွယ်စပ်မျိုးစပါးများ စိုက်ပျိုးထုတ်လုပ်ရန် ယနေ့ တောင်သူလယ်သမားများနှင့် ဆွေးနွေးညှိနှိုင်းခြင်းအခမ်းအနားသည် နိုင်ငံတော်အတွက် လိုအပ်လျက်ရှိသော ပုဂ္ဂလိကလုပ်ငန်းရှင်များ အခန်းကဏ္ဍ၏ အရေးပါမှု(ကွက်လပ်တစ်ခု)ကို ဖြည့်ဆည်းပေးနိုင်ခြင်းဖြစ်ကြောင်း။

၎င်းအကောင်အထည်ဖော်မည့် ဧကတစ်သောင်း (Contract Farming) ကန်ထရိုက်စိုက်ပျိုးရေးနစ် ထိရောက်အောင်မြင်ရေးအတွက် ကုမ္ပဏီအပိုင်း၊ တောင်သူအပိုင်းတို့တွင် အပြန်အလှန်အကျိုးကျေးဇူးရရှိစေရေးနှင့် ရေရှည်တည်တံ့ခိုင်မာသည့် စနစ်ကောင်းတစ်ခု ပေါ်ထွန်းလာရေးအတွက် ကုမ္ပဏီများနှင့် တောင်သူများအကြား အပြန်အလှန်သစ္စာရှိမှု၊ ယုံကြည်မှု၊ အထောက်အကူပြုမှု၊ နားလည်မှု၊ ကတိကဝတ် သဘောတူညီချက်များ ခိုင်ခိုင်မာမာလုပ်ဆောင် အကောင်အထည်ဖော်ကြရန် လိုအပ်ကြောင်း။

ကုမ္ပဏီများဘက်မှ မျိုးစေ့များ ဖြန့်ဖြူးပေးခြင်း၊ ဓာတ်မြေဩဇာများနှင့် သွင်းအားစုများ အကူအညီပေးခြင်း၊ စိုက်ပျိုးစရိတ်ထုတ်ပေးခြင်း၊ ထွန်ယက်ခြင်းလုပ်ငန်း၊ ရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်းများအတွက် စက်ယန္တရားကြီးများဖြင့် ဝန်ဆောင်မှုပေးခြင်းလုပ်ငန်းများသည် ကျေးဇူးတင်ရှိရမည့် လုပ်ဆောင်ချက်များဖြစ်ကြောင်း။

တောင်သူလယ်သမားများအပိုင်းမှလည်း မိမိတို့၏ စိုက်ပျိုးရေးထွက်ကုန် ပုလဲသွယ်စပ်မျိုးစပါးကို အရည်အသွေးထိန်းသိမ်းခြင်း အပါအဝင် နှစ်ဖက်သဘောတူညီမှုအချက်များအား ခိုင်ခိုင်မာမာ လေးစားလိုက်နာကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဝင် ဦးမြင့်ရွှေက MAPCO ကုမ္ပဏီ၏ စက်မှုလယ်ယာစနစ်ဝန်ဆောင်မှုပေးမည့် လုပ်ငန်းစဉ်များနှင့် (Contract Farming) ကန်ထရိုက်စိုက်ပျိုးရေးအကောင်အထည်ဖော်မည့် လုပ်ငန်းစဉ်များအပေါ် ကျေးဇူးတင်အမှာစကား ပြောကြားသည်။

ထို့နောက် MAPCO ကုမ္ပဏီအုပ်ချုပ်မှုဒါရိုက်တာ ဦးရဲမင်းအောင်က တန် ၂၂၀ ကျ ခေတ်မီဆန်စက်တည်ဆောက် လည်ပတ်ရခြင်း၏ ရည်ရွယ်ချက်နှင့် ဧကတစ်သောင်း (Contract Farming) ကန်ထရိုက်စိုက်ပျိုးရေးစနစ် အကောင်အထည်ဖော်မည့် ရေတိုရေရှည်စီမံကိန်းများကို လည်းကောင်း၊ မြန်မာ့ဘဲလ်ကုမ္ပဏီ အမှုဆောင်အရာရှိချုပ် ဦးရဲမြင့်မောင်က နေပြည်တော်ကောင်စီနယ်မြေတွင် အကောင်အထည်ဖော်ရန် ဂျပန်နိုင်ငံနှင့် ပူးပေါင်းပြီး တစ်နေ့ တန် ၂၀၀၀ ကျ ခေတ်မီအအေးခန်းစက်ရုံနှင့် ခေတ်မီထုပ်ပိုးစက်ရုံ တည်ဆောက်၍ လယ်ယာထွက်ကုန်များ အဆင့်မြင့်တင်ပြီး ဂျပန်နိုင်ငံနှင့် ကိုရီးယားနိုင်ငံများသို့ တင်ပို့မည့် လုပ်ငန်းစဉ်များကို လည်းကောင်း၊ New Ayer Company မှ Operation Director ဦးဇော်တောင်က စက်စက်ယိုဆည်ရေသောက်စနစ် ဧက (၉၀၀) စိုက်ကွင်းတွင် တစ်နေ့ တန် ၅၀၀ ကျ ခေတ်မီအအေးခန်းစက်ရုံနှင့် ခေတ်မီထုပ်ပိုးစက်ရုံထူထောင်ပြီး သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များကို အဆင့်မြင့်တင်၍ ပြည်ပဈေးကွက်များသို့ တင်ပို့ရောင်းချရန် စီစဉ်ဆောင်ရွက်နေသည့် လုပ်ငန်းအစီအစဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်းက သိပ္ပံနည်းကျ GAP စိုက်နည်းစနစ် (Good Agriculture Practice)၏ အရေးပါမှု၊ နိုင်ငံတကာ စံချိန်စံညွှန်း (I.S.O) သတ်မှတ်ချက်များနှင့် ကိုက်ညီစွာ စိုက်ပျိုးထုတ်လုပ်ကြရန် အသေးစိတ်ဆွေးနွေးသည်။

ထို့နောက် ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့နှင့် သွင်းအားစု၊ စိုက်ပျိုးစရိတ်ငွေများကို တောင်သူများလက်ဝယ်သို့ ပေးအပ်ခြင်းအခမ်းအနားကို ဆက်လက်ပြုလုပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် MAPCO ၏ တန် ၂၂၀ ကျ ဆန်စက်ရုံတွင် အခြောက်ခံစက် တပ်ဆင်ပြီးစီးမှု၊ ဆာတာကေး ဆန်ကြိတ်ခွဲစက် တပ်ဆင်ပြီးစီးမှု၊ စက်ကိရိယာပစ္စည်းများ စုံညီစွာ ရောက်ရှိနေမှုများနှင့် စက်ရုံဝင်းအတွင်း တောင်သူလယ်သမားများကို စက်မှုလယ်ယာဝန်ဆောင်မှုပေးရန် ခင်းကျင်းပြသထားသည့် ခေတ်မီထွန်စက်များ၊ ခေတ်မီရိတ်သိမ်းခြွေလှေ့စက်များကို ကဏ္ဍအလိုက် ကြည့်ရှုအားပေးပြီး စီမံကိန်းလုပ်ငန်းကြီးများ အောင်မြင်ရေးအတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ စိုက်ပျိုးရေးပညာရှင်များ၊ တောင်သူလယ်သမားများ အသီးသီးတို့က ပူးပေါင်းပါဝင်ဆောင်ရွက်ရန် လိုအပ်ချက်များကို ရင်းရင်းနှီးနှီး ဆွေးနွေးညှိနှိုင်းခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ဆန်ကြိတ်ခွဲစက်တပ်ဆင်ပြီးစီးမှုနှင့် ခေတ်မီထွန်စက်များအား ကြည့်ရှုစဉ်။**
(သတင်းစဉ်)



---

# သက်ရှည်ကျန်းမာဝင်ငွေတိုး အော်ဂဲနစ်နည်းဖြင့်စိုက်ပျိုး

**ရန်ကုန် ဇန်နဝါရီ ၆**

ဒေါက်တာခင်မောင်လွင် (Fame) ရေးသားထုတ်ဝေသော အော်ဂဲနစ်စိုက်ပျိုးရေး၊ အော်ဂဲနစ်အစားအစာများနှင့် ကျန်းမာရေးစာအုပ်သစ် မိတ်ဆက်ပွဲအခမ်းအနားကို ဇန်နဝါရီ ၆ ရက်တွင် ဆီဒိုးနားဟိုတယ်၌ ပြုလုပ်ခဲ့ရာ အော်ဂဲနစ် စိုက်ပျိုးရေးစနစ်၊ အော်ဂဲနစ်အစားအစာများ၊ အော်ဂဲနစ်ဆေးဝါးများကို စိုက်ပျိုးထုတ်လုပ်သည့် နည်းစနစ်များအပါအဝင် လူအများအတွက် ကျန်းမာရေးကို အထောက်အကူပြုရုံမက ကမ္ဘာမြေကြီးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် မည်မျှအရေးပါသည်ကို မြန်မာစာဖတ်ပရိသတ်များ သိရှိစေလို၍ ဖြစ်ကြောင်း အဆိုပါအခမ်းအနားမှ သိရသည်။

အော်ဂဲနစ်စိုက်ပျိုးရေးဆိုသည်မှာ ကမ္ဘာမြေကြီးနှင့် လူသတ္တဝါများကို များစွာအကျိုးပြုပြီး ဓာတုနည်းဖြင့်ပြုလုပ်ထားသည့် ဓာတ်မြေဩဇာ၊ ဓာတုပိုးသတ်ဆေး၊ ဓာတုပေါင်းသတ်ဆေးများကို အသုံးမပြုဘဲ သဘာဝနည်းပညာများကိုသာ အခြေခံ၍ သိပ္ပံနည်းကျစိုက်ပျိုးထုတ်လုပ်သည့် ဓာတုလွတ်စိုက်ပျိုးရေးစနစ် ဖြစ်ပါသည်။

အပင်တစ်ပင်ကြီးထွားဖို့အတွက် လိုအပ်သော မြေဩဇာများကို သဘာဝနည်းဖြင့် ပြုလုပ်ထားသော မြေဆွေးများ၊ တီကောင်များကဲ့သို့ သတ္တဝါငယ်များမှ ထုတ်လုပ်သော စွန့်ပစ်ပစ္စည်းများ၊ နွားချေးကဲ့သို့ တိရစ္ဆာန်စွန့်ပစ်ပစ္စည်းများနှင့် သိပ္ပံနည်းကျထုတ်လုပ်ထားသော အကျိုးပြုဗက်တီးရီးယားများမှရရှိသော မြေဩဇာများကို အသုံးပြု၍ စိုက်ပျိုးခြင်းဖြစ်သည်။ ယင်းသဘာဝမြေဩဇာများကို မိမိခြံတွင်သာ ပြုလုပ်နိုင်သည့်အတွက် စွမ်းအင်ချွေတာရာရောက်သည့်အပြင် ဓာတုမြေဩဇာများနှင့် ပိုးသတ်ဆေးများအသုံးမပြုခြင်းကြောင့် သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုကို သက်သာစေသည်။ ထို့အပြင် သီးနှံဖျက်ပိုးမွှားများရန်မှ ကာကွယ်ရန်အတွက် သဘာဝနည်းလမ်းပေါင်းစုံ အသုံးပြု၍ စိုက်ပျိုးရသောကြောင့် လူကိုအကျိုးပြု ပိုးမွှားများနှင့် တိရစ္ဆာန်များကို ကာကွယ်ရာရောက်သည့် ခေတ်မီသိပ္ပံနည်းစနစ်တစ်ခုဖြစ်ပါသည်။

ထို့ကြောင့် အော်ဂဲနစ်နည်းစနစ်ဖြင့် စိုက်ပျိုးထားသော သီးနှံများသည် သာမန်သဘာဝနည်းဖြင့် စိုက်ပျိုးထုတ်လုပ်ထားမှုထက် များစွာပိုမိုနက်ရှိုင်းသည့် စည်းမျဉ်းစည်းကမ်းဖြင့် စိုက်ပျိုးထုတ်လုပ်ရသောကြောင့် အဆင့်အတန်း မြင့်မားသည့် အစားအစာများဖြစ်သည်။

သမားရိုးကျစိုက်ပျိုးရေးစနစ်တွင် သဘာဝမဟုတ်သော ဓာတုဓာတ်မြေဩဇာများကို အသုံးပြုထုတ်လုပ်နေခြင်းသည် သဘာဝပတ်ဝန်းကျင်၊ လူနှင့် တိရစ္ဆာန်များပေါ်တွင် ဘေးဥပဒ်ဆိုးကျိုးများစွာ ဖြစ်စေနိုင်ပါသည်။ အလွန်သေးငယ်သည့် အကျိုးပြုပိုးမွှားများနှင့် တိရစ္ဆာန်ငယ်များသည် ပိုးသတ်ဆေးအနံ့အနည်းငယ်ကို ရှူမိရုံဖြင့် တစ်ခါတည်း သေစေနိုင်ပြီး လူနှင့်ကျွဲ၊ နွား တိရစ္ဆာန်များမှာမူ ပိုးသတ်ဆေးဖျန်းထားသော သီးနှံအစားအစာများအား စားသုံးနေရခြင်းကြောင့် လတ်တလောတွင် မသေစေနိုင်သော်လည်း ကြာရှည်စွာကြုံတွေ့လာပါက ဓာတုဆေးများ ခန္ဓာကိုယ်တွင်း ဝင်ရောက်မှုများပြားလာပြီး ဦးနှောက်နှင့် အာရုံကြောဆိုင်ရာရောဂါများ၊ မျိုးပွားအင်္ဂါများ ထိခိုက်ပျက်စီးခြင်း၊ ဟော်မုန်းစနစ်များ ချို့ယွင်းခြင်း၊ ခန္ဓာကိုယ်တွင်း အင်္ဂါအစိတ်အပိုင်းများ ထိခိုက်ပျက်စီးစေခြင်းတို့ကြောင့် ကင်ဆာကဲ့သို့ ကြောက်စရာကောင်းသည့် ရောဂါများ ဖြစ်လာနိုင်ပါသည်။ ထို့အပြင် ဓာတုပိုးသတ်ဆေးနှင့် ဓာတ်မြေဩဇာများ အသုံးပြုမှုများပြားလာခြင်းကြောင့် စိုက်ပျိုးမြေ အရည်အသွေး တဖြည်းဖြည်းကျဆင်းလာသည့်အပြင် မြေကြီးတွင်းမှဇီဝအပင်၊ အကျိုးပြုပိုးမွှားများ သေကျေပျက်စီးကာ သဘာဝမြေဆီလွှာကို ပျက်သုဉ်းစေခြင်းဖြစ်သည်။

ထို့ကြောင့် လွန်ခဲ့သောနှစ်ပေါင်း ဆယ်စုနှစ်ကပင် နိုင်ငံတော်မှ “စပါးကရွှေ ငါးကငွေ” ဟုဆောင်ပုဒ်ဖြင့် လယ်သမားများ လယ်စပါးစိုက်ခင်းများအတွင်း ငါးများ ပါမွေးမြူကြရန် တိုက်တွန်းခဲ့သလို “သစ်ပင်စိုက်ပါ၊ ပျားမွေးပါ နှစ်ဖြာအကျိုး ဒို့သည်ပိုး” ဟူသည့် ဆောင်ပုဒ်များဖြင့် တိုက်တွန်းခဲ့သည်။ ထိုကဲ့သို့ ငါးနှင့် ပျားမွေးမြူခြင်းမှလည်း သဘာဝစိုက်ပျိုးရေးကို များစွာအကျိုးဖြစ်ထွန်းစေပြီး ဝင်ငွေတိုးစေပါသည်။ ပျားများသည် ဝတ်မှုန်ကူးခြင်းကို သာမက အဖျက်ပိုးများကိုလည်း တိုက်ထုတ်နိုင်စွမ်းရှိကြသည်။ ပြည်ပနိုင်ငံများတွင် ပိုးမွှားရန်ကာကွယ်ရေးပျားများအဖြစ် (fighter bees) များကို မွေးမြူကာ သီးနှံစိုက်ခင်းများကို အဖျက်ပိုးမွှားရန်မှ ကာကွယ်ကြသည်။

၁၉၇၂ ခုနှစ်ခန့်တွင် ပြင်သစ်နိုင်ငံ လယ်သမားအဖွဲ့ချုပ်က ဦးဆောင်၍ နိုင်ငံတကာတွင် အော်ဂဲနစ်စိုက်ပျိုးရေးစနစ် ရှင်သန်ဖွံ့ဖြိုးစေရန် အပြည်ပြည်ဆိုင်ရာ အော်ဂဲနစ်အဖွဲ့ (IFOAM) ကို စတင်တည်ထောင်ခဲ့ကြသည်။ မြန်မာနိုင်ငံတွင်လည်း ၂၀၀၆ ခုနှစ်တွင် အော်ဂဲနစ်အစုအဖွဲ့ MOAG ကို စတင်တည်ထောင်ဖွဲ့စည်းခဲ့သည်။ ယင်းအဖွဲ့မှ မြန်မာ့အော်ဂဲနစ် လယ်ယာစိုက်ပျိုးထုတ်လုပ်သူများကို အခကြေးငွေမယူဘဲ မြန်မာနိုင်ငံမှ အော်ဂဲနစ်သီးနှံများ၊ ထုတ်ကုန်များကို စစ်ဆေးအတည်ပြု၍ အော်ဂဲနစ်စစ်မှန်ကြောင်း နိုင်ငံတော်အဆင့် အသိအမှတ်ပြု ဆောင်ရွက်ပေးလျက်ရှိသည်။ ယခုနှစ်အထိ အော်ဂဲနစ် စိုက်ပျိုးသူ ၅၀ ကျော်ရှိပြီဖြစ်သည်။

သို့သော်လည်း ဓာတုစိုက်ပျိုးနည်းစနစ်မှ အော်ဂဲနစ်စိုက်ပျိုးနည်းစနစ်သို့ ပြောင်းလဲရာတွင် မြေဆီလွှာသည် ဓာတုဆေးများ သုံးထားသဖြင့် သုံးနှစ်နီးပါးကြာ အချိန်ယူရပါသည်။ ထို့အပြင် စိုက်ပျိုးမြေဧကရရှိမှု၊ ငွေကြေး၊ နည်းပညာ အခက်အခဲများစွာရှိပြီး သဘာဝအထွက်နှုန်းမှာ နည်းလေ့ရှိသဖြင့် စားသုံးသူဈေးကွက်တွင်လည်း အော်ဂဲနစ်သီးနှံများ၏ဈေးနှုန်းမှာ ဓာတုဆေးသုံးသီးနှံများထက် ဈေးနှုန်းများပြားသည်။ သို့သော် ပြောင်းလည်းဖြစ်ထွန်းအောင်မြင်သွားပါက ရေရှည်တွင် စိုက်ပျိုးစရိတ်သက်သာလာမည့်အပြင် စိုက်ပျိုးရရှိသော သီးနှံများကိုလည်း ပြည်ပသို့ တင်ပို့ရောင်းချပါက ဈေးကောင်းရရှိသောကြောင့် ထုတ်လုပ်သူများကို အကျိုးစီးပွားဖြစ်ထွန်းစေမည်ဖြစ်သည်။ စားသုံးသူများကိုလည်း ကျန်းမာရေးသုခများစွာဖြင့် သက်ရှည်ကျန်းမာစေနိုင်မည်ဖြစ်သည်။

အော်ဂဲနစ်စိုက်ပျိုးရေးစနစ်သည် သက်ရှည်၊ ကျန်းမာ ဝင်ငွေတိုးစေသည့်အပြင် နောင်လာမည့် မျိုးဆက်သစ်များအတွက် သန့်ရှင်းကောင်းမွန်သော သဘာဝပတ်ဝန်းကျင်ကိုရရှိစေပြီး နိုင်ငံတော်တိုးတက်ဖွံ့ဖြိုးစေရန်အတွက်လည်း တစ်ဖက်တစ်လမ်းမှ များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း ဒေါက်တာခင်မောင်လွင် (Fame) ရေးသားသော အော်ဂဲနစ်စိုက်ပျိုးရေး၊ အော်ဂဲနစ် အစားအစာများနှင့် ကျန်းမာရေး စာအုပ်သစ် မိတ်ဆက်ပွဲ အခမ်းအနားမှ လေ့လာသိရှိရသည်များကို မျှဝေအပ်ပါသည်။

**(သန့်ဇင်ဝင်း၊ ခင်ဇာလီ)**

# မြောက်ကိုရီးယားတွင် ဆိုက်ဘာစစ်သည် ၆၀၀၀ ရှိ

**ဆိုးလ်  ဖန်နဝါရီ  ၆**

မြောက်ကိုရီးယားတွင် တောင်ကိုရီးယားစစ်ဘက်နှင့် အစိုးရကို နှောင့်ယှက်တိုက်ခိုက်ရန် သီးသန့်ဖွဲ့စည်းထားသည့် ဆိုက်ဘာတိုက်ခိုက်ရေးစစ်သည်အဖွဲ့ဝင် ၆၀၀၀ ရှိသည်ဟု တောင်ကိုရီးယားနိုင်ငံက ပြောကြားသည်။ အဆိုပါကိန်းဂဏန်းသည် မြောက်ကိုရီးယားတွင် ဆိုက်ဘာတိုက်ခိုက်ရေးတပ်ဖွဲ့ဝင် ၃၀၀၀ ခန့်ရှိမည်ဟု တောင်ကိုရီးယားနိုင်ငံက ခန့်မှန်းထားသည်ထက် သိသိသာသာတိုးလာခြင်းဖြစ်သည်။

တောင်ကိုရီးယား ကာကွယ်ရေးဝန်ကြီးဌာနက ဖန်နဝါရီ ၆ ရက်တွင် ထုတ်ပြန်သော အစီရင်ခံစာတစ်စောင်တွင် မြောက်ကိုရီးယားနိုင်ငံသည် မကြာသေးမီက ဒုံးကျည်နည်းပညာတိုးတက်လာမှုကြောင့် ယခုအခါ အမေရိကန်နိုင်ငံအထိ ပစ်ခတ်တိုက်ခိုက်နိုင်စွမ်းရှိကြောင်းနှင့် အသေးစားနျူကလီးယားထိပ်ဖူးတပ်ဒုံးကျည်များလည်း အဆင့်မြှင့်တင်ရန် ကြိုးပမ်းလျက်ရှိကြောင်း ဖော်ပြထားသည်။

မြောက်ကိုရီးယားခေါင်းဆောင်ကို လုပ်ကြံသတ်ဖြတ်သည့် စိတ်ကူးယဉ်ဇာတ်ကားတစ်ကား ရိုက်ကူးထုတ်လုပ်ခဲ့သည့် ဆိုနီရုပ်ရှင်ထုတ်လုပ်ရေးလုပ်ငန်းကို မြောက်ကိုရီးယားက ဆိုက်ဘာတိုက်ခိုက်မှုပြုလုပ်ခဲ့သည်ဟု အမေရိကန်နိုင်ငံက စွပ်စွဲထားသည်။

၁၉၅၀-၅၃ ကိုရီးယားစစ်ပွဲသည် ယာယီစစ်ပြေငြိမ်းခြင်းသဘောမျိုးဖြင့်သာ ပြီးဆုံးသွားခဲ့သည့်အတွက် ကိုရီးယားကျွန်းဆွယ်တွင် နည်းပညာဆိုင်ရာတိုက်ခိုက်မှုများ ရှိနေဆဲဖြစ်သည်။ **အေပီ။**

## ပါကစ္စတန် တာလီဘန်ခေါင်းဆောင်ဖမ်းမိရေး ဒေါ်လာ ၁၀၀၀၀၀ ဆုငွေထုတ်

**အစ္စလာမ္မာဘတ် ဖန်နဝါရီ ၆**

ပါကစ္စတန်နိုင်ငံ၏ တည်ငြိမ်မှုကင်းမဲ့နေသည့် ခိုင်ဘာ-ပက်ကွန်ဝါပြည်နယ်၌ ဖန်နဝါရီ ၅ ရက်၌ ပြည်နယ်အစိုးရက ကြေညာချက်ထုတ်ပြန်ရာတွင် ပြည်နယ်အတွင်းခိုအောင်းနေသည့် ပါကစ္စတန်တာလီဘန်အဖွဲ့ခေါင်းဆောင်အား အရှင် သို့မဟုတ် အသေ ဖမ်းဆီးရမိရေးအတွက် သတင်းပေးသူကို အမေရိကန်ဒေါ်လာ ၁၀၀၀၀၀ ချီးမြှင့်မည်ဟု ဖော်ပြသည်။

တာရက်ခ်အီး တာလီဘန် ပါကစ္စတန်(တီတီပီ)အဖွဲ့အကြီးအကဲ မူလာဖာဇူလာအား ဖမ်းဆီးရမိရေး သို့မဟုတ် သုတ်သင်ချေမှုန်းနိုင်ရေးအတွက် အထောက်အကူပေးနိုင်သူကို ပါကစ္စတန်နိုင်ငံသုံး ရူပီး ၁၀ သိန်း ချီးမြှင့်ပေးမည်ဖြစ်ကြောင်း ခိုင်ဘာ-ပက်ကွန်ဝါပြည်နယ်အစိုးရအထက်တန်းတာဝန်ရှိသူတစ်ဦးက အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားသည်။

ပါကစ္စတန်အစိုးရကလည်း နိုင်ငံအရှေ့မြောက်ပိုင်းဒေသမှ အမည်ဆိုးစာရင်းဝင် စစ်သွေးကြွအဖွဲ့ဝင် ၆၁၅ ဦး ဖမ်းဆီးရမိရေးအတွက် သတင်းပေးနိုင်သူကို ဆုတော်ငွေ အမေရိကန်ဒေါ်လာ ၇ ဒသမ ၅ သန်း ချီးမြှင့်ပေးမည်ဟု ထုတ်ပြန်ထားသည်။ **ပီတီအိုင်။**



# ယင်လပ်ကို ထောက်ခံသူများဆန္ဒပြလျှင် အရေးယူမည်ဟု ထိုင်းဝန်ကြီးချုပ်ပြောကြား

**ဗန်ကောက်  ဖန်နဝါရီ  ၆**

ရာထူးမှ ဖယ်ရှားခံထားရသည့် ထိုင်းဝန်ကြီးချုပ်ဟောင်း ယင်လပ်ရှင်နာဝပ်ထရာကို အမှုစစ်ဆေးကြားနာစဉ် ယင်လပ်ကို ထောက်ခံသူများက ဆန္ဒပြမှုများဖြစ်ပွားခဲ့လျှင် စစ်ဥပဒေဖြင့် ပြင်းပြင်းထန်ထန်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထိုင်းစစ်အာဏာသိမ်းခေါင်းဆောင်က ဖန်နဝါရီ ၆ ရက်တွင် သတိပေးပြောကြားလိုက်သည်။

လာမည့် သောကြာနေ့တွင် စစ်ဘက်က ခန့်အပ်ထားသည့် အမျိုးသားဥပဒေပြုလွှတ်တော်၌ မသမာသည့် ဆန်းစပါးအရောင်းအဝယ်ကိစ္စတစ်ခုတွင် ယင်လပ်ပါဝင်ခဲ့မှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးသွားမည်ဖြစ်သည်။ မေလအတွင်းက ရာထူးမှဖယ်ရှားခံခဲ့ရသည့် ထိုင်းနိုင်ငံ၏ ပထမဦးဆုံး အမျိုးသမီးဝန်ကြီးချုပ်ဖြစ်ခဲ့သည့် ယင်လပ်သည် သောကြာနေ့တွင် လွှတ်တော်သို့ လာရောက်ရမည်ဖြစ်သည်။

ထိုင်းနိုင်ငံရေးစောင့်ကြည့်လေ့လာသူများက ယင်လပ်ကို စွပ်စွဲထားသည့်ပြစ်မှုအား မဲခွဲဆုံးဖြတ်ပြီး အတည်ဖြစ်ခဲ့မည်ဆိုလျှင် နိုင်ငံရေးလုပ်ခွင့် ငါးနှစ်အထိ ပိတ်ပင်ခံရမည်ဖြစ်သည့်အတွက် ယင်လပ်ကိုထောက်ခံသူ ရှပ်နီများအတွက် ဆန္ဒပြမှုများဖြစ်ပွားစေရန် လှုံ့ဆော်မှုဖြစ်သွားစေနိုင်ကြောင်း ပြောကြားကြသည်။

"ဆန္ဒပြမှုတွေမရှိစေရပါဘူး။ ဥပဒေကို မလိုက်နာဘူးဆိုရင်တော့ ကျွန်တော်တို့အနေနဲ့ အရေးယူဆောင်ရွက်မှုတွေ လုပ်ရပါလိမ့်မယ်။ စစ်အုပ်ချုပ်ရေးကာလမှာ ဘယ်နိုင်ငံရေးလှုပ်ရှားမှုမှ မရှိစေရပါဘူး" ဟု ထိုင်းစစ်အာဏာသိမ်းခေါင်းဆောင် လက်ရှိဝန်ကြီးချုပ် ပရာယွတ် ချန်အိုချာက သတင်းထောက်များကို ပြောကြားသည်။

**အေအက်ဖ်ပီ။**

# ကက်ရှ်မီးယား နယ်စပ်၌ ဆက်လက်တိုက်ခိုက်

## အရပ်သား ထောင်ပေါင်းများစွာ ထွက်ပြေး

**နယူးဒေလီ ဖန်နဝါရီ ၆**

အိန္ဒိယနှင့် ပါကစ္စတန်တပ်ဖွဲ့များသည် ကက်ရှ်မီးယားဒေသ၌ အပြန်အလှန်ပစ်ခတ်နေဆဲဖြစ်၍ အိန္ဒိယထိန်းချုပ်ထားသည့်ဘက်မှ ရွာသူရွာသား ထောင်ပေါင်းများစွာသည် ၎င်းတို့၏ နေအိမ်များကို စွန့်ခွာထွက်ပြေးခဲ့ကြရကြောင်း ယနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

လွန်ခဲ့သည့် ရက်သတ္တပတ်မှစ၍ ဖြစ်ပွားသောပစ်ခတ်မှုတွင် အိန္ဒိယ၊ ပါကစ္စတန်တပ်ဖွဲ့ဝင်များနှင့် အရပ်သားစုစုပေါင်း အနည်းဆုံး ၁၀ ဦး သေဆုံးခဲ့ရသည်။ နှစ်ဖက်လုံးက တစ်ဖက်ကို တစ်ဖက် စတင်ပစ်ခတ်သည်ဟု စွပ်စွဲခဲ့ကြသည်။

၂၀၀၃ ခုနှစ်တွင် ရရှိခဲ့သော အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်မှာ တည်ရှိဆဲဖြစ်သော်လည်း တစ်ဖက်နှင့်တစ်ဖက် ယင်းစာချုပ်ကို ချိုးဖောက်သည်ဟု မကြာခဏ အပြန်အလှန်စွပ်စွဲခဲ့ကြသည်။

လွန်ခဲ့သည့် ရက်သတ္တပတ်တွင် ပစ်ခတ်မှုများ စတင်ဖြစ်ပွားချိန်ကတည်းက အိန္ဒိယဘက် နယ်စပ်ဒေသကျေးရွာများတွင် နေထိုင်ကြသော အရပ်သား ၁၀၀၀၀ ခန့်သည် ၎င်းတို့၏ နေအိမ်များကို စွန့်ခွာထွက်ပြေးခဲ့ကြသည်ဟု အထက်တန်းတာဝန်ရှိသူတစ်ဦးက ရိုက်တာသတင်းဌာနသို့ ပြောသည်။

၎င်းတို့သည် ပွတ်ကာသီကာ လွတ်မြောက်ခဲ့ကြကြောင်း၊ အခြေအနေသည် တကယ့်စစ်ပွဲကြီးဖြစ်နေသကဲ့သို့ ဖြစ်ကြောင်း ရွာသား ရှန်ကုမာက ပြောသည်။ နယ်စပ်မှ နှစ်မိုင်ခန့် ကွာဝေးသော စာသင်ကျောင်းတစ်ကျောင်းသို့ အမြောက်ဆန်တစ်ခု ကျရောက်ပေါက်ကွဲပြီးနောက် ရွာမှ ထွက်ပြေးလာခဲ့ကြသည်ဟု ဆိုသည်။

အိန္ဒိယနှင့် ပါကစ္စတန် နှစ်ဖက်တပ်ဖွဲ့များသည် အငြင်းပွားဒေသ၌ ယနေ့အထိ အပြန်အလှန် ဆက်လက်ပစ်ခတ်လျက်ရှိကြောင်း သတင်းများက ဖော်ပြသည်။

**ဘီဘီစီ။**

# ပြည်နယ်ဝန်ကြီးချုပ် သေဆုံးခဲ့သည့် ဗုံးဖောက်ခွဲမှုနှင့်ဆက်နွှယ်သည့် အိန္ဒိယတရားခံပြေးအား ထိုင်းရဲတပ်ဖွဲ့ ဖမ်းဆီး

**ဗန်ကောက်  ဖန်နဝါရီ  ၆**

ထိုင်းရဲတပ်ဖွဲ့သည် လွန်ခဲ့သောဆယ်စုနှစ်နှစ်ခုက အိန္ဒိယနိုင်ငံတွင် ဗုံးခွဲတိုက်ခိုက်မှုကြောင့် ပန်ဂျပ်ပြည်နယ်ဝန်ကြီးချုပ် အပါအဝင် လူ ၁၈ ဦး သေဆုံးစေခဲ့သည့် တရားခံပြေးကို ဖမ်းဆီးလိုက်ကြောင်း တော်ဝင်ထိုင်းရဲတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ဒုတိယဗိုလ်ချုပ်ကြီး ပရာယွတ်သာဗွန်စီရီက ဖန်နဝါရီ ၆ ရက်တွင် ပြောကြားသည်။

ဂျက်တာဆင်းချ်တာရာဟု လူသိများပြီး ဘာဘာခယ်လ်ဆာနိုင်ငံတကာဆစ်(ခ်) ခွဲထွက်ရေးအုပ်စုဝင်တစ်ဦးဖြစ်သူ ဂူမိဆင်းအား ချန်ဒီဂါမြို့ အစိုးရအဆောက်အအုံတစ်လုံးအပြင်ဘက်တွင် ၁၉၉၅ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် တိုက်ခိုက်မှုတွင်ပါဝင်မှုကြောင့် ၂၀၀၇ ခုနှစ်က ထောင်ဒဏ်တစ်သက်တစ်ကျွန်း ချမှတ်ခြင်းခံထားရသူဖြစ်သည်။ ထိုစဉ်က ဝန်ကြီးချုပ်ဖြစ်သူ ဘန့်ဆင်း၏ကားတွင် ဗုံးတစ်လုံး ပေါက်ကွဲခဲ့ရာ ဆင်းနှင့် ၎င်း၏ လက်ထောက်များနှင့် လုံခြုံရေးအဖွဲ့ဝင်များအပါအဝင် ၁၇ ဦး သေဆုံးခဲ့သည်။ ဂူမိဆင်းမှာ ဖောက်ခွဲမှုနှင့်ဆက်နွှယ်၍ ပြစ်ဒဏ်ချမှတ်ခြင်းခံထားရသည့် စစ်သွေးကြွခြောက်ဦးအနက် တစ်ဦးဖြစ်သည်။

ဂူမိဆင်းနှင့် အခြားသုံးယောက်သည် အိန္ဒိယနိုင်ငံရှိ လုံခြုံရေးတင်းကျပ်ထားသည့် အကျဉ်းထောင်တစ်ခုမှ ၂၀၀၄ ခုနှစ်တွင် လွတ်မြောက်ခဲ့ကြောင်း၊ ဆင်းသည် ထိုင်းနိုင်ငံသို့ ပြီးခဲ့သည့် အောက်တိုဘာလက ဝင်ရောက်လာခဲ့ပြီး ပတ္တရားမြို့တွင် ဖန်နဝါရီ ၅ ရက်တွင် ဖမ်းဆီးခံခဲ့ရခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့ကဆိုသည်။ အိန္ဒိယရဲတပ်ဖွဲ့၏ အကူအညီဖြင့် လပေါင်းများစွာကြာအောင် စောင့်ကြည့်ပြီးနောက် တရားခံပြေး ဂူမိဆင်းအား ပတ္တရားမြို့တွင် ဖမ်းဆီးခဲ့ကြောင်း ပရာယွတ်က ရိုက်တာသို့ ပြောကြားသည်။

ရဲတပ်ဖွဲ့သည် ဂူမိဆင်းအား အိန္ဒိယနိုင်ငံသို့ ပြန်လည်လွှဲအပ်ရန် ထိုင်းတရားရုံးချုပ်မှ ခွင့်ပြုချက်တောင်းခံနေကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ **ရိုက်တာ။**

# ဩစတြေးလျ၌ နှစ် ၃၀ ကာလအတွင်း အဆိုးရွားဆုံး တောမီးလောင်ကျွမ်းမှုဖြစ်ပွား

**ဆစ်ဒနီ  ဖန်နဝါရီ  ၆**



ဩစတြေးလျနိုင်ငံ၌ နှစ်ပေါင်း ၃၀ အတွင်း အဆိုးရွားဆုံးသော တောမီးများလောင်ကျွမ်းမှုဖြစ်ပွားနေကြောင်း၊ အရှိန်အဟုန်ဖြင့် လောင်ကျွမ်းနေသော တောမီးကို ထိန်းချုပ်နိုင်ရန် မီးသတ်တပ်ဖွဲ့ဝင် ရာပေါင်းများစွာက ကြိုးပမ်းလျက်ရှိကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဖန်နဝါရီ ၆ ရက်တွင် သတင်းထုတ်ပြန်သည်။

အပူချိန်မြင့်တက်နေခြင်းနှင့် လေတိုက်ခတ်မှုအပြောင်းအလဲရှိနေခြင်းတို့ကြောင့် တောမီးများလောင်ကျွမ်းမှုကို ထိန်းချုပ်နိုင်ရန် ခက်ခဲနေဆဲဖြစ်ကြောင်း၊ ဩစတြေးလျတောင်ပိုင်းပြည်နယ် နယ်ခြားနယ်နိမိတ်မျဉ်း၏ ၂၄၀ ကီလိုမီတာ အကွာအဝေးအတွင်း တောမီးများလောင်ကျွမ်းနေကြောင်း ဒေသဆိုင်ရာ မီးသတ်ဌာနက ပြောကြားသည်။

မြေနေရာ ဟက်တာ ၁၂၀၀၀ ကျော်အတွင်း တောမီးများလောင်ကျွမ်းခဲ့ပြီး နေအိမ် ၂၆ လုံးနှင့် အဆောက်အအုံ ၄၁ လုံး ပျက်စီးခဲ့ရကြောင်း၊ မီးလောင်မှုနှင့် ဆက်နွှယ်၍ ထိခိုက်ဒဏ်ရာရရှိသူ ၂၉ ဦးကို ဆေးရုံသို့ တင်ပို့ပေးလိုက်ရကြောင်း၊ သို့ရာတွင် အသက်ဘေးအန္တရာယ် စိုးရိမ်ဖွယ်မရှိကြောင်း မီးသတ်ဌာနက ပြောကြားသည်။

ဩစတြေးလျနိုင်ငံတွင် ၁၉၈၃ ခုနှစ်နောက်ပိုင်း အဆိုးရွားဆုံးသော တောမီးလောင်ကျွမ်းမှုများဖြစ်သည်။ အပူချိန် ပိုမိုမြင့်တက်လာပြီး လေတိုက်ခတ်ပုံအပြောင်းအလဲရှိနေခြင်းကြောင့် လာမည့် ၄၈ နာရီအတွင်း မီးကို ခက်ခက်ခဲခဲ ငြိမ်းသတ်ရမည့် အခြေအနေတွင်ရှိကြောင်း မီးသတ်ဌာနက ပြောကြားသည်။

**ဘီဘီစီ။**

# မြန်မာနိုင်ငံ၏ (၆၇)နှစ်မြောက်လွတ်လပ်ရေးနေ့အတွက် ကမ္ဘာ့နိုင်ငံများမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာများပေးပို့

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၇)နှစ်မြောက်လွတ်လပ်ရေးနေ့ အခါသမယတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံ့အကြီးအကဲများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာများ ပေးပို့ခဲ့ကြသည်။**

**ဘရာဇီးပြည်ထောင်စုသမ္မတနိုင်ငံ**

နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံသို့ ဘရာဇီးပြည်ထောင်စုသမ္မတနိုင်ငံ သမ္မတမဒမ်ဒဲလ်မားရိုးဆပ်ဖ်ထံမှ ပေးပို့သောသဝဏ်လွှာတွင် မြန်မာနိုင်ငံ၏(၆၇) နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ဘရာဇီးပြည်ထောင်စုသမ္မတနိုင်ငံအစိုးရနှင့် ပြည်သူများကိုယ်စား ကျွန်ုပ်အနေဖြင့် ဝမ်းမြောက်ကြောင်းနှင့် ဆုတောင်းမေတ္တာပို့သအပ်ပါကြောင်း၊ သာယာလှပသောမြန်မာပြည်တွင်မှီတင်းနေထိုင်ကြသည့် မြန်မာပြည်သူပြည်သားများအနေဖြင့် အောင်မြင်မှုများ၊ပျော်ရွှင်မှုများပြည့်နက်နေသည့် အနာဂတ်ကို ပိုင်ဆိုင်နိုင်ပါစေကြောင်းဖြင့် ဖော်ပြထားသည်။

အလားတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံသို့ ဘရာဇီးနိုင်ငံခြားရေးဝန်ကြီး မစ္စတာ လူးဝစ်ဇ်အယ်လ်ဘာကို ဖီဂိုရေဒိုမာချာဒိုမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

**သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ**

သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ မဟင်ဒါရာဂျာ ပတ်ခ်ဆာထံမှ နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံသို့ ပေးပို့သောသဝဏ်လွှာတွင် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယတွင် မိမိအနေဖြင့် အဆွေတော်ထံသို့လည်းကောင်း၊ မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူများထံသို့လည်းကောင်း ဆုတောင်းမေတ္တာများပို့သအပ်ပါကြောင်း၊ ဗုဒ္ဓဘာသာကို အခြေခံလျက် မိမိတို့နှစ်နိုင်ငံအကြား ကာလကြာရှည်စွာ တည်တံ့နေသည့် ချစ်ကြည်ရင်းနှီးမှုနှင့် အနီးကပ်ပူးပေါင်းဆောင်ရွက်မှုတို့သည် မျက်မှောက်ခေတ်၏ အရေးပါသည့်ကဏ္ဍများကို လွှမ်းခြုံလျက်ရှိပါကြောင်း၊ အဆင့်မြင့်ပုဂ္ဂိုလ်များ၏ အလည်အပတ်ခရီးစဉ်များနှင့် နှစ်နိုင်ငံပြည်သူများအကြား တိုးတက်လာသော ထိတွေ့ဆက်ဆံမှုတို့ကလည်း နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုခိုင်မာစေခဲ့ပါကြောင်း၊ ယင်းသို့သော ရေရှည်တည်တံ့ခဲ့သည့် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးသည် လာမည့်နှစ်များတွင် နှစ်နိုင်ငံပြည်သူများ၏ အပြန်အလှန်အကျိုးစီးပွားအတွက် ပိုမိုခိုင်မာတောင့်တင်းလာမည်ဟု မိမိအနေဖြင့် ယုံကြည်မိပါကြောင်းဖြင့်ဖော်ပြထားသည်။

အလားတူ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဒီအမ် ဂျာရတ်နီထံမှ ဒုတိယသမ္မတဒေါက်တာ စိုင်းမောက်ခမ်းနှင့် ဒုတိယသမ္မတ ဦးညွန့်ထွန်းထံသို့ လည်းကောင်း၊ သီရိလင်္ကာ ပြည်ပရေးရာဝန်ကြီး ပါမောက္ခ ဂျီအယ်လ်ပဲရစ်ထံမှ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံသို့ လည်းကောင်း ဝမ်းမြောက်ကြောင်းသဝဏ်လွှာများ ပေးပို့ခဲ့ကြသည်။

**ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုပြည်သူ့သဘာပတိအဖွဲ့ဥက္ကဋ္ဌ မစ္စတာ ကင်ယုံနမ်ထံမှ ပေးပို့သော သဝဏ်လွှာတွင် အဆွေတော်နှင့်တကွ မြန်မာအစိုးရနှင့် ပြည်သူများအတွက် ဝမ်းမြောက်ဂုဏ်ယူကြောင်း နွေးထွေးလိုက်လှဲစွာ နှုတ်ခွန်းဆက်သအပ်ပါကြောင်း၊ အဆွေတော် ဦးဆောင်ဦးရွက်ပြု အကောင်အထည်ဖော်နေသည့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ၊ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုရရှိရန် ကြိုးပမ်းမှုများ အောင်မြင် ပါစေကြောင်းနှင့် ခင်မင်ရင်းနှီးဖွယ်ကောင်းသော မြန်မာပြည်သူပြည်သားများ ဖွံ့ဖြိုးတိုးတက်မှုများနှင့် ကြွယ်ဝချမ်းသာမှုများ ပိုမိုရရှိပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါကြောင်းဖြင့် ဖော်ပြထားသည်။

အလားတူ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ရိဆုယုံထံမှ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့ခဲ့သည်။

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်ထံမှ နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံသို့ ပေးပို့သောသဝဏ်လွှာတွင် နွေးထွေးလှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ ဆုမွန်ကောင်းများ ပို့သအပ်ပါကြောင်း၊ ပြီးခဲ့သည့်နှစ်အတွင်း မြန်မာနိုင်ငံတွင် နိုင်ငံရေးတည်ငြိမ်မှု၊စီးပွားရေးစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု၊ ပြည်သူများ၏ လူနေမှုဘဝ အစဉ်တစိုက်တိုးတက်မှုတို့ကို ထိန်းသိမ်းထားနိုင်ခဲ့ပြီး ပြည်ပနိုင်ငံများနှင့် အပြန်အလှန်ထိတွေ့မှုများပိုမိုကျယ်ပြန့်လာမှုနှင့် နိုင်ငံတကာနယ်ပယ်တွင် ရပ်တည်မှုအနေအထား ပိုမိုမြင့်မားလာမှုတို့ကို တွေ့မြင်ရသည့်အတွက် ဝမ်းမြောက်မိပါကြောင်း၊ အဆွေတော်၏ ဦးဆောင်မှုအောက်တွင် အလုပ်ကြိုးစားပြီး ဉာဏ်ရည်မြင့်မားသော မြန်မာပြည်သူပြည်သားတို့သည် ၎င်းတို့၏မဆုတ်မနစ်ကြိုးပမ်းအားထုတ်မှုတို့ဖြင့် နိုင်ငံ၏အနာဂတ် ပိုမိုကောင်းမွန်ရေးကို အောင်အောင်မြင်မြင် ဖော်ဆောင်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ နှစ်နိုင်ငံပူးတွဲကြိုးပမ်းအားထုတ်မှုများဖြင့် မြန်မာ-တရုတ် ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ မိတ်ဖက်ဆက်ဆံရေး ရေရှည်တည်တံ့စေရန်နှင့် နက်ရှိုင်းစွာ တိုးတက်လာစေရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ပြီးခဲ့သည့်နှစ်အတွင်း အဆွေတော်အနေဖြင့် တရုတ်နိုင်ငံသို့ လာရောက်ခဲ့သည့် ခရီးစဉ်တွင် မိမိနှင့်နှစ်ကြိမ်တိုင်တွေ့ဆုံခဲ့ကာ နှစ်နိုင်ငံဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် သဘောတူညီမှုများရရှိခဲ့ပါကြောင်း၊ တရုတ်-မြန်မာဆက်ဆံရေး ပိုမိုကောင်းမွန်လာစေရေးနှင့် နှစ်နိုင်ငံနှင့်နှစ်နိုင်ငံပြည်သူများ လက်တွေ့ခံစားနိုင်မည့် အကျိုးရလဒ်ကောင်းများဖော်ဆောင်ပေးနိုင်ရေးအတွက် အဆွေတော်နှင့် အတူလက်တွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ဖော်ပြထားသည်။

အလားတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာ လီခချန်းကလည်း သမ္မတဦးသိန်းစိန်ထံသို့ လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝမ်ယိမှ လည်းကောင်း ဝမ်းမြောက်ကြောင်း သဝဏ်လွှာများပေးပို့ခဲ့ကြသည်။

*(ဆက်လက်ဖော်ပြပါမည်)*



**ဩစတြေးလျနိုင်ငံ Myanmar Eye Care Programme မှ ဇီဝိတဒါန သံဃာ့ဆေးရုံကြီး(ရန်ကုန်)သို့ မျက်စိခွဲစိတ်လူနာ ၅၀၀ အတွက် တတိယအသုတ် ခွဲစိတ်ကုသပေးရန် ပထမအကြိမ် အလှူငွေကျပ်သိန်း ၂၀၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင် လက်ခံစဉ်။**
(ကြေးမုံ)

# ကလေးမြို့သစ်စီမံကိန်း
## မြစ်သာမြစ်အရှေ့ဘက်ကမ်းတွင် ဆောင်ရွက်မည်

**ကလေး ဇန်နဝါရီ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ရှိ လူဦးရေတိုးပွားမှုနှင့် အိမ်ခြေယာမဲ့ပုဂ္ဂိုလ်များအတွက် နေထိုင်စရာနေရာရရှိရေးအတွက် မြို့သစ်စီမံကိန်းကို ကလေးမြို့၏တောင်ဘက်တွင် လျာထားခဲ့ရာမှ လယ်ယာမြေမြောက်မြားစွာ ပါရှိမှုကြောင့် တောင်သူများအခက်မကြုံရစေရေး လယ်ယာမြေနည်းပါးသော မြစ်သာမြစ်အရှေ့ဘက်ကမ်းတွင် ဆောင်ရွက်နိုင်ရေး တင်ပြသွားမည်ဖြစ်ကြောင်း သိရသည်။

"လက်ရှိလုပ်မယ့် စီမံကိန်းမြေနေရာကို ကန့်ကွက်တာတော့မဟုတ်ပါဘူး။ ဒါပေမယ့် လယ်ယာမြေတွေများစွာပါနေတယ်။ ဒါကြောင့် တောင်သူတွေအခက်အခဲမရှိစေရေး လယ်ယာမြေနည်းပါးတဲ့ မြစ်သာမြစ်အရှေ့ဘက်ကမ်းမှာ လုပ်တာက ရေရှည်မှာ ပိုကောင်းပါလိမ့်မယ်။ နောက်ပြီး အခြားဒေသတွေထက် ဖွံ့ဖြိုးမှုနောက်ကျတဲ့ မြစ်အရှေ့ဘက်ကမ်းက ရွာတွေ မြို့သစ်စီမံကိန်းကြောင့် ဖွံ့ဖြိုးမှုအားကောင်းလာမယ်။ ကလေးဝမြို့နဲ့ မင်းကင်းမြို့တွေနဲ့လည်း တစ်ဆက်တည်းသွားနိုင်ဖို့ ယာကြီးလမ်းဘက်လမ်းဖောက်ပြီး ဆောင်ရွက်မယ်။ ကလေးမြို့ဘက်ကိုလည်း တံတားထိုးလိုက်မယ်ဆိုရင် မြို့သစ်စီမံကိန်းက အဆင်ပြေနိုင်ပါတယ်"ဟု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်လှိုင်က ပြောသည်။

"မြစ်သာမြစ်အရှေ့ဘက် မြို့သစ်တည်ဖို့ကို Second Plan အနေနဲ့ လျာထားတာဖြစ်ပါတယ်။ ဒါကို တိုင်းဒေသကြီးအစိုးရဆီ စာတင်သွားမှာပါ။ တကယ်လည်းလုပ်မယ်ဆို ဒီမြို့သစ်စီမံကိန်းက ဧကတစ်ထောင်ဆို နောက်မြို့သစ်တစ်ခုထပ်တည်လို့ရတယ်။ လက်ရှိကလေးမြို့တောင်ဘက် စီမံကိန်းက လယ်မြေတွေဖြစ်လို့ ဒီအတိုင်းထားတာက ပိုတန်ဖိုးရှိပါတယ်။ လက်ရှိစီမံကိန်းက လယ်မြေတွေကို ငွေကြေးတတ်နိုင်တဲ့သူတွေက ဝယ်ထားကြပြီး မြေဈေး ကစားမှုတွေဖြစ်နေတယ်လို့လည်း ကြားရတယ်"ဟု တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သန်းက ပြောသည်။

ကလေးမြို့တောင်ပိုင်း ဥယျာဉ်၊ အူဒူ၊ ကင်မွန်းခြံကျေးရွာများမှနေ၍ မြစ်သာမြစ်ကိုဖြတ်ကာ တံတားတစ်စင်းထိုးပေးလိုက်ပြီး မြစ်သာမြစ်အရှေ့ဘက်ကမ်းရှိ ကျေးရွာ ၂၂ ရွာ ဖွံ့ဖြိုးတိုးတက်စေရေး မြို့သစ်စီမံကိန်းတည်ကာ မုံရွာ-ကလေး ရထားလမ်းအကောင်အထည်ပေါ်လာပါက ကလေးမြို့နယ်ဖွံ့ဖြိုးမှုသည် ညီမျှလာမည်ဖြစ်ကြောင်း သိရသည်။

**(လင်းလက်ကြယ်စင်)**



# သုတေသနပြုခြင်းနှင့် ဥပဒေ

ဦးဟန်ညွန့်(ဥပဒေ)

**လေနုအေးကလေး**
**နေပြည်တော်ဆောင်းသည် ချမ်းတမြေ့မြေ့-------။**

လေနုအေးကလေး တငွေ့ငွေ့။ လမ်းလျှောက်၍ အတော်ကောင်းသည်။ နေပြည်တော်ဘူတာကြီးဘက် လမ်းလျှောက်ထွက်ရသော နံနက်ခင်း၏ အရသာ၊ မင်္ဂလာရှိသည်။ ထိုထက်ပို၍ မင်္ဂလာရှိသည်မှာ စာဖတ်ရခြင်း၊ တိတ်ဆိတ်ငြိမ်သက်ခြင်း၊ ပတ်ဝန်းကျင်ကောင်းကြောင့် စာဖတ်ရသည့်အလုပ် ပို၍လုပ်နိုင်သည်။ တစ်ဆင့်တက်ရလျှင် စာဖတ်ခြင်းကို ကျော်၍ သုတေသနပြုခွင့်ရသည်။ ဝန်ထမ်းဘဝက အချိန်မရခဲ့သောကြောင့် စုဆောင်းထားသော စာအုပ်စာပေတွေ ဖြတ်၊ ညှပ်ကပ် ကျက်မှတ်လေ့လာစရာတွေ များလှပေသည်။ အနှစ်လေးဆယ်ကျော်မျှ ဥပဒေအရာရှိဘဝမှ ဖြတ်သန်းခဲ့ရသမျှ အငြိမ်းစားဘဝရောက်မှ သုတေသနပြန်စရသည်ဟု ခံယူမိသည်။

**စာအုပ်များနှင့် နှစ်ပါးသွား**

စာအုပ်ပုံတွေကြားထဲမှာ တစ်သက်လုံးနေခဲ့ရသည်။ အကိုးအကားများ တင်ပြရလျှင် စာအုပ်၊ အငြင်းအခုန်ဖြစ်လျှင် စာအုပ်၊ ဥပဒေရေးလျှင် စာအုပ်၊ နုနုရွရွ လှလှပပ ရသစာပေများကို ခေတ္တမေ့ထား။ သုတစာအုပ်များကိုသာ အားကိုးအားထားပြုခဲ့ရသည်များသည်။ သုတေသနစာတမ်းဖတ်ပွဲ၊ ပြည်ပသို့ တစ်ခါတစ်ရံသွားပြီး ဆွေးနွေးပွဲတက်၊ စာတမ်းဖတ်၊ အလုပ်ရုံ ဆွေးနွေးပွဲတွေမှာ သဘာပတိဖြစ်သည့်အခါဖြစ်၊ ဆွေးနွေးသူအဖြစ် ရုံးကိုယ်စား တက်ကြွစွာပါဝင်ဆွေးနွေး၊ စာတမ်းရှင်အဖြစ်ရေးသည့်အခါရေး။ အဓိကမှာ စာအုပ်များနှင့် နှစ်ပါးသွားခဲ့ရသည်များသည်။ ထို့ကြောင့် ဤစာ ရေးသည်။

**သုတေသနဟူသည်**

'သုတေသန'ဟူသည် အကြားအမြင်ဗဟုသုတ ရှာမှီးခြင်းပင်ဖြစ်သည်။ 'လေ့လာစူးစမ်းခြင်း'ဟုလည်း ရေးကြသည်။ WEBSTER'S New World Dictionary တွင် -

Research - Careful, Systematic, Patient study and investigation in some field of knowledge, undertaken to discover or establish factors or principles; --- investigate thoroughly; ဟု ဖွင့်ဆိုသည်။

**ဥပဒေပညာရှင် လူငယ်အပေါင်း၏ တိုးတက်သော၊ သစ်လွင်သော၊ ပြည်သူ့ဘက်က ရပ်တည်သော ကြိုးပမ်းထမ်းဆောင်မည့် ဥပဒေသုတေသနရေးရာများကို ကြိုဆို**

**ကျမ်းသုတေသနပြုခြင်း**

စာရေးဆရာမကြီး သုတေသီဒေါ်ကြန် ရေးသားသော 'ကျမ်းသုတေသနပြုခြင်း' စာအုပ်တွင် 'တက္ကသိုလ်များလောကတွင် Term Paper ရာသီအလိုက် တင်သွင်းသည့် စာတမ်း၊ Thesis၊ Dissertation ခေါ်သည့် အဆင့်မြင့်ဘွဲ့ယူစာတမ်းများရှိသည်။ Thesis သည် အင်္ဂလိပ်အသုံးအနှုန်းဖြစ်၍၊ မဟာဝိဇ္ဇာဘွဲ့၊ ပါရဂူဘွဲ့ယူစာတမ်းကျမ်းကိုခေါ်၏။ ယင်းဘွဲ့ယူစာတမ်း (သို့မဟုတ်)ကျမ်းကို အမေရိကန်က Dissertation ဟုခေါ်သည်။ မြန်မာနိုင်ငံတွင် မဟာဝိဇ္ဇာဘွဲ့ယူကျမ်း၊ ပါရဂူဘွဲ့ယူကျမ်းဟုခေါ်သည်။ ဘွဲ့တစ်ခုခုအတွက် တက္ကသိုလ်သို့ တင်သွင်းခြင်းမဟုတ်ဘဲ လုပ်ငန်းခွင်အတွင်း (သို့မဟုတ်) ဝါသနာအလျောက် သုတေသနပြုသော သုတေသနစာတမ်း (Scientific Research, Clinical Research, Historical Research) များလည်းရှိသည်။ ယင်းသို့ အကြောင်းအရာတစ်ရပ်ကို သုတေသနပြု၍ တွေ့ရှိချက်ကို တင်ပြသော Monograph ခေါ် သုတေသနစာတမ်းကြီးများလည်းရှိသည်'ဟု ရေးသားဖော်ပြခဲ့သည်။

**သုတေသီဥပဒေပညာရှင်ကြီးများ**

မြန်မာ့သမိုင်းတွင် သုတေသီဥပဒေပညာရှင်ကြီးများ ပေါ်ထွန်းခဲ့သည်။ ယနေ့လူငယ်တို့ သိမီခြင်းမရှိ။ မကြားဖူး၊ မကြုံဖူး။ ပညာရှင်ကြီးများ၏ ဆောင်ရွက်ချက်အရည်အသွေးကို မလေ့လာမိဖြစ်တတ်၍ စုဆောင်းရသမျှ တင်ပြပါရစေ။ ကောက်နုတ်ချက်ဖြစ်ပါသည်။

**ဥပဒေပညာရှင် ဒေါက်တာဧမောင်**

၁၈၉၈ ခုနှစ် ဇန်နဝါရီလ မုံရွာမြို့၌ မွေးဖွား။ အသက် ၂၀ တွင် ရန်ကုန်ကောလိပ်မှ သချာပထမတန်း ဂုဏ်ထူးဖြင့်ဘွဲ့ရ။ ကင်းဘရစ်သို့ ဆက်တက်။ ၁၉၂၀ ခုနှစ်တွင် သချာနှင့် ဥပဒေ ဂုဏ်ထူးနှစ်ထပ်ကွမ်းဖြင့် အောင်မြင်။ ဥပဒေဂုဏ်ထူးတန်းတွင် တစ်ကျောင်းလုံး စတုတ္ထချိတ်။ လန်ဒန်ဥပဒေကျောင်း Middle Temple မှ ၁၉၂၂ ခုနှစ်တွင် ဘွဲ့ရ။ ရန်ကုန်ပြန်လာရှေ့နေလိုက်။ နာမည်ကြီးဝတ်လုံဖြစ်ခဲ့။ သူ၏ ပထမဆုံးကျမ်းဖြစ်သော မြန်မာဗုဒ္ဓဘာသာဓမ္မသတ် (Burmese Buddhist Law)သည် ထင်ရှားလှသည်။ မြန်မာဗုဒ္ဓဘာသာဓမ္မသတ်တွင် ပညာရှင်တစ်ဆူအဖြစ် ဂုဏ်သတင်း ပျံ့သင်းခဲ့သည်။

**ပါမောက္ခချုပ်ဒေါက်တာ ထင်အောင်(၁၉၀၉ - ၁၉၇၈)**

လွတ်လပ်ရေးခေတ်ဦး၊ ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ်၊ နိုင်ငံတကာ ဥပဒေပညာရှင်၊ အင်္ဂလိပ်စာ ပါရဂူဘွဲ့၊ ဥပဒေ၊ ပထဝီ၊ ဘောဂဗေဒ၊ မနုဿဗေဒ၊ နိုင်ငံခြားဘွဲ့လွန်ဒီဂရီများ ဆွတ်ခူးခဲ့သူ။ မြန်မာ့သမိုင်း မြန်မာ့ယဉ်ကျေးမှု၊ မြန်မာစာပေ၊ မြန်မာ့ဓလေ့ထုံးတမ်းများအကြောင်း အင်္ဂလိပ်စကားပြေအရေးအသား ထူးချွန်လှသူ၊ မြန်မာ့ရိုးရာပုံပြင်ပါရဂူ၊ အမျိုးသားရေးသမိုင်းပညာရှင်။ ၁၉၅၄-၅၅ တွင် မြန်မာနိုင်ငံ သုတေသနအသင်းကြီး၏ဥက္ကဋ္ဌ၊ အားကျဖွယ်ဖြစ်သည်။

**ကိုယ်တိုင်ကိုယ်ကျ မဆုံရ**

ဒေါက်တာဧမောင်နှင့် ဒေါက်တာထင်အောင်တို့ကို ကိုယ်တိုင်ကိုယ်ကျ မဆုံခဲ့ရပါ။ ကိုယ်တိုင် မတွေ့ဆုံရသော်ငြား စာအုပ်စာတမ်းမှတ်တမ်းများတွင် မော်ကွန်းတင်သည့် ဆရာမောင်ဇေယျာ ပြုစုသည့် 'မြန်မာလူကျော် ၁၀၀' စာအုပ်များ၊ PROFILE BY DR.MAUNG MAUNG နှင့် (သက်ရှိရာဇဝင်) စိန်ဝင်းစိန်(မြန်မာပြန်)စာအုပ်နှင့် စွယ်စုံကျမ်းအချို့ကို ရှာဖွေ၊ မှတ်ယူရ၊ အားကျရသည်။ လူငယ်များအတွက်လည်း စေတနာဖြင့် ဝေမျှဖြန့်ဖြူးရသည်။ အားကျစေချင်သည်။ အလေးဂရုပြုစေလိုသည်။

**ကိုယ်တိုင်ကြုံရသည့် ဆရာဒေါက်တာ မောင်မောင်**

တရားရေးဝန်ကြီး ဒေါက်တာမောင်မောင်(နိုင်ငံတော်သမ္မတ-အငြိမ်းစား)ကိုမူ စာရေးသူကိုယ်တိုင်ကြုံရသည်။ ဆရာ၏တပည့်ဖြစ်ခွင့်ရသည်။ ဥပဒေဝန်ထမ်း၏ဘဝအစကို ဆရာဒေါက်တာမောင်မောင်က ပြုစုပျိုးထောင် ပေးခဲ့ပေသည်။ လေ့ကျင့်ပေးခဲ့ပေသည်။ ဥပဒေဝန်ထမ်းပီသဖို့၊ တရား ဥပဒေပညာ ဖြန့်ဖြူးတတ်ဖို့၊ ဆောင်းပါးသတင်းရေးတတ်ဖို့ သင်ကြားပေးခဲ့သည်။

**ဒေါက်တာမောင်မောင်ပြုစုခဲ့သော စာပေလက်ရာအချို့**

မြန်မာဘာသာဖြင့် သွေးနီ(၁၉၄၆)၊ တို့ပြည်ထောင်စု မြန်မာနိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံ(၁၉၅၈)၊ သက်ရှိရာဇဝင်(၁၉၅၆)၊ နိုင်ငံတော်လုပ်ကြံမှု (ပြည်ထောင်စုနှင့်ဦးစော) (၁၉၆၃)၊ မြန်မာ့နိုင်ငံရေးခရီးနှင့် ဗိုလ်ချုပ်ကြီးနေဝင်း(၁၉၆၉)၊ သားမောင်စစ်သည်သို့ (၁၉၇၃)၊ တရားဥပဒေအထွေထွေဗဟုသုတ (၁၉၇၄)၊ ပြည်သူ့ဝန်ထမ်းသားသမီးများသို့ (၁၉၈၇) တို့ ဖြစ်သည်။

အင်္ဂလိပ်ဘာသာဖြင့် ဒေါက်တာမောင်မောင် ပြုစုရေးသားခဲ့သော စာအုပ်များမှာ -

- The Forgotten Army (1946)
- Burma's Teething Time (1949)
- London Diary (1952)
- Grim War against the KMT (1953)
- Burma in the Family of Nations (1956)
- Burma's Constitution (1959)
- A Trial in Burma(The Assassination of Aung San) (1962)
- Aung San of Burma (1962)
- Law and Custom in Burma and the Burmese Family (1963)
- Burma and General Ne Win (1969)
- To a Soldier son (1974)
- The 1988 Up Rising in Burma (1999)တို့ ဖြစ်ပါသည်။

စံပြုဖွယ် ဥပဒေပညာရှင်များအချို့ကိုသာ ကောက်နုတ်တင်ပြရခြင်း ဖြစ်ပါသည်။

**ဥပဒေသုတေသန**

လက်ငင်းတာဝန်များကား အဘယ်နည်း။

ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြစ်မှုဆိုင်ရာဥပဒေ၊ တရားမဥပဒေ၊ အထူးနှင့် အထွေထွေဥပဒေများဆိုင်ရာ လိုအပ်ချက်များ၊ အားနည်းချက်များ၊ အားသာချက်များ၊ ကမ္ဘာ့အဆင့်အတန်းလျော်ညီရေး စသည့် ဘက်စုံအမြင်ဖြင့် တိုးတက်သည်ထက် တိုးတက်အောင်ကြံဆောင်ခြင်း၊ လေ့လာခြင်း၊ သုတေသနပြုခြင်းများကို ထမ်းရွက်ကြရပေမည်။ ကမ္ဘာ့ရွာတွင် မြန်မာဝင့်ထည်ဖို့ နိုင်ငံတကာဥပဒေပညာရှင်များနှင့် ဆွေးနွေးခြင်း၊ ညှိနှိုင်းခြင်း၊ မြန်မာ့ပြည်တွင်းဥပဒေများအပေါ် စံပြုအကဲဖြတ်ခြင်း၊ သုံးသပ်ခြင်းများလည်း ပြုကြရမည်ဖြစ်သည်။ ဥပဒေပညာရှင် လူငယ်အပေါင်း၏ တိုးတက်သော၊ သစ်လွင်သော၊ ပြည်သူ့ဘက်က ရပ်တည်သော ကြိုးပမ်းထမ်းဆောင်မည့် ဥပဒေသုတေသနရေးရာများကို ကြိုဆိုလိုက်ပါသည်။ ။

တင်ပြချက်
(၁) သုတေသနပြုစေ၊ ဥပဒေ။
(၂) ဦးတည်ဆောင်ရွက်၊ ပြည်သူ့အတွက်။
(၃) စံပြပညာရှင်ကြီးများ ဂါရဝထား။

## မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၇-၁-၂၀၁၅ (ဗုဒ္ဓဟူးနေ့)

၆း၀၃ တရားတော်
၆း၁၀ ဓမ္မပူဇာတေး
၆း၂၅ ကိုယ်လက်လှုပ်ရှား အားကစား
၆း၄၅ မြန်မာသံစဉ်ချိုနားဝင်
၇း၂၅ သင့်အတွက်တစ်နေ့တာ
၈း၀၆ မွေးမြူသုတ
၈း၃၅ ဇာတ်လမ်းတို
၈း၅၀ သူနှင့်သူ၏သီချင်းများ
၉း၀၀ စာပေအလင်း စာပေသတင်း
၄း၁၅ လျှပ်တစ်ပြက်
၄း၄၅ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၅၅ ရှေးဟောင်းသုတ
၅း၁၀ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၂၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း အပြောင်းအလဲ (အပိုင်း-၄၁)
၅း၃၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း အတိတ်ရဲ့ချစ်ခြင်း (အပိုင်း-၁)
၆း၀၆ Star Show
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဂန္ထဝင်အချစ်နဲ့ တော်ဝင်စည်တော် (အပိုင်း-၄၄)
- ရယ်စရာပျော်စရာ ဟာသကမ္ဘာ
- ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- ဟိုတယ်ဘုရင် (အပိုင်း-၃)

## ဂုဏ်ယူဝမ်းမြောက်ခြင်း

ရခိုင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်နယ်အုပ်ချုပ်ရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမင်းချစ်ဦး၏ဇနီး ဒေါ်ညိုညိုဝေလွင် အန်တီငယ်ငယ်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှ ၂၀၁၅ခုနှစ် (၆၇)နှစ်မြောက်လွတ်လပ်ရေးနေ့တွင် ပေးအပ်ချီးမြှင့်သည့် သုဓမ္မသီဂီဘွဲ့အား ထိုက်ထိုက်တန်တန် ရရှိခဲ့သည့်အတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် ဆက်လက်ပြီး အမျိုးဘာသာ၊ သာသနာအကျိုးများကို ဆတက်ထမ်းပိုး သယ်ပိုးထမ်းရွက်နိုင်ပါစေကြောင်း ဆုမွန်တောင်းတောင်းလျက်-

သမီးငယ် အေးဆုရည်အောင်
**Grade III**
**ILBC**
နေပြည်တော်



# မြန်မာနိုင်ငံမှ နှစ်ပေါင်း (၅၀၀)အတွင်း ပထမဆုံး ရဟန်းမင်းအမတ်အဖြစ် ကက်သလစ်သာသနာဂိုဏ်းချုပ်ဆရာတော် ချားလ်စ်မောင်ဘို ရွေးချယ်ခြင်းခံရ

မေး၊ ရေး - မိုးသူဇာစိုး
ဓာတ်ပုံ - ကိုဦး

ခရစ်ယာန်ကက်သလစ်သာသနာဆိုင်ရာ ပုပ်ရဟန်းမင်းကြီး ရာထူးအတွက် အဆိုပြုရွေးချယ်တင်မြှောက်ခွင့်ရှိသည့် ရဟန်းမင်းအမတ် (Cardinal) အဖွဲ့ဝင်အဖြစ် မြန်မာနိုင်ငံမှ ကက်သလစ်သာသနာ ဂိုဏ်းချုပ်ဆရာတော် ချားလ်စ်မောင်ဘို ရွေးချယ်ခြင်းခံရကြောင်း သိရှိရသည်။

ပုပ်ရဟန်းမင်းကြီး ရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင် မဲပေးခွင့်ရရှိသည့် ရဟန်းမင်းအမတ် အပါး ၁၂၀ တွင် သက်တော်(၈၀)အောက် ရဟန်းမင်းအမတ် ၁၅ ပါးကို ရွေးချယ်ကြေညာခဲ့ခြင်းဖြစ်ရာ မြန်မာနိုင်ငံ၏ ကက်သလစ်သာသနာ နှစ်ပေါင်း ၅၀၀ အတွင်း ပထမဆုံး ရဟန်းမင်းအမတ်အဖြစ် ရွေးချယ်ခံရခြင်းဖြစ်သည်။

ကက်သလစ်သာသနာအတွက် မြန်မာနိုင်ငံ၏ ပထမဆုံး ရဟန်းမင်းအမတ်ဖြစ်သူ ဂိုဏ်းချုပ်ဆရာတော် ချားလ်စ်မောင်ဘိုနှင့် မြန်မာ့သတင်းစဉ်မှ တွေ့ဆုံမေးမြန်းခဲ့သည်များကို ရေးသားတင်ပြလိုက်ပါသည်-



**ကက်သလစ်သာသနာ ဂိုဏ်းချုပ်ဆရာတော် ချားလ်စ်မောင်ဘို**

**ဂိုဏ်းချုပ်ဆရာတော် ချားလ်စ်မောင်ဘို**

"ဒီလိုရွေးချယ်တာနဲ့ပတ်သက်လို့ ပုပ်ရဟန်းမင်းကြီး ဖရန်စစ်ကိုယ်တိုင်ရွေးချယ်ပြီး ဇန်နဝါရီ ၅ ရက် မွန်းလွဲပိုင်းက သူကိုယ်တိုင်ကြေညာခဲ့တာဖြစ်ပါတယ်။ ရဟန်းမင်းကြီးရုံးက ဗန်ကောက်မှာရှိပြီး ဒီနဲ့ဆက်သွယ်မှုကတော့ အမြဲရှိပါတယ်။ မြန်မာနိုင်ငံရဲ့ ဘာသာရေးအခြေအနေ၊ နိုင်ငံရေးအခြေအနေတွေကို လေ့လာပြီး ရွေးချယ်တာဖြစ်ပါတယ်။

ရွေးချယ်တဲ့နေရာမှာ အထူးသဖြင့် နိုင်ငံကိုကြည့်ပြီး ရွေးချယ်ခဲ့တယ်။ ကမ္ဘာက မြန်မာကိုသိစေချင်တယ်။ မြန်မာနိုင်ငံက ဒီမိုကရေစီစနစ်ကို သွားနေတဲ့အချိန်မှာ မြန်မာနိုင်ငံကို ကမ္ဘာက အရေးပေးသင့်တယ်။ ကူညီသင့်တယ်။ ကမ္ဘာကြီးမှာ နေထိုင်နေကြသူအားလုံးက မိသားစုဝင်တွေပဲ။ အချင်းချင်းကူညီကြမယ်။ ပံ့ပိုးကြမယ်။ အေးအတူပူအမျှဖြစ်စေရမယ်။ အဲဒီသဘောမျိုးနဲ့ မြန်မာကို ကမ္ဘာက အရေးပေးဖို့အတွက် ရွေးချယ်တာလည်း ပါပါတယ်။ မြန်မာနိုင်ငံမှာ ကက်သလစ်ဘာသာဝင် အရေအတွက်အနေနဲ့ ရှစ်သိန်းလောက်ပဲရှိပါတယ်။ ဗန်ကောက်နဲ့စာရင်တော့ နှစ်ဆလောက် ပိုများတယ်။ အရေးပေးချင်တာ အချက်တစ်ချက်ရယ်၊ ပုပ်ရဟန်းမင်းကြီး ဖရန်စစ်က ဒုက္ခရောက်တဲ့သူတွေကို ပိုပြီးတော့ သနားညှာတာပြီး ဦးစားပေးတယ်။ ချစ်တယ်။ မြန်မာပြည်အနေနဲ့ ဒီမိုကရေစီစနစ်ကို လျှောက်လှမ်းနေတဲ့အချိန်မှာ သူ့အနေနဲ့ ဦးစားပေးတယ်ဆိုတဲ့ အကြောင်းလည်း ပါပါတယ်။ ရွေးချယ်ရတဲ့ အကြောင်းရင်းတွေက အမျိုးမျိုးပေါ့။

ဆရာတော့်အနေနဲ့ကတော့ နေရာတိုင်းမှာ အမှန်အတိုင်း နားထောင်ပြီးတော့ ပြုလုပ်ဆောင်ရွက်စီမံတာတွေရှိပါတယ်။ တစ်နည်းအားဖြင့် တရားဟောပေမယ့် ဘာသာရေးသက်သက်မဟုတ်ဘဲ တိုင်းသူပြည်သားတွေရဲ့ကိုယ်စား ပြောစရာရှိပြောမယ်။ လူပုဂ္ဂိုလ်အရ မဟုတ်ဘဲ တရားမျှတမှုမရှိရင် အခြေအနေတွေကို ထောက်ပြတာလည်း တော်တော်များများရှိခဲ့တယ်။

ကိုးကွယ်တဲ့ဘာသာ မတူညီပေမယ်လို့ ချစ်ချစ်ခင်ခင် နေထိုင်ကြဖို့၊ လူမျိုးမခွဲခြားဖို့ စတာတွေ ဆင်းရဲသားတွေအပေါ်မှာ အရေးပေးဖို့၊ လူအချင်းချင်း သာတူညီမျှရှိဖို့စတာတွေကို ဦးစားပေးလုပ်ခဲ့ပါတယ်။

လာမယ့် ဖေဖော်ဝါရီ ၁၂ ရက်နဲ့ ၁၃ ရက်တွေမှာ (Cardinal)အားလုံးက ပုပ်ရဟန်းမင်းကြီးနဲ့အတူ အစည်းအဝေးလုပ်ပြီး အုပ်ချုပ်ရေးပိုင်း၊ လမ်းညွှန်မှုအပိုင်းတွေမှာ ဘယ်လိုလုပ်ရမယ်ဆိုတာတွေကို ပုပ်ရဟန်းမင်းကြီးရဲ့ တိုင်ပင်ဖော်တိုင်ပင်ဖက် ရဟန်းအမတ်တွေအနေနဲ့ ပုပ်ရဟန်းမင်းကြီးရဲ့ လမ်းညွှန်မှုကိုခံယူပြီး သက်ဆိုင်ရာဒေသတွေမှာ အများအကျိုးအတွက် ဘယ်လို အကျိုးဆောင်ကြမယ်၊ ကြိုးစားကြမယ်ဆိုတာကို လုပ်ရမှာဖြစ်ပါတယ်။ တာဝန်ကတော့ ရဟန်းမင်းကြီးနဲ့ ပို၍နီးစပ်လာပြီး တိုင်ပင်ဖော် Consultant အနေနဲ့ ဆောင်ရွက်ရမှာဖြစ်ပါတယ်။

နောက်တာဝန်တစ်ခုက ရောမမြို့မှာရှိတဲ့ တစ်နိုင်ငံလုံးနဲ့ပတ်သက်တဲ့ ရုံးတွေမှာ တာဝန်ပေးခံရရင်လည်း ခံရမယ်။ ဒီမှာနေပြီးတော့ သွားလိုက်၊ လာလိုက်လည်း ဖြစ်ချင်ဖြစ်မယ်။ နောက်တက်မယ့် ရဟန်းမင်းကြီး အသစ်ရွေးဖို့ဖြစ်လာရင်လည်း ဒီ (Cardinal)အပါး ၁၂၀ က မဲဆန္ဒပေးရမယ်။ ကိုယ်ကလည်း အရွေးခံနိုင်တဲ့အခွင့်အလမ်းရှိတယ်ဆိုတာကို ပြောချင်တာပါ။

မြန်မာနိုင်ငံအတွက် ဆက်လက်ဆောင်ရွက်ချင်တာကတော့ ကက်သလစ်ဘာသာဝင်တွေအတွက်သာမက မြန်မာပြည်တစ်ပြည်လုံးအတွက် ငြိမ်းချမ်းရေးနဲ့နယ်စပ်မှာရှိတဲ့ တိုင်းရင်းသားတွေရဲ့ ပညာရေးကိုလည်း ဦးစားပေးချင်တယ်။

ဒီလို (Cardinal)အဖြစ် ရွေးချယ်မခံရလည်း ဒီအလုပ်ကတော့ ဆက်လုပ်ဖြစ်နေမှာပါ။ ရွေးချယ်ခံရပြီးနောက်ပိုင်းမှာ အသက်(၈၀)အောက်ရှိတဲ့ ရဟန်းမင်းအမတ်က တစ်ကမ္ဘာလုံးမှာ အပါး ၁၂၀ ထဲမှာ ရဟန်းမင်းအမတ် တစ်ပါးအနေနဲ့ ပုဂ္ဂလိကဆန်တဲ့နာမည်တို့၊ ဂုဏ်သတင်းတို့ကို စိတ်ထဲမှာ မစဉ်းစားဘဲ ကိုယ့်အတွက် တာဝန်ဝတ္တရားတစ်ခု ဘာသာရေးပိုင်းတင်မကဘဲ မြန်မာပြည်သူပြည်သားအားလုံးရဲ့ အကျိုးအတွက် ဆောင်ရွက်နိုင်ချင်တယ်။ အထူးသဖြင့် ဒီမိုကရေစီကို ကူးနေတဲ့ နိုင်ငံသူ နိုင်ငံသားတွေအနေနဲ့ စိတ်ကောင်းနှလုံးကောင်း ထားကြစေချင်ပါတယ်။ ပုပ်ရဟန်းမင်းကြီး ဖရန်စစ်ပြောစကားလိုပါပဲ။ ဘယ်သူ့ကိုပဲတွေ့တွေ့၊ ဘယ်နေရာမှာပဲဖြစ်ဖြစ် သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ အားလုံးကို ညီအစ်ကိုမောင်နှမအရင်း မိသားစုဝင်တွေလို သဘောထားပြီး တွေးခေါ်ဆောင်ရွက်ကြမယ်ဆိုရင် အားလုံးသာယာဝပြောကြမယ်လို့ ပြောချင်ပါတယ်"ဟု ပြောကြားသည်။

ခရစ်ယာန်ဂိုဏ်းချုပ်ဆရာတော် ချားလ်စ်မောင်ဘိုသည် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရေဦးမြို့အနီး မုံလှရွာဇာတိဖြစ်ကာ ရဟန်းသိက္ခာကို ၁၉၇၆ ခုနှစ်တွင် ခံယူခဲ့ပြီး ကက်သလစ် သာသနာဆိုင်ရာတာဝန်များကို လားရှိုးမြို့တွင် အနှစ် ၂၀ ခန့်၊ ပုသိမ်မြို့တွင် ခုနစ်နှစ်နှင့် ၂၀၀၃ ခုနှစ်မှစကာ ရန်ကုန်မြို့တွင် ဂိုဏ်းချုပ်ဆရာတော်အဖြစ် ၁၁ နှစ်တာ တာဝန်ထမ်းဆောင်ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ကက်သလစ်သာသနာဆိုင်ရာ ဂိုဏ်းချုပ်ဆရာတော် သုံးပါးနှင့် ဂိုဏ်းအုပ်ဆရာတော် ၁၅ ပါးရှိကာ ဂိုဏ်းချုပ်ဆရာတော် သုံးပါးမှာ ရန်ကုန်၊ မန္တလေးနှင့် တောင်ကြီးမြို့တို့တွင်ရှိကြောင်း သိရသည်။

ကက်သလစ်သာသနာဂိုဏ်းချုပ် ပုပ်ရဟန်းမင်းကြီးဖရန်စစ်သည် ဗာတီကန်နိုင်ငံတွင် သီတင်းသုံးနေထိုင်ပြီး တစ်ကမ္ဘာလုံးရှိ ကက်သလစ်ဘာသာဝင်များ၏ အကြီးအမှူးလည်းဖြစ်သည်။ မြန်မာနိုင်ငံတွင် ကက်သလစ်အသင်းတော်ရောက်ရှိခဲ့သည်မှာ နှစ်ပေါင် ၅၀၀ ပြည့်ပြီးဖြစ်ကာ ဆရာတော် ချားလ်စ်မောင်ဘိုနှင့်ပတ်သက်သော သာသနာနယ် ၁၆ ခုရှိကြောင်း သိရသည်။ ဆရာတော်အား ရဟန်းမင်းအမတ်တစ်ပါးအဖြစ် ရွေးချယ်ခဲ့ကြောင်းကို ဇန်နဝါရီ ၅ ရက်တွင် ဗာတီကန်နန်းတော်က ကြေညာခဲ့သည်။

ကက်သလစ်သာသနာ ဂိုဏ်းချုပ်ဆရာတော် ချားလ်စ်မောင်ဘိုကို ရဟန်းမင်းအမတ် (Cardinal) အဖြစ် ရွေးချယ်ခံရခြင်းနှင့်ပတ်သက်၍ နိုင်ငံခြားသံရုံးများ၊ နိုင်ငံခေါင်းဆောင်များနှင့် ကက်သလစ်ဘာသာဝင်များက ဝမ်းမြောက်ကြိုဆိုဂုဏ်ပြုလျက်ရှိကြောင်း သိရသည်။

# နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၆**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လျှောက်ထားချက်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၆ ရက်တွင် **မြို့အမျိုးသားဒီမိုကရေစီပါတီ**က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီ မှတ်ပုံတင်ခွင့် လာရောက်လျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ရခိုင်ပြည်နယ် မြောက်ဦးမြို့ အောင်တပ်ရပ်ကွက် မြို့သစ်ရပ် ဗုဒ္ဓဂါယာလမ်း အိမ်အမှတ်(၁၄၄)တွင် ပါတီရုံးချုပ်တည်ရှိသော **မြို့အမျိုးသားဒီမိုကရေစီပါတီ**က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၆-၁-၂၀၁၅ရက်တွင် လျှောက်ထားလာပါသည်။ ယင်းသို့လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေမှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

**မြို့အမျိုးသားဒီမိုကရေစီပါတီ၏ အလံပုံစံ**



**မြို့အမျိုးသားဒီမိုကရေစီပါတီ၏ တံဆိပ်ပုံစံ**



**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# သတင်းကြေညာချက်

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော CHINNERY ASSETS LIMITED သည် ရခိုင်ကမ်းလွန်လုပ်ကွက်အမှတ် AD-1 နှင့် AD-8 တို့တွင် တွင်းတူးဖော်ခြင်းလုပ်ငန်းများကို Ultra Deep Water Unit (HAI YANG SHI YOU 0981)ဖြင့် ဇန်နဝါရီ ၂၀ ရက်မှ ဇွန် ၃၀ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

တွင်းတူးဖော်ခြင်းလုပ်ငန်းများဆောင်ရွက်သွားမည့် တည်နေရာများမှာ Well No, AD1-1 မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၀၉ မိနစ် ၄၄ ဒသမ ၂၉၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၅ မိနစ် ၂၇ ဒသမ ၆၃၉ စက္ကန့်နှင့် Well No, AD8-1 မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၁ မိနစ် ၀၁ ဒသမ ၀၇၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၁ ဒီဂရီ ၅၄ မိနစ် ၄၁ ဒသမ ၀၂၁ စက္ကန့်တို့တွင်ဖြစ်သည်။

သို့ဖြစ်ပါ၍ ရခိုင်ကမ်းလွန်လုပ်ကွက်အမှတ် AD-1 နှင့် AD-8 တွင် တွင်းတူးဖော်ခြင်းလုပ်ငန်းများကို Ultra Deep Water Unit (HAI YANG SHI YOU 0981)ဖြင့် ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင် ဧရိယာမှ လေးကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners)ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီး၊ သင်္ဘောငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းများ မပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။

**(ငါးလုပ်ငန်းဦးစီးဌာန)**

## မြန်မာနိုင်ငံစာကြည့်တိုက်အသင်း သက်ကြီးပူဇော်ကန်တော့ပွဲ ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၆**

(၁၇)ကြိမ်မြောက် မြန်မာနိုင်ငံစာကြည့်တိုက်အသင်း သက်ကြီးပူဇော်ကန်တော့ပွဲ အခမ်းအနားကို ရန်ကုန်မြို့ တက္ကသိုလ်ရိပ်သာလမ်း တက္ကသိုလ်ဓမ္မာရုံ၌ ဖေဖော်ဝါရီ ၂၈ ရက် (စနေနေ့)နံနက် ၉ နာရီတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည် ဖြစ်သည်။

သက်ကြီး ပူဇော်ကန်တော့ပွဲအတွက် အလှူငွေများကို ဒေါက်တာ ဒေါ်ကေသီထွေး ဖုန်း ၀၉- ၄၅၀၀၁၀၆၇၇ (နေပြည်တော်)၊ ဒေါက်တာ ဒေါ်စန္ဒာဦး ဖုန်း ၀၉-၅၀၅၈၈၄၀ (မန္တလေး)၊ ဒေါက်တာဒေါ်လှိုင်လှိုင်ကြီး ဖုန်း ၀၉-၅၀၇၄၁၃၁ (ရန်ကုန်)နှင့် ဒေါ်မြဦး ဖုန်း ၀၉-၄၉၃၂၄၉၉၀ (ရန်ကုန်)တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(ခင်ချိုဝင်း)**






# နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆု လူတွေ့ဖြေဆိုရမည့်သူစာရင်း ထုတ်ပြန်

နေပြည်တော်   ဇန်နဝါရီ   ၇

နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆု အရည်အချင်းစစ်စာမေးပွဲဖြေဆိုသူ ၂၇၇၃ ဦးအနက် ပထမအသုတ်အနေဖြင့် လူတွေ့ဖြေဆိုရမည့်သူ ၁၄၂ ဦး၏ ခုံနံပါတ်နှင့် အမည်စာရင်းကို ပညာရေးဝန်ကြီးဌာန Website ဖြစ်သော www.myanmar-education.edu.mm တွင်လည်းကောင်း၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား(MRTV)က ဇန်နဝါရီ ၇ ရက် ညနေ ၆ နာရီ သတင်းအပြီးနှင့် ည ၉ နာရီ သတင်းအပြီးတွင် လည်းကောင်း၊ မြန်မာ့အသံနှင့် FM ရေဒီယိုအစီအစဉ်များ တွင်လည်းကောင်း၊ Sky NET Education Channel တွင်လည်းကောင်း ထုတ်ပြန်ကြေညာထားသည်။ လူတွေ့ဖြေဆိုရမည့် နေ့ရက်နှင့်အစီအစဉ်ကို ဆက်လက်ကြေညာမည်ဖြစ်ကြောင်း သတင်းရရှိသည်။

နိုင်ငံတော်သမ္မတ၏ပညာတော်သင်ဆု လူတွေ့ဖြေဆိုရမည့်သူများစာရင်း

***Session Date:Dec 2014***
***Group:Undergraduate (Yangon)***

| စဉ် | ခုံအမှတ် | အမည် |
|---|---|---|
| 1 | Ygn-UG-0007 | မောင်အောင်ကောင်းဆက်ဟိန်း |
| 2 | Ygn-UG-0015 | မောင်အေးချမ်းအောင် |
| 3 | Ygn-UG-0017 | မအေးမြသဉ္ဇာကျော် |
| 4 | Ygn-UG-0020 | မအေးသီတာကျော် |
| 5 | Ygn-UG-0030 | မချယ်ရီဦး |
| 6 | Ygn-UG-0035 | မအိန္ဒြာနှင်းလွင် |
| 7 | Ygn-UG-0037 | မအိမ့်သဉ္ဇာအောင် |
| 8 | Ygn-UG-0038 | မအိအိအောင် |
| 9 | Ygn-UG-0048 | မဟေသာပြည့်စုံ |
| 10 | Ygn-UG-0052 | မောင်ဟိန်းထက်စိုး |
| 11 | Ygn-UG-0056 | မလှမဥ္ဇူခိုင် |
| 12 | Ygn-UG-0057 | မလှယမင်းအိမ် |
| 13 | Ygn-UG-0058 | မောင်လှိုင်လင်းထွန်း |
| 14 | Ygn-UG-0066 | မနှင်းသဇင်နိုင် |
| 15 | Ygn-UG-0067 | မနှင်းသက်ထား |
| 16 | Ygn-UG-0068 | မနှင်းသီတာနွယ် |
| 17 | Ygn-UG-0072 | မဆုမီမီထွန်း |
| 18 | Ygn-UG-0075 | မဆုသီရိထွန်းဦး |
| 19 | Ygn-UG-0086 | မထက်ရွှန်းလဲ့နိုင် |
| 20 | Ygn-UG-0094 | မအိုင်ဗွီမြင့်ထူး |
| 21 | Ygn-UG-0103 | မကေသီ |
| 22 | Ygn-UG-0107 | မခိုင်ပွင့်ဖူးမောင် |
| 23 | Ygn-UG-0108 | မခိုင်သူသူ |
| 24 | Ygn-UG-0111 | မောင်ခန့်ညားပိုင် |
| 25 | Ygn-UG-0112 | မောင်ခန့်ညီလင်း |
| 26 | Ygn-UG-0113 | မောင်ခန့်စည်သူ |
| 27 | Ygn-UG-0116 | မခင်ချမ်းမြေ့သူ |
| 28 | Ygn-UG-0146 | မကြည်လဲ့ယဉ်ဆွေ |
| 29 | Ygn-UG-0147 | မောင်ကြည်မိုးထွန်း |
| 30 | Ygn-UG-0156 | မောင်လူမင်းအောင် |
| 31 | Ygn-UG-0159 | မမေအိမ်မှူး |
| 32 | Ygn-UG-0162 | မမေမြတ်လင်း |
| 33 | Ygn-UG-0174 | မမေရတနာသိန်း |
| 34 | Ygn-UG-0182 | မောင်မင်းသန့် |
| 35 | Ygn-UG-0183 | မောင်မင်းသန့်စင်ထွန်း |
| 36 | Ygn-UG-0184 | မောင်မင်းသန့်တင် |
| 37 | Ygn-UG-0190 | မောင်မင်းစစ်သွေး |
| 38 | Ygn-UG-0192 | မောင်မိုးရဲထက် |
| 39 | Ygn-UG-0198 | မမြတ်ဆုမေမောင် |
| 40 | Ygn-UG-0200 | မမြတ်နိုးဟန် |
| 41 | Ygn-UG-0218 | မနော်ဂလဲစ်(စ်)မောင်မောင် |
| 42 | Ygn-UG-0233 | မောင်ညီထွန်းစံ |
| 43 | Ygn-UG-0255 | မောင်ပြည်စိုးဟိန်း |
| 44 | Ygn-UG-0261 | မဆောင်းဟေမန် |
| 45 | Ygn-UG-0265 | မစောယုနွယ် |
| 46 | Ygn-UG-0270 | မောင်ရှိုင်းလင်းသန့် |
| 47 | Ygn-UG-0273 | မရွှေဝါလွင် |
| 48 | Ygn-UG-0278 | မောင်စည်သူထွန်း |
| 49 | Ygn-UG-0300 | မောင်စွမ်းပြည့်ဖြိုး |
| 50 | Ygn-UG-0301 | မဆွေသက်လျှာဝင်း |
| 51 | Ygn-UG-0311 | မသန့်အိန္ဒြေကျော် |
| 52 | Ygn-UG-0312 | မောင်သန့်ဇင်အောင် |
| 53 | Ygn-UG-0321 | မသိမ့်သီတာ |
| 54 | Ygn-UG-0323 | မသဲဆုလွင် |
| 55 | Ygn-UG-0333 | မသင်းဝေသဇင်တိုး |
| 56 | Ygn-UG-0344 | မောင်သူရိန်ဖွဲ့ |
| 57 | Ygn-UG-0352 | မတင့်ဇာထွဋ် |
| 58 | Ygn-UG-0359 | မောင်ဝေဖြိုးဟိန်း |
| 59 | Ygn-UG-0364 | မဝသန်ဆည်းဆာကျော် |
| 60 | Ygn-UG-0368 | မဝင်းပပလင်း |
| 61 | Ygn-UG-0387 | မရဲရင့် |
| 62 | Ygn-UG-0388 | မရည်မွန်ခြူး |
| 63 | Ygn-UG-0393 | မယဉ်ဝင်းမျိုး |
| 64 | Ygn-UG-0394 | မယွန်းမျက်သွယ် |
| 65 | Ygn-UG-0402 | မောင်ဇော်ရှင်း |
| 66 | Ygn-UG-0412 | မောင်ဇွဲပြည့်စုံထွန်း |

***Session Date:Dec 2014***
***Group:Master (Yangon)***

| စဉ် | ခုံအမှတ် | အမည် |
|---|---|---|
| 1 | Ygn-PGM-0005 | ဦးအာကာမောင်မောင်အောင်ကျော်ထက် |
| 2 | Ygn-PGM-0034 | ဒေါ်အေးမြသီရိကျော် |
| 3 | Ygn-PGM-0099 | ဒေါက်တာအိမွန်ဖြိုး |
| 4 | Ygn-PGM-0109 | မအိတာရာလွင် |
| 5 | Ygn-PGM-0118 | မောင်ဟန်မျိုးဆက် |
| 6 | Ygn-PGM-0132 | မောင်လှိုင်မင်းသွေးအောင် |
| 7 | Ygn-PGM-0146 | မနှင်းနန္ဒကျော် |
| 8 | Ygn-PGM-0149 | မနှင်းပွင့်ခိုင် |
| 9 | Ygn-PGM-0158 | မဆုလာဘ်သူ |
| 10 | Ygn-PGM-0165 | မဆုမြတ်သီရိစိုး |
| 11 | Ygn-PGM-0167 | မဆုသီရိလှိုင် |
| 12 | Ygn-PGM-0182 | မထက်ထက်ဇော် |
| 13 | Ygn-PGM-0274 | ဒေါက်တာခွန်အောင်အောင် |
| 14 | Ygn-PGM-0285 | မောင်ကျော်ဇေမင်း |
| 15 | Ygn-PGM-0316 | မမေမြတ်နိုးခိုင် |
| 16 | Ygn-PGM-0319 | ဒေါက်တာမေဖြူစင် |
| 17 | Ygn-PGM-0332 | မမေသူမြတ်နိုး |
| 18 | Ygn-PGM-0347 | မမွန်မြတ်သူ |
| 19 | Ygn-PGM-0376 | မမျိုးသီတာဆွေ |
| 20 | Ygn-PGM-0379 | မနေရည်ထွန်း |
| 21 | Ygn-PGM-0409 | ဒေါက်တာနီလာအေးထွန်း |
| 22 | Ygn-PGM-0418 | မနွေးဇော်ဦး |
| 23 | Ygn-PGM-0435 | မပန်းမြတ်မွေး |
| 24 | Ygn-PGM-0484 | မစောလှနန္ဒာ |
| 25 | Ygn-PGM-0501 | မရွှေရည်ဦး |
| 26 | Ygn-PGM-0505 | ဒေါ်ရွှေရည်ဝင့် |
| 27 | Ygn-PGM-0508 | မရှာန်လဲန်တီာလ် |
| 28 | Ygn-PGM-0527 | မစုမွန်ဖြိုး |
| 29 | Ygn-PGM-0550 | မောင်စွမ်းထက် |
| 30 | Ygn-PGM-0571 | မောင်သန့်စင်ဝင်း |
| 31 | Ygn-PGM-0575 | မသရဖူအောင် |
| 32 | Ygn-PGM-0592 | မသိမ့်သဉ္ဇာ |
| 33 | Ygn-PGM-0596 | ဒေါ်သက်ထားနွယ် |
| 34 | Ygn-PGM-0634 | ဒေါက်တာသီရိလွင် |
| 35 | Ygn-PGM-0676 | မဝင်းမာစိုး |
| 36 | Ygn-PGM-0685 | မဝင့်မွန်အိန္ဒြာသွင် |
| 37 | Ygn-PGM-0692 | မဝင့်ဝင့်သက် |
| 38 | Ygn-PGM-0755 | မဇင်မာထွန်း |
| 39 | Ygn-PGM-0758 | မဇင်မေထွန်း |

***Session Date: Dec 2014***
***Group: PhD (Yangon)***

| စဉ် | ခုံအမှတ် | အမည် |
|---|---|---|
| 1 | Ygn-PGP-0056 | မအေးငြိမ်းသန့် |
| 2 | Ygn-PGP-0109 | ဒေါ်အိလှိုင်ဖြိုး |
| 3 | Ygn-PGP-0129 | မဖူဂျီကို |
| 4 | Ygn-PGP-0205 | မထူးနန္ဒာ |
| 5 | Ygn-PGP-0269 | မခင်စန္ဒာဝင်း |
| 6 | Ygn-PGP-0317 | မလေးစံပယ်လှိုင် |
| 7 | Ygn-PGP-0367 | မမေသက်တိုး |
| 8 | Ygn-PGP-0420 | မမြသီတာ |
| 9 | Ygn-PGP-0471 | နော်ထီးဆဲခူ |
| 10 | Ygn-PGP-0488 | မနွယ်နီတင်ဝင်း |
| 11 | Ygn-PGP-0639 | မောင်တက်နေထွန်း |
| 12 | Ygn-PGP-0692 | ဒေါက်တာသီဟဆွေ |
| 13 | Ygn-PGP-0725 | တင်နီလာအေး |
| 14 | Ygn-PGP-0763 | မဝေမာဖြိုး |
| 15 | Ygn-PGP-0768 | မဝေဝေလှိုင် |
| 16 | Ygn-PGP-0790 | မဝင်းရွှေရည် |
| 17 | Ygn-PGP-0836 | မယုယုမော် |

***Session Date: Dec 2014***
***Group: Undergraduate (Mandalay)***

| စဉ် | ခုံအမှတ် | အမည် |
|---|---|---|
| 1 | Mdy-UG-0035 | မောင်အစ္စရေးယိန်းဒိန် |
| 2 | Mdy-UG-0044 | မလင်းဖြူစင် |
| 3 | Mdy-UG-0058 | မောင်မျိုးသူရိန် |
| 4 | Mdy-UG-0103 | မောင်သန့်နေဆု |
| 5 | Mdy-UG-0130 | မယမုံဦး |
| 6 | Mdy-UG-0132 | မောင်ရဲထက်ဦး |

***Session Date: Dec 2014***
***Group: Master (Mandalay)***

| စဉ် | ခုံအမှတ် | အမည် |
|---|---|---|
| 1 | Mdy-PGM-0057 | ဒေါ်အိအိခိုင် |
| 2 | Mdy-PGM-0097 | မောင်ဟိန်းထက် |
| 3 | Mdy-PGM-0172 | မခိုင်ဖြူသင်း |
| 4 | Mdy-PGM-0195 | ဒေါ်ခင်မျိုးမြတ်စိုး |

***Session Date: Dec 2014***
***Group: PhD (Mandalay)***

| စဉ် | ခုံအမှတ် | အမည် |
|---|---|---|
| 1 | Mdy-PGP-0056 | မအေးစန္ဒာထွန်း |
| 2 | Mdy-PGP-0552 | မစောစန္ဒီဆွေ |
| 3 | Mdy-PGP-0605 | ဒေါ်စုစုအောင် |
| 4 | Mdy-PGP-0777 | ဒေါက်တာဝင်းမင်းဦး |
| 5 | Mdy-PGP-0796 | ဒေါ်ရတနာဦး |

***Session Date: Dec 2014***
***Group: PhD (Taunggyi)***

| စဉ် | ခုံအမှတ် | အမည် |
|---|---|---|
| 1 | Tgyi-PGP-0030 | မမေသက်လှိုင် |

***Session Date: Dec 2014***
***Group: Undergraduate (Mawlamyine)***

| စဉ် | ခုံအမှတ် | အမည် |
|---|---|---|
| 1 | Mlm-UG-0007 | မနှင်းပွင့်ဖြူ |
| 2 | Mlm-UG-0010 | မမြတ်မီမီကို |

***Session Date: Dec 2014***
***Group: Master (Mawlamyine)***

| စဉ် | ခုံအမှတ် | အမည် |
|---|---|---|
| 1 | Mlm-PGM-0034 | မောင်ပိုင်စိုးအောင် |

***Session Date: Dec 2014***
***Group: Undergraduate (Magwe)***

| စဉ် | ခုံအမှတ် | အမည် |
|---|---|---|
| 1 | Mgw-UG-0007 | မောင်ချိန်ခိုက် |

ပြည်တွင်းရေးရာ

## အမျိုးသားစွမ်းအင်မူဝါဒ ထုတ်ပြန်ကြေညာခြင်း

**နေပြည်တော် ဇန်နဝါရီ ၆**

နိုင်ငံတော်၏စွမ်းအင်နှင့် လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှုကော်မတီ (National Energy Management Committee) နှင့် စွမ်းအင်ဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ (Energy Development Committee) တို့ကို ၉-၁-၂၀၁၃ ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ်(၁၂/၂၀၁၃) ဖြင့် ဖွဲ့စည်းခဲ့ပါသည်။

အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှုကော်မတီသည် အမျိုးသားစွမ်းအင်မူဝါဒ ရေးဆွဲရာတွင် နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ အခြေခံမူများချမှတ်နိုင်ရန်အတွက် အထောက်အကူဖြစ်စေရန် အာရှဖွံ့ဖြိုးရေးဘဏ်၏ နည်းပညာအကူအညီပေးရေး အစီအစဉ်အရ ပြည်တွင်း ပြည်ပ ကျွမ်းကျင်ပညာရှင်တို့မှ ပြုစုရေးဆွဲထားသည့် Myanmar Energy Sector Policy Draft Working Paper နှင့် စွမ်းအင်နှင့်ဆက်နွယ်သည့် ဝန်ကြီးဌာနများမှ ကဏ္ဍအလိုက် ပြုစုပေးပို့ထားသော Current Situation Analysis များ၊ မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်များကို အခြေခံ၍ ပေါင်းစပ်ညှိနှိုင်းပြုစုရေးဆွဲခဲ့ပါသည်။

အဆိုပါအပြီးသတ်ရေးဆွဲပြုစုပြီးဖြစ်သော အမျိုးသားစွမ်းအင်မူဝါဒ စာတမ်းပါ မူဝါဒ(၉)ချက်အား အများပြည်သူသိရှိနားလည်နိုင်ရန်နှင့် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရန်အတွက် ထုတ်ပြန်ကြေညာလိုက်ကြောင်း သတင်းရရှိပါသည်-

**အမျိုးသားစွမ်းအင်မူဝါဒ(၉)ချက်**

၁။ မြန်မာနိုင်ငံတွင် လက်တွေ့အသုံးပြုရန် အလားအလာကောင်းသော စွမ်းအင်သယံဇာတအရင်းအမြစ်များကို သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင် သက်ရောက်မှုအနည်းဆုံးဖြင့် သိပ္ပံနည်းကျလက်တွေ့ ရှာဖွေဖော်ထုတ် အသုံးပြုရန်နှင့် စနစ်တကျ လေ့လာသိရှိသော ခိုင်မာသည့် အချက်အလက်များကို အခြေခံပြီး တိုင်းပြည်၏ ရေတို၊ ရေရှည် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသေးစိတ်စီမံချက် ချမှတ်ဆောင်ရွက်ရန်၊

၂။ မြန်မာနိုင်ငံတွင် လက်ရှိဖွဲ့စည်းဆောင်ရွက်လျက်ရှိကြသည့် နိုင်ငံပိုင် စွမ်းအင်လုပ်ငန်းအဖွဲ့အစည်းများကို နိုင်ငံတော်၏ စီးပွားရေးမူဝါဒ ပြုပြင်ပြောင်းလဲမှုများနှင့်အညီ သုံးသပ်ပြီး ပုဂ္ဂလိကကဏ္ဍ၏ ပါဝင်ဆောင်ရွက်လာနိုင်မှု စွမ်းရည်မြှင့်တင်ရန်နှင့် ပုဂ္ဂလိကကဏ္ဍမှ အဓိက ဆောင်ရွက်နိုင်စေရေးအတွက် လိုအပ်သော ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ ချမှတ်ဆောင်ရွက်ရန်၊

၃။ စွမ်းအင်ကဏ္ဍအသီးသီး၏ ပြည်တွင်းလိုအပ်ချက်နှင့် ထုတ်လုပ်ဖြည့်ဆည်းနိုင်မှုပမာဏ အမှန်ကိန်းဂဏန်းရရှိရေး ဆောင်ရွက်ရန်၊

၄။ ရှာဖွေတွေ့ရှိသည့် စွမ်းအင်သယံဇာတများကို ထွက်ရှိရာ ဒေသအပါအဝင် ပြည်သူလူထုတစ်ရပ်လုံး အချိုးကျရရှိသုံးစွဲမှုဖြစ်စေရေး ဆောင်ရွက်ရန်၊

၅။ မြန်မာနိုင်ငံ့စွမ်းအင်ကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး (Sustainable Energy Development) အတွက် ပြန်ပြည့်မြဲ စွမ်းအင်များဖြစ်သော လေ၊ နေ၊ ရေအား၊ ဘူမိအပူနှင့် ဇီဝစွမ်းအင်စသည့် (Renewable Energy) အမျိုးအစားများအား ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော် ဆောင်ရွက်သွားရန်၊

၆။ စွမ်းအင်အသုံးပြုမှု စွမ်းရည်တိုးမြင့်လာစေရေးနှင့် စွမ်းအင်ချွေတာရေးတို့ကို မြှင့်တင်ဆောင်ရွက်ရန်၊

၇။ စွမ်းအင်ရှာဖွေထုတ်လုပ်ရေးလုပ်ငန်းများကို နိုင်ငံတကာအဆင့်မီ ကျွမ်းကျင်စွာ ဆောင်ရွက်နိုင်ရန်နှင့် အရည်အသွေးကောင်းမွန်စွာ ထုတ်လုပ်ဆောင်ရွက်နိုင်ရန်အတွက် သုတေသနနှင့်ဖွံ့ဖြိုးရေး၊ ဒီဇိုင်း၊ ထုတ်လုပ်ရေးနှင့် အတတ်ပညာ ဖြန့်ဖြူးရေးလုပ်ငန်းများ (Research, Development, Design & Dissemination) တည်ထောင်ဆောင်ရွက်ရန်၊

၈။ စွမ်းအင်ဆိုင်ရာကိစ္စရပ်များကို နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ရန်၊

၉။ စွမ်းအင်ဈေးနှုန်းများ သတ်မှတ်ရာတွင် စွမ်းအင်ထုတ်လုပ်သူနှင့် စွမ်းအင်သုံးစွဲသူ နှစ်ဦးနှစ်ဖက်စလုံးအတွက် စီးပွားရေး အာမခံချက်ရှိသည့် မူဝါဒများ ချမှတ်ရန်။

## ကုလသမဂ္ဂ၏ မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စ ရန်ဟီလီနှင့်အဖွဲ့ ရန်ကုန်မြို့သို့ ရောက်ရှိ

**ရန်ကုန် ဇန်နဝါရီ ၆**

ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စ ရန်ဟီလီနှင့်အဖွဲ့သည် (၂၈)ကြိမ်မြောက် လူ့အခွင့်အရေးကောင်စီသို့ တင်သွင်းမည့် အစီရင်ခံစာပြုစုရေးအတွက် မြန်မာနိုင်ငံသို့ ဒုတိယအကြိမ်အဖြစ် ယနေ့ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာသည်။

မစ္စ ရန်ဟီလီနှင့်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြတ်ကျော်ကျော်၊ နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်သူငြိမ်းနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

## ထိုင်း-မြန်မာနယ်စပ် မြဝတီမြို့ကို ဆက်သွယ်ပေးမည့် အာရှလမ်းမအကောင်အထည်ဖော်

**ကော့ကရိတ် ဇန်နဝါရီ ၆**

ကရင်ပြည်နယ်အတွင်းရှိ အများပြည်သူ သွားလာရေးလွယ်ကူချောမွေ့စေရန်နှင့် ကုန်ပစ္စည်းများ သယ်ယူပို့ဆောင် ရောင်းဝယ်လုပ်ကိုင်နေကြသူများ အဆင်ပြေစေရန်အတွက် ကော့ကရိတ်မြို့နယ်နှင့် ထိုင်း-မြန်မာနယ်စပ် မြဝတီမြို့ကို ဆက်သွယ်ပေးမည့် အာရှလမ်းမကြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ အာရှလမ်းမ၏ အဓိက ဝင်ပေါက်လမ်းပိုင်းအား ကော့ကရိတ်မြို့နယ်ဘက်ခြမ်း၌ ကော့ကရိတ်မြို့နယ် မွေးမြူရေးဇုန်အနီး ဆောင်ရွက်ထားရှိခြင်းဖြစ်ပြီး ယခုအခါ မွေးမြူရေးဇုန်အနီးရှိ ချောင်းအား ဖြတ်သန်းရန်အတွက် ကွန်ကရစ်ပေါင်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ **(အောက်ယာပုံ)**

ကော့ကရိတ်မြို့နယ် မွေးမြူရေးဇုန်အနီး နေထိုင်သော ဒေသခံတစ်ဦးက "ဒီအရှေ့က မွေးမြူရေးဇုန်ပေါ့။ လမ်းက ခင်းထားတာ ဒီတစ်လမ်းတည်းပါ။ ဒါပေမယ့် ရွာတွေကနေ လမ်းခွဲတွေရှိတယ်။ အဲဒီလမ်းခွဲတွေကနေ မောင်းလာပြီး ဒီလမ်းမအသစ်ပေါ်ကို တက်လာလို့ရပါတယ်။ ခွဲထွက်မယ့် လမ်းတွေကတော့ရှိတာပေါ့။ ဒီနားမှာ တင်ဖြတ်ထွက်လို့ရတဲ့လမ်းလည်း ရှိပါတယ်။ ဒီအာရှလမ်းမစီမံကိန်းကို မနှစ်က စတင်လုပ်ကိုင်နေတာ တွေ့ပါတယ်။ မိုးတွင်းကျတော့ လုပ်ငန်းခွင်ကို ခဏရပ်နားထားတာ တွေ့ရပြီး အခုလက်ရှိဆက်လုပ်နေကြတာတော့ တွေ့ရပါတယ်။ တစ်ခါတလေ ကျွန်တော်ကြုံကြိုက်လို့ လုပ်ငန်းခွင်ကိုလာကြည့်တာ ထိုင်းနိုင်ငံဘက်က ထိုင်းနိုင်ငံသား တာဝန်ရှိသူတွေကို တွေ့ရသလို မြန်မာတာဝန်ခံတွေလည်း တွေ့ရပါတယ်။ မြန်မာတာဝန်ခံကတော့ ပိုများတာပေါ့" ဟု ဆိုသည်။

ယခင်ကော့ကရိတ်မြို့နယ်မှတစ်ဆင့် မြဝတီမြို့သို့တောင်ပေါ်ပတ်လမ်းဟောင်းအတိုင်းယာဉ်ဖြင့် သွားမည်ဆိုပါက လမ်းပိတ်ဆို့မှုမရှိလျှင် သုံးနာရီကြာ မောင်းနှင်ရကြောင်း၊ တောင်ပတ်လမ်းအတွင်း မြေပြိုကျမှုများဖြစ်ပွားလျှင် လမ်းပိတ်ဆို့မှုကြောင့် ယာဉ်များ တန်းစီစောင့်ဆိုင်းကြရကြောင်း၊ ပြိုကျမြေကြီးများကို မြေသယ်ကရိန်းစက်များဖြင့် ရှင်းလင်းရကြောင်း၊ ယင်းသို့ ရှင်းလင်းစဉ် ခရီးသည်တင်ယာဉ်များနှင့် အခြားကိုယ်ပိုင်ယာဉ်များမှာ အချိန်တော်တော်ကြာသည်အထိ စောင့်ဆိုင်းရကြောင်းနှင့် တောင်ပေါ်ပတ်လမ်း ကျဉ်းသည်နှင့်အမျှ ယာဉ်တစ်စီးပျက်လျှင် လမ်းပိုင်းတောက်လျှောက် ယာဉ်များတန်းစီစောင့်ဆိုင်းကြရကြောင်း သိရသည်။

"လက်ရှိ ချောင်းနားမှာ တိုင်တွေစိုက်ထားတာတွေ့ရပါတယ်။ ဒီအာရှလမ်းသစ်ကတော့ လုပ်ငန်းခွင်မှာ အလုပ်လုပ်ချိန်ဆို ဘယ်ယာဉ်ကိုမှ ပေးမသွားပါဘူး။ မြဝတီဘက်ကလာတဲ့ ယာဉ်ပဲဖြစ်ဖြစ်၊ ဒီကော့ကရိတ်ဘက်က သွားချင်တဲ့ ယာဉ်ပဲဖြစ်ဖြစ် သူတို့အလုပ်ချိန်မှာ မဖြတ်သန်းခိုင်းပါဘူး။ ယာဉ်တွေအားလုံး ရပ်ထားရပါတယ်၊ အလုပ်ချိန်ပြီးပြီဆိုတာနဲ့ မောင်းကြပေါ့။ မနက်က ကျွန်တော့်အစ်မကို ကျွန်တော့်ညီငယ်က ဆိုင်ကယ်နဲ့ မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်မှာ မြဝတီကိုသွားပို့တာ မွန်းလွဲ ၁ နာရီ မိနစ် ၂၀ မှာ မြဝတီဘက်ကိုသူတို့ ရောက်သွားကြတယ်။ တော်တော်လေးမြန်ပါတယ်။ ဟိုဘက်သယ်န်းညီနောင်နဲ့ လမ်းခွဲတဲ့နေရာမှာ ကတ္တရာလမ်း တစ်ဝက်လောက်ပြီးနေပြီတဲ့။ ကျွန်တော်တော့ မရောက်သေးပါဘူး။ ဒီဘက်ကျတော့ မြေဖို့နေတယ်။ လမ်းခင်းနေတာပေါ့နော်။ ခုလက်ရှိ ဒီလမ်း မဖွင့်သေးပေမယ့် ပေးမောင်းထားတာ ယာဉ်မောင်းတွေအတွက် တော်တော်အဆင်ပြေပါတယ်။ ကတ္တရာလမ်းခင်းပြီးသွားပြီဆိုရင်တော့ ၄၅ မိနစ်လောက်ပဲကြာမယ်လို့ ယာဉ်မောင်းများရဲ့ ပျော်ရွှင်ဖွယ်ပြောသံကို ကြားရပါတယ်။ နောက်ပိုင်း တောင်ပေါ်လမ်းဟောင်းကို အသုံးပြုသူနည်းသွားမှာပါ။ ဒီအာရှ လမ်းသစ်ကတော့ အလွန်စည်ကားသွားမှာပါ" ဟု ဗိုလ်ချုပ်လမ်းတွင် နေထိုင်သူတစ်ဦးက ပြောကြားသည်။

ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံကို ဆက်သွယ်ပေးမည့် အဆိုပါအာရှလမ်းမ ပြီးစီးပါက နေ့စဉ် အသွား၊ အပြန်လုပ်ကြမည့် စီးပွားရေးလုပ်ငန်းရှင်များ၊ ယာဉ်မောင်းများ၊ မြန်မာနိုင်ငံအတွင်းရှိ အနယ်နယ်အရပ်ရပ်မှ ထိုင်းနိုင်ငံနယ်စပ်သို့ ဝင်ရောက်လည်ပတ်ကြမည့် ပြည်သူများမှာ အချိန်တိုအတွင်း သွားလာနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ - စိုးဝင်း(MLA)**



### ● ယူ ၂၀ ကမ္ဘာ့ဖလားမှ

ယင်းကဲ့သို့ ကမ္ဘာကျော်ဘောလုံးသမားများစွာ ထွက်ပေါ်နေသည့် ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲကို မြန်မာယူ-၂၀ အသင်း ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိထားခြင်းက အတွေ့အကြုံကောင်းများစွာ ရရှိစေမည်ဖြစ်သည်။ လက်ရှိတွင် ပြိုင်ပွဲဝင်အသင်းအရေအတွက် စုံလင်ခြင်းမရှိသေးသော်လည်း ဂျာမနီ၊ ပေါ်တူဂီ၊ ယူကရိန်းစသည့် ဥရောပအသင်းကြီးများ ခြေစစ်ပွဲအောင်မြင်ထားကြသည်။ နောင်တစ်ချိန် ကမ္ဘာကျော်များဖြစ်လာနိုင်သည့် ကစားသမားများ၊ ခြေစွမ်းမြင့်မားသည့် အသင်းများနှင့် ကစားခွင့်ရရှိခြင်းက မြန်မာလူငယ် ဘောလုံးသမားများအတွက် အဖိုးမဖြတ်နိုင်ပေ။ မြန်မာ့ဘောလုံးသမိုင်းတွင် ကမ္ဘာ့ဖလားပြိုင်ပွဲကို ပထမဆုံးအကြိမ် ယှဉ်ပြိုင်ခွင့်ရရှိထားသည့် မြန်မာယူ-၂၀ အသင်းအနေဖြင့်လည်း ခြေစွမ်းအဆင့်မီစွာ ယှဉ်ပြိုင်နိုင်ရန်အတွက် ပြင်ဆင်နေပါကြောင်း . . . ။

## ပြည်ကြီးမဏ္ဍိုင် ခိုင်မာဖို့ အခွန်တာဝန် ကျေပွန်စို့

### ❖ ၂၀၁၄ ခုနှစ်မှ

ယခု ၂၀၁၅ ခုနှစ်အတွင်းတွင် ခရီးသွားမြှင့်တင်ရေးများ ဆောင်ရွက်သွားမည်ဖြစ်ရာ ယခုလကုန်ပိုင်းတွင် နေပြည်တော်၌ (၃၄) ကြိမ်မြောက် အာဆီယံခရီးသွားဖိုရမ်ကို လက်ခံကျင်းပသွားမည်ဖြစ်သည်။ အဆိုပါဖိုရမ်သို့ နိုင်ငံပေါင်း ၄၀ မှ ခရီးသွားလာရေးဝန်ကြီးများ၊ တာဝန်ရှိသူများ၊ မီဒီယာများ အပါအဝင် ဧည့်သည်ပေါင်း ၁၅၀၀ ခန့် တက်ရောက်ကြမည်ဖြစ်သည်။ **(၀၀၁)**

### ❒ ကမ္ဘာ့တန်ဖိုးအကြီးဆုံးမှ

ဘာစီလိုနာတိုက်စစ်မှူး မက်ဆီ၏ နောက်တွင် ရီးယဲလ်မက်ဒရစ်တိုက်စစ်မှူး စီရိုနယ်လ်ဒိုက ပေါင် ၁၀၄ ဒသမ ၃ သန်းဖြင့် ဒုတိယနေရာတွင် ရပ်တည်နေပြီး မက်ဆီနှင့် စီရိုနယ်လ်ဒိုတို့၏ တန်ဖိုးကွာဟမှုသည် ပေါင် ၆၈ သန်းအထိ ရှိနေကြောင်း သိရသည်။

ကမ္ဘာ့ထိပ်တန်းအဆင့်ရှိ ကစားသမားများ၏ တန်ဖိုးသတ်မှတ်ချက်ကို အစဉ်လိုက်ဖော်ပြရလျှင် အဆင့်(၁) တွင် ပေါင် ၁၇၂ သန်းဖြင့် မက်ဆီကလည်းကောင်း၊ အဆင့်(၂) တွင် ပေါင် ၁၀၄ ဒသမ ၃ သန်းဖြင့် စီရိုနယ်လ်ဒိုကလည်းကောင်း၊ အဆင့်(၃)တွင် ပေါင် ၇၇ ဒသမ ၆ သန်းဖြင့် ချယ်လ်ဆီးတိုက်စစ်မှူး အေဒင်ဟာဇက်ကလည်းကောင်း၊ အဆင့်(၄)တွင် ပေါင် ၆၅ ဒသမ ၉ သန်းဖြင့် ချယ်လ်ဆီးတိုက်စစ်မှူး ဒီယေဂိုကော်စတာကလည်းကောင်း၊ အဆင့်(၅)တွင် ပေါင် ၅၆ ဒသမ ၄ သန်းဖြင့် ဂျူဗင်တပ်ကွင်းလယ်ကစားသမား ပေါလ်ပေါ့ဘာကလည်းကောင်း၊ အဆင့်(၆)တွင် ပေါင် ၅၁ သန်းဖြင့် မန်စီးတီးတိုက်စစ်မှူး အဂူရိုကလည်းကောင်း၊ အဆင့်(၇)တွင် ပေါင် ၄၉ ဒသမ ၄ သန်းဖြင့် လီဗာပူးတိုက်စစ်မှူး စတာလင်ကလည်းကောင်း၊ အဆင့်(၈)တွင် ပေါင် ၄၈ ဒသမ ၆ သန်းဖြင့် ချယ်လ်ဆီးကွင်းလယ်ကစားသမား ဖာဘရီဂတ်စ်ကလည်းကောင်း၊ အဆင့်(၉)တွင် ပေါင် ၄၇ ဒသမ ၈ သန်းဖြင့် အာဆင်နယ်ကွင်းလယ်ကစားသမား ဆန်းချက်ဇ်ကလည်းကောင်း၊ အဆင့်(၁၀)တွင် ပေါင် ၄၇ သန်းဖြင့် ရီးယဲလ်မက်ဒရစ်တိုက်စစ်မှူး ဂါရတ်ဘေးလ်ကလည်းကောင်း အသီးသီး ရပ်တည်နေကြောင်း သိရသည်။ **(နိုင်လင်းကြည်)**

### ■ ပုဂ္ဂလိကပိုင်မှ

"ကလေးမြို့မှာ အရင်တုန်းက အဆောက်အအုံဆောက်တော့မယ်ဆိုရင် စည်ပင်ကို တင်ပါတယ်။ ခွင့်ပြုချက်က တော်တော်နဲ့မကျပါဘူး။ ဆောက်လုပ်ပါဆိုတဲ့ ခွင့်ပြုချက်ကိုစောင့်ရင်း အုတ်ဈေးတက်၊ ဘိလပ်မြေဈေးတက်သွားတာတွေရှိတယ်။ ဥပဒေတွေပြဋ္ဌာန်းပြီးနောက်ပိုင်း မြန်လာတာကို တွေ့ရတယ်။ အခုလည်း ဆောက်လုပ်ခွင့်ကို တစ်လအတွင်းရမယ်။ ငွေလည်း အတိအကျသွင်းရမယ်ဆိုတော့ အဆင်ပြေပါတယ်"ဟု ဒေသခံတစ်ဦးက ပြောသည်။

နံကပ်တစ်ထပ်နှင့် နှစ်ထပ်အဆောက်အအုံများ ဆောက်လုပ်ပါက မြို့နယ်စည်ပင်သာယာရေးကော်မတီက ခွင့်ပြုချက်ပေးမည်ဖြစ်ပြီး သုံးထပ်နှင့်အထက် အဆောက်အအုံများဆိုပါက လေကြောင်းကင်းလွတ်ကြောင်း ထောက်ခံချက်နှင့် မြေစမ်းသပ်ချက်တို့နှင့်အတူ တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့သို့ ဆောက်လုပ်ခွင့်တင်ပြရမည်ဖြစ်ကြောင်း သိရသည်။ **(လင်းလက်ကြယ်စင်)**

### ○ ကျောဖုံးမှ

မြို့ဟောင်းနေရာ တည်ရှိသောနေရာ၌ တောင်ဘက်၊ မြောက်ဘက်အဝင်နေရာများတွင် မြေကျုံးနေရာများနှင့် ရှေးခေတ်လက်ရာ အုတ်ချပ်များမှာ အထက်ငါးမိုင်ခန့်အကွာ သံမိုးတောင်အောက်ရှိ အထက်ခရင်းမြို့ဟောင်း မြို့ရိုးမှ အုတ်အမျိုးအစားနှင့် တူညီနေသည်ကို တွေ့ရှိရကြောင်း တာဝန်ရှိသူများက ပြောပြသည်။ အဆိုပါ ရှေးဟောင်းနေရာများကို ကွင်းဆင်းစစ်ဆေးခြင်းဖြင့် သမိုင်းကွင်းဆက်များကို ဆက်လက်ဖော်ထုတ်နိုင်မည်ဟုလည်း သိရှိရသည်။ **ကိုလွင်(ဆွာ)**

# ဘာသာတရားအားလုံး ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်သွားကြရန် နှီးနှောဖလှယ်

**သီတဂူဆရာတော်ကြီးသည် နောက်ပါတပည့်များဖြစ်သည့် အရှင်ဥက္ကံသ၊ အရှင်ဝိသုတ၊ သီတဂူဦးကျော်မိုးနိုင်တို့ကို ဦးဆောင်လျက် အီရန်နိုင်ငံ ယဉ်ကျေးမှုနှင့် ဆက်ဆံရေးဝန်ကြီးဌာန၏ဖိတ်ကြားမှုဖြင့် အီရန်နိုင်ငံ၌ ကျင်းပသည့် အစ္စလာမ်နှင့် ဗုဒ္ဓဘာသာနှစ်ခုအကြား အချင်းချင်း ဘာသာရေးဆိုင်ရာ နှီးနှောဖလှယ်ပွဲ (Multilateral Dialogue between Islam and Buddhism) ဆွေးနွေးပွဲတက်ရောက်ရန် ဒီဇင်ဘာ ၂၉ ရက် နံနက်ပိုင်းက ကာတာလေကြောင်းဖြင့် မြန်မာနိုင်ငံမှ အီရန်နိုင်ငံသို့ ထွက်ခွာခဲ့သည်။**

ဒီဇင်ဘာ ၃၀ ရက်တွင် Islamic Culture and Relation Organization ရုံးချုပ်၌ ဆွေးနွေးပွဲကို စတင်ခဲ့သည်။

ဆွေးနွေးပွဲ၏ အဓိကခေါင်းစဉ်မှာ "အစွန်းရောက်မှု၊ အကြမ်းဖက်မှုများကို မူဆလင်ဘာသာဝင်များနှင့် ဗုဒ္ဓဘာသာဝင်နှစ်ခုတို့က ပူးပေါင်း၍ မည်ကဲ့သို့ရင်ဆိုင်ဖြေရှင်းအဖြေရှာကြမလဲ" (Cooperation between Muslims and Buddhists in confronting violence and extreme) ခေါင်းစဉ်ဖြစ်သည်။ ဆွေးနွေးပွဲကို ဗုဒ္ဓဘာသာအဖွဲ့မှ မြန်မာနိုင်ငံ ဗုဒ္ဓဘာသာကိုယ်စားပြုအဖြစ် သီတဂူဆရာတော်ကြီး၊ ထိုင်းနိုင်ငံ ဗုဒ္ဓဘာသာကိုယ်စားပြုအဖွဲ့အဖြစ် Phra Khru Wibulphatthanakit၊ သီရိလင်္ကာနိုင်ငံ ဗုဒ္ဓဘာသာကိုယ်စားပြုအဖြစ် နိုင်ငံတကာဗုဒ္ဓဘာသာလေ့လာရေးဌာနမှ ဒါရိုက်တာပရော်ဖက်ဆာဒေါက်တာကွန္ဒာစာရနှင့် သီရိလင်္ကာနိုင်ငံသမ္မတ၏ အကြံပေးဆရာတော် ဓမ္မသာမိတို့ တက်ရောက်ကြသည်။

အစ္စလာမ်ဘာသာ ကိုယ်စားပြုအဖြစ် အစ္စလာမ့်ယဉ်ကျေးမှုနှင့် ဆက်ဆံရေးအဖွဲ့မှ ဥက္ကဋ္ဌ Dr.Abuzar Ibrahimi, Inter Religious Dialogue Center မှ ညွှန်ကြားရေးမှူး Dr.Ali Mohammd Helmi, တီဟီရန်တက္ကသိုလ် ဝိဇ္ဇာဌာနမှ ဥက္ကဋ္ဌ Dr. Hassan Bolkhari, Academy of Sciences အစ္စလာမ့် လေ့လာရေးဌာနမှ ဥက္ကဋ္ဌ Ayatollah Professor Seyed Mostafa Mohaqeq Dmad, University of Religions and Religious Denominations မှ ဥက္ကဋ္ဌ Hojjatoleslam Dr. Abulhassan Navab နှင့် အခြားသော အစ္စလာမ့်ဘာသာရေးခေါင်းဆောင်များ၊ အဖွဲ့ဝင်များတက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် သီတဂူဆရာတော်ကြီးက "မြတ်ဗုဒ္ဓ၏ဒေသနာတော်၌လာသော လူမှုရေးပဋိပက္ခ၏ အကြောင်းအရင်းများကိုဖြေရှင်းရန် နည်းလမ်းများ" ဟူသော ခေါင်းစဉ်ဖြင့် စာတမ်းဖတ်ကြားဆွေးနွေးပြီး ထိုင်းဆရာတော်၊ သီဟိုဠ်ဆရာတော်များကလည်း စာတမ်းများ ဖတ်ကြားဆွေးနွေးကြသည်။ ထို့နောက်အစ္စလာမ့်တက္ကသိုလ်အသီးသီးမှ ပရော်ဖက်ဆာများ၊ ဥက္ကဋ္ဌများကလည်း စာတမ်းများ ဖတ်ကြားခဲ့ကြသည်။

နံနက်ပိုင်းအစည်းအဝေးပြီးစီးချိန်မှစ၍ ထိုင်းနိုင်ငံဆရာတော်၊ သီဟိုဠ်ဆရာတော်တို့က နောင်တွေ့ဆုံပွဲများ၌ သီတဂူဆရာတော်ကြီးကို ဗုဒ္ဓဘာသာခေါင်းဆောင်အဖြစ် ဆွေးနွေးစေခဲ့သည်။

ညနေ ၃ နာရီတွင် အီရန်သမ္မတ ဒေါက်တာရူဟာနီ၏ အထူးအကြံပေး H.I Younesi နှင့် သီတဂူဆရာတော်ကြီး ဦးဆောင်သော ဗုဒ္ဓဘာသာအဖွဲ့တို့ ဘာသာရေး၊ လူမှုရေးဆိုင်ရာအမြင်များကို ဆွေးနွေးတိုင်ပင်ကြသည်။

တစ်နေ့တာ နောက်ဆုံးအစီအစဉ်ဖြင့် သီတဂူဆရာတော်ကြီး ဦးဆောင်သော ဗုဒ္ဓဘာသာအဖွဲ့နှင့်



အီမန်ခိုမေနီ Relief Foundation ခေါင်းဆောင်တို့ တွေ့ဆုံပြီး ဗုဒ္ဓဘာသာနှင့် အစ္စလာမ်တူညီမှုများကို ချစ်ခင်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ဒီဇင်ဘာ ၃၁ ရက် ဒုတိယနေ့ ဆွေးနွေးပွဲကို ရှေးဟောင်းကွမ်းမြို့ရှိ ဘာသာရေးတက္ကသိုလ်တွင် (University of Religions and Denominations) ဆက်လက်ကျင်းပခဲ့သည်။

ထိုဆွေးနွေးပွဲတွင် ဗုဒ္ဓဘာသာအဖွဲ့မှ သံဃာတော်တို့နှင့် တက္ကသိုလ်ပါမောက္ခများက စာတမ်းများဖတ်ကြားဆွေးနွေးကြသည်။ သီတဂူဆရာတော်က ဤဆွေးနွေးပွဲမှ အစ္စလာမ်ဘာသာဝင် ပါမောက္ခတို့၏ ဆွေးနွေးချက်များကို နားထောင်ရသည့်အတွက် အလွန်ကျေးဇူးတင်ကြောင်း၊ လူသားတို့အတွက် အမြဲမှန်ကန်သော သစ္စာတရားရှိသော်လည်း မသိနားမလည်သည့် အောက်ခြေလူထု အများအပြားပင်ရှိသေးသဖြင့် ယခုမိမိတို့ ရောက်ရှိနေသော ဘာသာရေးတက္ကသိုလ်ကဲ့သို့ တစ်နေရာတည်း၌ ဘာသာပေါင်းစုံ သင်ကြားသော ဘာသာရေးတက္ကသိုလ်များ များများတည်ထောင်ဖို့ အထူးပင်လိုအပ်ကြောင်း၊ အခြေခံကျောင်းများမှာ ဘာသာရေးဆိုင်ရာအသိပညာများ သင်ကြားပေးသင့်ကြောင်း တိုက်တွန်းပြောကြားခဲ့သည်။

ဗုဒ္ဓဘာသာတွင် သီလ၊ သမာဓိ၊ ပညာတို့သည် လူတိုင်းကျင့်ရမည့် ကျင့်စဉ်ဖြစ်ကြောင်း၊ ဤတရားများ လူသားတို့၏ သန္တာန်တွင်ကင်းမဲ့ပါက မဖြစ်သင့်သည့် အရာများ ဖြစ်ပွားနိုင်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ဘာသာဝင်အချင်းချင်း ချစ်ကြည်ရင်းနှီးမှု ပိုမိုရရှိစေရန်နှင့် တည်မြဲရန် မိမိတို့တက္ကသိုလ်အနေဖြင့် ဆရာ၊ ကျောင်းသား အပြန်အလှန်ဖလှယ်ခြင်းကို ဆောင်ရွက်ရန် ဆွေးနွေးခဲ့သည်။ အစ္စလာမ်ဘာသာရေးတက္ကသိုလ်ဘက်ကလည်း မိမိတို့မှာ ပါဠိဘာသာနှင့် ဗုဒ္ဓဘာသာသင်ကြားပေးမည့်သူ လိုအပ်ကြောင်း မေတ္တာရပ်ခံရာ သီတဂူဆရာတော်က မိမိတက္ကသိုလ်မှ ပါဠိဆရာ စေလွှတ်ပေးနိုင်သည်ဟု ပြောကြားခဲ့သည်။

သီတဂူဆရာတော်ကြီးက ဤကဲ့သို့သော ဆွေးနွေးပွဲသည် နှစ်ဖက်ဘာသာဝင်တို့အကြား နားလည်မှုပိုမိုရရှိစေရန် အရေးပါလှသဖြင့် နောက်နောင်တွင်လည်း မိမိတို့ ဘက်မှ ကျင်းပပါဦးမည်။ ထိုအခါ လာရောက်နိုင်ပါရန် ဖိတ်ကြားပါမည်ဟု ပြောကြားခဲ့သည်။

ဆွေးနွေးပွဲအပြီး၌ သီတဂူဆရာတော်ကြီးအား အစ္စလာမ်ဘာသာရေးခေါင်းဆောင်များ၊ တက္ကသိုလ်ဆရာများက ၎င်းတို့ရေးသားသော စာအုပ်များကို လက်ဆောင်များပေးကြပြီး ဆရာတော်ကြီးကို ချစ်ခင်လေးစားကြောင်း ပြသကြသည်။

ထိုဘာသာရေးတက္ကသိုလ်မှ အစ္စလာမ်ပါမောက္ခဆရာကြီးတစ်ယောက်က မြတ်ဗုဒ္ဓ၏ ဣတိဝုတ္တက ပါဠိတော်ကြီးကို အီရန် ပါရှန်းဘာသာလို ပြန်ထားသည်။ နောက်ဆရာကြီးတစ်ယောက်က အရိမေတ္တေယျ နောင်ပွင့်တော်မူမည့် ဘုရားအကြောင်း စာအုပ်ရေးသားထားသည်။

ဆွေးနွေးပြီးသော်လည်း ထိုအစ္စလာမ် ပါမောက္ခဆရာကြီးများက သီတဂူဆရာတော်ကြီးကို ဗုဒ္ဓဘာသာအကြောင်း အကျဉ်းချုပ် ဟောပြောပို့ချပေးပါရန် တောင်းဆိုလာသဖြင့် သီတဂူဆရာတော်ကြီးက မြတ်ဗုဒ္ဓဒေသနာတော်၏ အနှစ်ဖြစ်သည့် "သီလ၊ သမာဓိ၊ ပညာ" အကြောင်းကို အကျဉ်းချုပ်ဟောပြောခဲ့သည်။

ဆွေးနွေးပွဲကို ညနေ ၃ နာရီတွင် အချက် (၁၀)ချက်ပါဝင်သော ပူးပေါင်းထုတ်ပြန်ချက်အား လက်မှတ်ရေးထိုးခြင်းဖြင့် အောင်မြင်စွာပြီးဆုံးခဲ့သည်။ **(ကြေးမုံ)**

---

# Bogart Lingerie အထည်ချုပ်စက်ရုံ အလုပ်သမားရေးရာကိစ္စပြေရှင်းပြီးစီး သဘောတူစာချုပ်ပါ နစ်နာကြေးလစာ၊ တိုးမြှင့်လစာနှင့် နှစ်ပြည့်ဆုကြေးများပေးအပ်

**ရန်ကုန် ဇန်နဝါရီ ၆**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ရွှေသံလွင်စက်မှုဇုန် မင်းဧရာလမ်း အမှတ်(၁၁၄)ရှိ အလုပ်သမား အမျိုးသား ၁၀၅ ဦး၊ အမျိုးသမီး ၂၀၄၃ ဦး ပေါင်း ၂၁၄၈ ဦး အလုပ်လုပ်ကိုင်လျက်ရှိသော ကိုရီးယားလူမျိုး Mr. Chung Fook Pui ပိုင် Bogart Lingerie အထည်ချုပ်စက်ရုံတွင် ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၉ ရက်က အလုပ်သမားများလုပ်ငန်းခွင် မဝင်ရောက်ဘဲ မသီရိစုဝေပါ အလုပ်သမားကိုယ်စားလှယ် ငါးဦးတို့သည် လှိုင်သာယာမြို့နယ် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ သွားရောက်၍ ဒေးကြေး ကျပ် ၃၀၀ နှင့် ရှားပါးစရိတ် ကျပ် ၃၀၀၀၀ တိုးမြှင့်ပေးရန် အပါအဝင် တောင်းဆိုချက် (၁၁)ချက် တင်ပြခဲ့မှုအပေါ် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့က ညှိနှိုင်းစေခဲ့ရာ ပြေလည်မှုမရရှိခဲ့သဖြင့် ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်က ထပ်မံညှိနှိုင်းခဲ့ရာ ရှားပါးစရိတ်တွင် ၆၀၀၀ ကျပ်နှင့် ဒေးကြေး ၆၀ ကျပ် တိုးမြှင့်ပေးခဲ့သော်လည်း ပြေလည်မှုမရရှိခဲ့ကြောင်း သိရသည်။

ဒီဇင်ဘာ ၁၁၊ ၁၂ ရက်များတွင် ထပ်မံညှိနှိုင်းပေးခဲ့ပြီး ပြေလည်မှုမရရှိခဲ့သဖြင့် ဒီဇင်ဘာ ၁၅ ရက်တွင် လှိုင်သာယာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးခန်း၌ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ကြီးကြပ်မှုဖြင့် ညှိနှိုင်းပေးခဲ့ရာ ဒေးကြေးအသီးသီးပေါ်တွင် ကျပ် ၁၅၀ နှုန်း၊ ရှားပါးစရိတ် ၁၅၀၀၀၊ ထုတ်လုပ်မှုဆုကြေးကို အထည်စံချိန်နှုန်းပေါ်မူတည်၍ ၂၀ ရာခိုင်နှုန်းမှ ၈၀ ရာခိုင်နှုန်းထိ ပြီးစီးပါက ကျပ် ၂၅၀၀ မှ ကျပ် ၁၀၀၀၀ ထိ တိုးမြှင့်ပေးမည်ဖြစ်ကြောင်း ပဏာမသဘောတူညီချက်ကို အလုပ်သမားကိုယ်စားလှယ်များက လက်ခံခဲ့သော်လည်း ဒီဇင်ဘာ ၁၆ ရက်နံနက်တွင် စက်ရုံ၌ အလုပ်သမားများကိုချပြခဲ့ရာ လက်ခံခြင်းမရှိဘဲ ဒေးကြေး ၁၀၀ ကျပ် ထပ်မံတိုးမြှင့်ပေးရန် တောင်းဆိုခဲ့သည်။

ဒီဇင်ဘာ ၁၈ ရက်တွင် ထပ်မံညှိနှိုင်းချက်အရ ဒေးကြေးအသီးသီးပေါ်တွင် တစ်ရက် ကျပ် ၂၀၀ နှုန်း တိုးမြှင့်ပေးခဲ့ပြီး ရှားပါးစရိတ် ကျပ် ၁၅၀၀၀၊ ထုတ်လုပ်မှုဆုကြေး ၂၅ ရာခိုင်နှုန်းပြီးပါက ကျပ် ၂၀၀၀၊ ၃၀ ရာခိုင်နှုန်းပြီးပါက ကျပ် ၂၅၀၀၊ ၃၅ ရာခိုင်နှုန်းပြီးပါက ၃၀၀၀ ကျပ်၊ ၄၀ ရာခိုင်နှုန်းပြီးပါက ကျပ် ၃၅၀၀၊ ၄၅ ရာခိုင်နှုန်းပြီးပါက ကျပ် ၄၀၀၀ စသည်ဖြင့် ၅ ရာခိုင်နှုန်း တိုးတက်ပြီးစီးတိုင်း ကျပ် ၅၀၀ နှုန်းဖြင့် ၂၀၁၄ ဒီဇင်ဘာလစာမှ စတင်တိုးမြှင့်ပေးမည်ဖြစ်ကြောင်း ညှိနှိုင်းမှုအပေါ် ပြေလည်မှုရရှိ၍ အလုပ်ရှင်နှင့် အလုပ်သမားနှစ်ဖက်သဘောတူစာချုပ် ချုပ်ဆိုခဲ့ကြသည်။

သို့ရာတွင် ဒီဇင်ဘာ ၉ ရက်မှ ၁၈ ရက်အထိ ဆယ်ရက်တိုင်တိုင် အလုပ်လုပ်ကိုင်ခြင်းမရှိဘဲ စက်ရုံပြင်ပတွင် ထိုင်နေခြင်း၊ ကုန်ချောများ အချိန်မီ တင်ပို့နိုင်ခြင်းမရှိ၍ အဝယ်တော်များက မဝယ်ယူခဲ့ခြင်း၊ အမှာစာများရုပ်သိမ်းခြင်း၊ ချုပ်နေဆဲအထည်များအား မဝယ်ယူခြင်းတို့ကြောင့် လက်ရှိအခြေအနေအတိုင်း စက်ရုံအားဆက်လက်ရပ်တည်ရန် အခက်အခဲရှိ၍ လုပ်သက် သုံးလမပြည့်သည့် အမျိုးသား ၈၇ ဦး၊ အမျိုးသမီး ၅၄၀ ပေါင်း ၆၂၇ ဦးကို ဒီဇင်ဘာ ၂၃ ရက်မှ ၃၁ ရက်အတွင်း အင်အားလျှော့ချ၍ အမှန် လုပ်ခလစာနှင့် ဥပဒေနှင့်အညီ အလုပ်ရပ်ဆိုင်းမှု နစ်နာကြေးများ ထုတ်ပေးသွားမည်ဖြစ်ကြောင်းနှင့် အလုပ်ရှင်က ဒီဇင်ဘာ ၂၂ ရက်တွင်တင်ပြခဲ့ပြီး ဒီဇင်ဘာ ၂၄ ရက်တွင် လုပ်သက် သုံးလအောက် လုပ်သား ၂၂၄ ဦး၊ လုပ်သက် သုံးလမှ ခြောက်လ အထိ လုပ်သား ၅၅ ဦး၊ လုပ်သက် တစ်နှစ်အောက် လုပ်သား ၆၉ ဦး စုစုပေါင်း လုပ်သား ကျား ၂၂ ဦး၊ မ ၃၂၆ ဦး စုစုပေါင်း ၃၄၈ ဦးတို့အတွက် ကျပ် ၄၄၈၅၁၂၂၈ ကို ထုတ်ပေးခဲ့သည်။

၂၀၁၅ ဇန်နဝါရီ ၁ ရက်တွင် အလုပ်သမား ၄၇၀ သည် လုပ်ငန်းခွင်သို့ ဝင်ရောက်ခြင်းမရှိ၍ လှိုင်သာယာမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံးတွင် ထပ်မံညှိနှိုင်းခဲ့ရာ လုပ်သက်တစ်နှစ်ပြည့်သည့် အလုပ်သမားကို လုပ်သက်ဆုကြေး ကျပ်တစ်သိန်းအား တစ်ကြိမ်ခံစားခွင့်ပြု၍ နောင်နှစ်များတွင် အလုပ်ရှင်ရရှိသည့် အကျိုးအမြတ်ပေါ်မူတည်၍ စီစဉ်ပေးမည်ဖြစ်ကြောင်း အလုပ်ရှင်၏တင်ပြချက်အပေါ် မသီရိစုဝေပါ အလုပ်သမားကိုယ်စားလှယ်များနှင့် အလုပ်သမားများက ကျေနပ်လက်ခံ၍ နှစ်ဦးနှစ်ဖက် သဘောတူစာချုပ် ချုပ်ဆိုခဲ့ကြသည်။

ထို့နောက် ဇန်နဝါရီ ၅ ရက်တွင် အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန်သည် တိုင်းဒေသကြီးစစ်ဆေးရေးမှူး၊ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ဝင်များ၊ အလုပ်သမားအရေးဆောင်ရွက်သူ ဦးသန်းလွင်နှင့် တာဝန်ရှိသူများ လိုက်ပါ၍ Bogart Lingerie အထည်ချုပ်စက်ရုံသို့သွားရောက်ပြီး စက်ရုံတွင်း အလုပ်သမားများနှင့် လှည့်လည်တွေ့ဆုံအားပေး၍ အလုပ်ရှင် Mr.Chung Fook Pui နှင့်အလုပ်သမားကိုယ်စားလှယ်များကို ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ရန်မှာကြားပြီး စက်ရုံရှိ လုပ်သား ကျား ၆၂ ဦး၊ မ ၁၅၈၃ ဦး ပေါင်း ၁၆၄၅ ဦးအတွက် ငွေကျပ် ၁၅၀၄၅၆၀၃၅ ထုတ်ပေးနေမှုကို အားပေးကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**Bogart Lingerie အထည်ချုပ်စက်ရုံရှိ လုပ်သား ကျား ၆၂ ဦး၊ မ ၁၅၈၃ ဦး စုစုပေါင်း ၁၆၄၅ ဦးအတွက် ငွေကျပ် ၁၅၀၄၅၆၀၃၅ ထုတ်ပေးနေစဉ်။** (သတင်းစဉ်)

# ရန်ကုန်မြို့လယ်နှင့် ဒဂုံတက္ကသိုလ်သို့ဆက်သွယ်ပေးမည့် အမြဲစီမ်း(၁)အထူးယာဉ်လိုင်း စတင်ပြေးဆွဲ

**ရန်ကုန် ဇန်နဝါရီ ၆**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးနှင့် အမြဲစီမ်း ကုန်းလမ်းပို့ဆောင်ရေးကုမ္ပဏီလီမိတက်တို့ပူးပေါင်း၍ ရန်ကုန်မြို့လယ်နှင့် ဒဂုံတက္ကသိုလ်သို့ ဆက်သွယ်ပေးမည့် အမြဲစီမ်း(၁) အထူးယာဉ်လိုင်း ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁ ရက် နံနက် ၈ နာရီတွင် ဒဂုံတက္ကသိုလ် ယာဉ်ရပ်နားဝင်း၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ခင်၊ ကုန်းလမ်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစန်းမြင့်ဦး၊ ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေး ကြီးကြပ်မှုဗဟိုကော်မတီဥက္ကဋ္ဌ ဦးလှအောင်၊ အမြဲစီမ်း ကုန်းလမ်းပို့ဆောင်ရေးကုမ္ပဏီလီမိတက် ဒါရိုက်တာများ၊ ဒဂုံတက္ကသိုလ် ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်၍ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါ အမြဲစီမ်း(၁) အထူးယာဉ်လိုင်းဖွင့်ပွဲနှင့်စပ်လျဉ်း၍ ကုန်းလမ်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစန်းမြင့်ဦးအား တွေ့ဆုံမေးမြန်းရာ "ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ ခရီးသွားပြည်သူတွေ ဝန်ထမ်းတွေ၊ ကျောင်းသား ကျောင်းသူတွေ အဆင်ပြေချောမွေ့စွာ သွားလာရေးအတွက် ဝိုင်းပြီးကူညီဆောင်ရွက်ပေးတာ ဖြစ်ပါတယ်။ ဒီနေ့ဖွင့်ပွဲကတော့ ကုန်းလမ်းပို့ဆောင်ရေးနဲ့ ပုဂ္ဂလိက အကျိုးတူပူးပေါင်းပြီး ယာဉ်လိုင်းတစ်ခုဖွင့်တာ ဖြစ်ပါတယ်။ အလားတူ ရှေ့လမှာ ကျွန်တော်တို့နဲ့ ပုဂ္ဂလိကပူးပေါင်းပြီး အခြားယာဉ်လိုင်း ခရီးစဉ်တစ်ခုဖွင့်ဖို့ စီစဉ်နေပါတယ်။ ဒီယာဉ်လိုင်းတွေ ဖွင့်ရတဲ့ရည်ရွယ်ချက်က ခရီးသွားပြည်သူတွေ၊ ဒဂုံတက္ကသိုလ်မှာရှိတဲ့ ကျောင်းသား ကျောင်းသူတွေ စိတ်ချမ်းသာစွာနဲ့ လိုရာခရီးကို ချောမွေ့စွာရောက်ရှိဖို့အတွက် ဆောင်ရွက်ခြင်းဖြစ်ပါတယ်။

ယာဉ်လိုင်းပြေးဆွဲရာမှာလည်း သက်ဆိုင်ရာ ယာဉ်လိုင်းနဲ့ ခရီးသွားပြည်သူတွေအားလုံး ပူးပေါင်းဆောင်ရွက်မှသာ လုပ်ငန်းချောမွေ့အောင်မြင်မယ်လို့ ကျွန်တော်တို့ခံယူပါတယ်။ သက်ဆိုင်ရာ ယာဉ်ကြောမှာတာဝန်ရှိတဲ့ ဌာနတွေဝိုင်းပြီးကူညီဆောင်ရွက်ပေးတဲ့အတွက် အကောင်းဆုံးဖြစ်လိမ့်မယ်လို့ယူဆပါတယ်။

ယာဉ်စရပ်၊ ဆုံးရပ် လုပ်တဲ့အခါမှာတော့ ကျောင်းသား ကျောင်းသူတွေ အများဆုံးရှိတဲ့ နေရာမှာတော့ အမှန်တကယ်လိုအပ်သလို အခြားယာဉ်လိုင်းတွေလည်း အလားတူပါပဲ။ ပြည်သူအများစု ဝန်ထမ်းတွေ သွားရေး လာရေး လွယ်ကူအောင် ဆောင်ရွက်ဖို့



ဦးစန်းမြင့်ဦး
ဦးဆောင်ညွှန်ကြားရေးမှူး
ကုန်းလမ်းပို့ဆောင်ရေး

အစီအစဉ်ရှိပါတယ်။

ယာဉ်လိုင်းတွေ ပြေးဆွဲတဲ့အခါမှာ အဓိက ယာဉ်မောင်းကျွမ်းကျင်တဲ့ ဝန်ထမ်းတွေရှိဖို့ လိုအပ်ပါတယ်။ ဒီနေ့ ကျွန်တော်တို့ လမ်းကြောတွေမှာ ယာဉ်အန္တရာယ်တွေ၊ ယာဉ်တိုက်ခိုက်မှုတွေ မကြာခဏဖြစ်ပွားပြီးတော့ ဆုံးရှုံးမှုတွေ ရင်ဆိုင်နေရတာ တွေ့ရပါတယ်။ ဒါကြောင့် အရည်အချင်းပြည့်ဝတဲ့ ယာဉ်မောင်းကျွမ်းကျင်လုပ်သားတွေ လေ့ကျင့်ပျိုးထောင်ပေးဖို့ တာဝန်တစ်ရပ် လိုအပ်ပါတယ်။ မော်တော်ယာဉ်တွေရှိရုံနဲ့ ဒီလုပ်ငန်းစဉ်ကြီးက မဖြစ်နိုင်ပါဘူး။ ကျွန်တော်တို့အနေနဲ့ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ အခြေခံကစပြီး တဖြည်းဖြည်း အဆင့်မြင့်ယာဉ်မောင်းသင်တန်းတွေ လုပ်ပေးသွားမယ်ဆိုရင် ပို့ဆောင်ရေးလုပ်ငန်းမှာ လိုအပ်နေတဲ့ ကျွမ်းကျင်ဝန်ထမ်းတွေကို ဖြည့်ဆည်းပေးနိုင်မှာဖြစ်ပါတယ်။ ပုဂ္ဂလိကလည်း ယာဉ်မောင်းသင်တန်းတွေ တိုးချဲ့ဖွင့်လှစ်ထားတာရှိပါတယ်။ ဒါတွေကိုလည်း ကြိုဆိုပါတယ်။ ယာဉ်လိုင်းတွေ

**သတင်း - အေးကို(သတင်းစဉ်)**
**ဓာတ်ပုံ - ရဲကျော်သူ**

မြို့တွင်းကော အဝေးပြေးကော အများပြည်သူစီးနင်းတဲ့ ခရီးစဉ်တွေမှာ အန္တရာယ်ကင်းချောမွေ့မယ်ဆိုရင်တော့ အားလုံးအတွက် အကောင်းဆုံးဖြစ်မှာပါ။ အဓိက ယာဉ်မောင်းကျွမ်းကျင်တဲ့ဝန်ထမ်းတွေရှိဖို့ လိုအပ်ပါတယ်။ ဒါတွေကိုလည်း စဉ်ဆက်မပြတ်ပြုစုပျိုးထောင်ဖို့လိုပါတယ်။

အခုဆိုရင် ယာဉ်မောင်းသင်တန်းကျောင်း (၁၃)ကျောင်းဖွင့်ပြီးပါပြီ။ ဖွင့်လှစ်တဲ့အပေါ်မူတည်ပြီး အဆင့်မီတဲ့ မော်တော်ယာဉ်တွေ ထည့်သွင်းပြီး လေ့ကျင့်သင်ကြားပေးဖို့ အစီအစဉ်တွေလည်းရှိပါတယ်။ တိုယိုတာကုမ္ပဏီကလည်း အဆင့်မြင့်ယာဉ်မောင်းသင်တန်းတွေမှာ သုံးရန်ဆိုပြီး မော်တော်ယာဉ်လှူဒါန်းတဲ့အစီအစဉ်တွေ လည်းရှိပါတယ်။ ပြီးခဲ့တဲ့လက တိုယိုတာအမောင်းသင်ယာဉ်(၁၀)စီး မြန်မာနိုင်ငံ ယာဉ်မောင်းသင်တန်းအတွက် လာလှူပါတယ်။ ဒါတွေကလည်း ပိုကောင်းတဲ့အားသာချက်ဖြစ်ပါတယ်။

အခုဆိုရင် ယာဉ်ကြောပိတ်ဆို့မှုနဲ့ လမ်းခရီးမှာ ကြန့်ကြာချိန်တွေကို လျှော့ချဖို့အတွက် အတတ်နိုင်ဆုံးဆောင်ရွက်နေတာတွေ့ရတဲ့အတွက် ဒီလိုဆောင်ရွက်ချက်တွေကိုလည်း ကျွန်တော်တို့က အမြဲတမ်းကြိုဆိုနေပါတယ်။ အစိုးရပိုင်းတာဝန်ရှိတဲ့ ပုဂ္ဂိုလ်တွေကလည်း ရန်ကုန်မြို့တွင်း ယာဉ်ကြောကြပ်တည်းမှုကို စနစ်တကျဖြေရှင်းရန်အတွက် စီမံချက်တွေချပြီး ဆောင်ရွက်နေပါတယ်"ဟု ပြောသည်။

ယခုဖွင့်လှစ်သည့် အမြဲစီမ်း(၁) ဒဂုံတက္ကသိုလ်-ဆူးလေ ယာဉ်လိုင်း ခရီးစဉ်တွင် ယာဉ်စီးခ ကျပ် ၅၀ မှ ခရီးစဉ် အစအဆုံး ကျပ် ၃၀၀ ဖြစ်ကြောင်း၊ ယာဉ်စီးခကို ငွေသားအစား iPay ကတ်ဖြင့်သာ ပေးချေရမည်ဖြစ်ပြီး ခရီးသည်တင်ယာဉ် (၂၅)စီးဖြင့် ဇန်နဝါရီ ၁ ရက်နေ့မှစ၍ စတင်ပြေးဆွဲနေပြီဖြစ်ကြောင်း သိရသည်။

## ကချင်ပြည်နယ်အတွင်း တရားမဝင်ယာဉ်နှင့် တစ်ဖက်နိုင်ငံသားများ ထပ်မံဖမ်းဆီးရမိ



**နေပြည်တော် ဇန်နဝါရီ ၆**

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် မံဝိန်း၊ မံတောင်၊ လောခွန်ယန်ဒေသအတွင်း ဇန်နဝါရီ ၅ ရက်တွင် တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းခြင်း ဆက်လက်ဆောင်ရွက်ခဲ့ရာ ၁၀ ဘီးယာဉ် ရှစ်စီး၊ ခြောက်ဘီးယာဉ် သုံးစီး၊ ဒေါင်ဖန်းယာဉ် တစ်စီး၊ ဘက်ဟိုး သုံးစီး၊ ကရိန်းယာဉ် နှစ်စီး စုစုပေါင်းယာဉ် ၁၇ စီး၊ သစ်မျိုးစုံ အလုံး ၂၄၀၊ တစ်ဖက်နိုင်ငံသား အမျိုးသား ၁၇ ဦးတို့အား ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဝိုင်းမော်မြို့နယ် ဝါရှောင်၊ မံဝိန်း၊ ဆီနီကူး၊ မံတောင်၊ လောခွန်ယန်၊ ဆဒုံးဒေသအတွင်း တပ်မတော်စစ်ကြောင်းများက ဇန်နဝါရီ ၂ ရက်မှစတင်၍ နယ်မြေရှင်းလင်းခြင်းဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၅ ရက်ထိ ဒိုဇာ တစ်စီး၊ ဘက်ဟိုး သုံးစီး၊ ပါဂျဲရိုး လေးစီး၊ ပီကင်းဂျက် လေးစီး၊ ဝန်ဆွဲယာဉ် သုံးစီး၊ နှစ်ခန်းတွဲယာဉ် နှစ်စီး၊ သစ်တင်ယာဉ် (အမျိုးအစားမျိုးစုံ) ၄၄၇ စီး၊ တန်ဖုန်း/ဒေါင်ဖန်းယာဉ် လေးစီး၊ ကရိန်း လေးစီး စုစုပေါင်းယာဉ် ၄၇၂ စီး (၁၄ စီး သစ်ပါရှိ)၊ ဆိုင်ကယ် ကိုးစီး၊ မြန်မာနိုင်ငံသား အမျိုးသား လေးဦး၊ အမျိုးသမီး ၁၆ ဦးနှင့် တစ်ဖက်နိုင်ငံသား အမျိုးသား ၁၁၄ ဦး၊ အမျိုးသမီး ငါးဦး စုစုပေါင်း ၁၃၉ ဦး၊ ချိန်းဆော နှစ်ခု၊ အိပ်ရာလိပ် ၁၀ ခု၊ ဆိုလာပြား တစ်ပြား၊ ဘတ္ထရီ တစ်လုံး၊ ဖုန်းကြိုးတိုင် တစ်ခု၊ စိတ်ကြွဆေးပြား ၆၈၀၊ ဘိန်းမည်း ခြောက်ထုပ်၊ ဘိန်းစိမ်း ၂၀ ကျပ်သား၊ တရုတ်ယွမ်ငွေ ၁၂၀၀၀ နှင့် KIA ကချင်အဖွဲ့စီးပွားရေးတာဝန်ခံ ဗိုလ်မှူးချုပ် အဆင့်ရှိ ဇောဘုတ်ထန်းမှ လက်မှတ်ရေးထိုးခွင့်ပြုထားသော သစ်ထုတ်လုပ်ခွင့်ပြုထားသည့် စာရွက်စာတမ်းတို့အား ဖမ်းဆီးရမိခဲ့သည်။

အဆိုပါဖမ်းဆီးရမိ တရားမဝင်ယာဉ်များ၊ သစ်များ၊ လူများနှင့် သိမ်းဆည်းရမိပစ္စည်းများအား သက်ဆိုင်ရာ ဌာနသို့ စနစ်တကျလွှဲပြောင်းပေးလျက်ရှိပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(မြဝတီ)**



**လူပျောက်**

ကျွန်တော်၏ ဇနီးဖြစ်သူ မချောစုလှိုင်သည် ၄-၁-၂၀၁၅ ရက် နံနက် ၅း၃၀ နာရီတွင် နေအိမ်မှထွက်သွားပါ၍ တွေ့ရှိပါက အောက်ပါလိပ်စာသို့ အကြောင်းကြားပါရန်၊ လက်ခံထားသူ ဥပဒေအရ အရေးယူပါမည်။ တွေ့ရှိ၍ အကြောင်းကြားသူအား ကျေးဇူးဆပ်ပါမည်။

ဦးဗိုလ်ကြီး
အမှတ်(၁၁၀)မြို့ပတ်လမ်း၊ သဘော်ကျင်းရပ်ကွက်၊ ဒေါပုံမြို့နယ်
**Ph-09-73181504, 09-253406714**

**လျှောက်လွှာခေါ်ယူခြင်း**

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ လားရှိုးမြို့၊ ထင်းရှူးမြိုင်အိမ်ရာစီမံကိန်းတွင် ကွန်ကရစ်လမ်း၊အဆင့်မြင့်တန်ဖိုးသင့်/မျှ (၄)ခန်းတွဲ(၄)ထပ် လူနေအထပ်မြင့် (မြို့ပြ၊ ရေသန့်၊ လျှပ်စစ်) ခန်းဖွဲ့(၂)ခန်း၊ ဧည့်ခန်း(၁)ခန်း ပါဝင်သည့် တိုက်ခန်းများ ဆောက်လုပ်လျက်ရှိပါသည်။ ရှမ်းပြည်နယ်အတွင်း တာဝန်ထမ်းဆောင်နေသော ဝန်ထမ်း၊ အငြိမ်းစားများ(အမှန်တကယ်နေထိုင်မည့်သူများ)အား အရစ်ကျငွေချေစနစ်၊ အခန်း ပိုင်စနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ပါသဖြင့် တိုက်ခန်းဝယ်ယူခွင့် လျှောက်လွှာ တစ်စောင်လျှင် (၂၀၀၀ိ/-) (နှစ်ထောင်ကျပ်)နှုန်းဖြင့် လျှောက်ထားနိုင်ပါသည်။

| | |
|---|---|
| လျှောက်လွှာရောင်းချမည့်ရက် | - ၅-၁-၂၀၁၅ ရက်မှ ၃၁-၁-၂၀၁၅ ရက်အထိ (ရုံးဖွင့်ရက်ရုံးချိန်အတွင်း) |
| လျှောက်လွှာနောက်ဆုံးရောင်းချမည့်ရက် | - ၃၁-၁-၂၀၁၅ ရက် ၁၆း၀၀ နာရီ |
| လျှောက်လွှာနောက်ဆုံးတင်ရမည့်ရက် | - ၃၁-၃-၂၀၁၅ ရက် (ရုံးဖွင့်ရက် ရုံးချိန်အတွင်း) |
| လျှောက်လွှာရောင်းချမည့်နေရာ | - လမ်းပန်းဆက်သွယ်ရေးဝန်ကြီးရုံး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ တောင်ကြီးမြို့။ |

**ဂုဏ်ယူဝမ်းမြောက်ခြင်း**

အဘဗိုလ်မှူးကြီး မင်းချစ်ဦး(ငြိမ်း)၊ (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ရခိုင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန)၏ ဇနီး အစ်မ ဒေါ်ညိုညိုဝေလွင်သည် (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် နိုင်ငံတော်မှ ချီးမြှင့်သော သုခမ္မသီဂီဘွဲ့အား ရရှိသည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် နောင်တွင်လည်း နိုင်ငံ့အကျိုး၊ သာသနာ့အကျိုး ဆက်လက်သယ်ပိုးနိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

တပည့်များ

မင်းဦး-သန်းသန်းရီ
ရဲဝင်း-ခင်ပပစိုး
ကျော်ငြိမ်း-ဝါဝါ
မင်းခိုင်ဝင်း-ထိုက်တင်ထွေး
ကျော်သူစိုး-ယုခိုင်ဖြူ

# ကိန်းဝပ်စံပယ်တော်မူလျက်ရှိသော ဗုဒ္ဓမြတ်စွယ်တော် တတိယအကြိမ်မြောက် လှည့်လည်အပူဇော်ခံ



**သုံးခွ ဇန်နဝါရီ ၆**

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့ အမှတ်(၁၁)ရပ်ကွက် မဟာအတုလဝေယံ သာသနာ့ဗိမာန်တော် ဂန္ဓာကုဋိတိုက်တော်၌ ကိန်းဝပ်စံပယ်တော်မူလျက်ရှိသော ဗုဒ္ဓမြတ်စွယ်တော်အား မြို့ပေါ်ရပ်ကွက်အသီးသီးသို့ ဇန်နဝါရီ ၄ ရက် ညနေ ၃ နာရီမှ စတင်၍ လှည့်လည် အပူဇော်ခံခဲ့ကြောင်း သိရသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် သာသနာ့ဗိမာန်ကော်မတီတို့၏ ပူးပေါင်းစီစဉ်မှုဖြင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့သူ မြို့သားများ၊ ကျောင်းသား ကျောင်းသူများက မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့အတိုင်း ဗုဒ္ဓမြတ်စွယ်တော်အား ပင့်ဆောင်ရေးမော်တော်ယာဉ်များဖြင့် တခမ်းတနား စည်ကားသိုက်မြိုက်စွာ လှည့်လည် အပူဇော်ခံခဲ့ကြောင်း သိရသည်။

ကိုကျော်(သုံးခွ)

## စည်းကမ်းမဲ့စီးနင်းသည့် အနေးယာဉ်များရှိနေ

**ရန်ကုန် ဇန်နဝါရီ ၆**

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်အတွင်း ဗလီထိပ်မီးပွိုင့် လမ်းဆုံသည် အချက်အချာကြသည့် လမ်းမကြီးဖြစ်ခြင်းကြောင့် ယာဉ်အသွားအလာ များပြားသည့်နေရာ ဖြစ်ပြီး မကြာခဏ ယာဉ်တိုက်မှုများ ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

အဆိုပါ ယာဉ်တိုက်မှုများဖြစ်ပွားမှု အများစုမှာ ယင်းနေရာများ၏လမ်းပေါ်တွင် စည်းကမ်းမဲ့သော အနေးယာဉ်လုပ်သားများ၏ လမ်းပြောင်းပြန် စီးနင်းနေမှုများကြောင့် ဖြစ်ပွားလေ့ရှိကြောင်း တာမွေမြို့နယ်အတွင်းရှိ နေထိုင်သူများက ပြောသည်။

ထိုသို့ ယာဉ်တိုက်မှုများ ဖြစ်စေသော အနေးယာဉ်များ၏ လမ်းပြောင်းပြန်မောင်းနှင်မှုကြောင့် မလိုလားအပ်သော ပြဿနာများ မကြုံတွေ့စေရန် အရေးယူမှုများ ပြုလုပ်ရန် လိုအပ်ကြောင်း လမ်းအသုံးပြုသူများက ပြောသည်။

၅၉၇

## သုံးခွမြို့နယ်တွင် အားကစားပြိုင်ပွဲများ ကျင်းပ

**သုံးခွ ဇန်နဝါရီ ၆**

၂၀၁၅ ခုနှစ် (၆၇) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အခမ်းအနားကို ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် သိုက်တူးကန်စံပြကျေးရွာ အားကစားကွင်း၌ ဇန်နဝါရီ ၄ ရက် နံနက်ပိုင်းကကျင်းပရာ သုံးခွမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ထွန်းက အဖွင့်စကား ပြောကြားခဲ့သည်။

ပျော်ပွဲရွှင်ပွဲကျင်းပရေးကော်မတီနာယက ဦးယဉ်မောင်က ကျေးရွာအားကစားဝါသနာရှင်လူငယ်လူရွယ်များ၊ ကျောင်းသား ကျောင်းသူများ အားကစားတွင် စိတ်ပါဝင်စားပြီး ထူးချွန်ထက်မြက်အောင်မြင်သော အားကစားသမားများ ပေါ်ထွန်းလာစေရန်၊ နိုင်ငံတစ်နိုင်ငံ၏ အရည်အသွေး၊ နိုင်ငံ့ဂုဏ်ကို ဖော်ပြနေခြင်းဖြစ်၍ ကျေးရွာ၏ အရည်အသွေးဂုဏ်သိက္ခာကို ဖော်ပြနေပြီး ထူးချွန်သော အားကစားသမားများကို ဖော်ထုတ်မြေတောင်မြှောက်ပေးသွားမှာဖြစ်ကြောင်း ပြောကြားခဲ့သည်။ **ရွှေတိုင်လွင်**

## မင်္ဂလာဒုံစစ်မှုထမ်းဟောင်းအဖွဲ့က စစ်မှုထမ်းဟောင်း ၄၃၀ အား ထောက်ပံ့ငွေပေး



**မင်္ဂလာဒုံ ဇန်နဝါရီ ၆**

(၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် မင်္ဂလာဒုံမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့က မော်ကွန်းဝင် ၁၁ ဦး၊ အသက်(၈၀)နှစ်အထက် ၁၈၂ ဦး၊ မသန်စွမ်းအဖွဲ့ ၁၂၅ ဦး၊ စည်းရုံးအဖွဲ့ ၁၁၂ ဦး၊ စစ်မှုထမ်းဟောင်း ၄၃၀ တို့အတွက် ချီးမြှင့်ထောက်ပံ့ငွေကျပ် ၄၉၂၄၀၀၀ ပေးအပ်ပွဲအခမ်းအနားကို မင်္ဂလာဒုံမြို့နယ် ပုလဲမြို့သစ်၌ ဇန်နဝါရီ ၄ ရက်တွင် ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးစစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးကျော်စိုးနှင့် မြို့နယ်စစ်မှုထမ်းဟောင်း နာယကများ တက်ရောက်ပြီး ထောက်ပံ့ငွေများ ပေးအပ်ကြကြောင်း သိရသည်။

(မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့)

# ခရမ်း–သုံးခွလမ်းပိုင်းကျဉ်း၍ ပြုပြင်ပေးရန်လိုအပ်

**ခရမ်း ဇန်နဝါရီ ၆**

ပဲခူး-သနပ်ပင်-ခရမ်း-သုံးခွ-သန်လျင်လမ်းရှိ ခရမ်းမြို့နယ်နှင့် သုံးခွမြို့နယ်ကြား ဆက်သွယ်ထားသော ခရမ်း-သုံးခွလမ်းပိုင်း ကားလမ်းမှာ အလွန်ကျဉ်းမြောင်းပြီး လမ်းမှာလည်း ဆိုးရွားသဖြင့် တစ်စီးမောင်းလျှင် အခြားတစ်စီးမှာ မောင်း၍မရဘဲ ရပ်ပြီး စောင့်ဆိုင်းနေရခြင်းကြောင့် ခရီးလမ်းများ ကြန့်ကြာမှုရှိကြောင်း ယင်းလမ်းပိုင်းတွင် မောင်းနှင်နေသည့် ယာဉ်မောင်းများကပြောသည်။

ယင်းလမ်းတစ်လျှောက်ရှိ အချို့နေရာများတွင် သိသိသာသာဆိုးရွားလျက်ရှိပြီး ခရမ်းမြို့နယ်နှင့် သန်လျင်မြို့နယ်မှာ ၃၃ မိုင်သာ အကွာအဝေးရှိသော်လည်း ခရမ်း-သုံးခွလမ်းပိုင်းမှာ ကျဉ်းမြောင်းပြီး ဆိုးရွားနေသဖြင့် နှစ်နာရီခွဲခန့် အချိန်ယူမောင်းနေရကြောင်း ၎င်းတို့ကပြောသည်။

ထိုသို့ ခရီးဖင့်နှောင့်နှေးမှုများ ရှိနေရာ ခရမ်းမြို့နယ်နေထိုင်သူတစ်ဦးက "တစ်နှစ်မှာ ရှစ်လလောက်ကလမ်းတွေ တအားဆိုးနေတယ်။ ပြင်တာကလည်း အပေါ်ယံလောက်ပဲ ထပ်ပိုးတာဆိုတော့ ကြာရှည်မခံဘူး။ လမ်းတွေက ကျဉ်းလည်းကျဉ်း၊ တအားလည်းဆိုးတော့ ခရီးကြန့်ကြာတယ်"ဟု ပြောသည်။

ခရမ်း-သုံးခွလမ်းပိုင်းသည် ပဲခူး-သနပ်ပင်-ခရမ်း-သုံးခွ-သန်လျင်လမ်းတွင် အဓိကကျသော လမ်းပိုင်းဖြစ်သည်။

မေလှဲ့သင်း

## လွတ်လပ်ရေးနေ့အထိမ်းအမှတ်အခမ်းအနားနှင့် အားကစားပြိုင်ပွဲများကျင်းပ

**လှိုင်သာယာ ဇန်နဝါရီ ၆**

(၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားများနှင့် အားကစားပြိုင်ပွဲများဆုပေးပွဲကို ဇန်နဝါရီ ၄ ရက်က ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်၌ကျင်းပရာ နိုင်ငံတော်အလံတင်အခမ်းအနားအား နံနက် ၄ နာရီ မိနစ် ၂၀ တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့ ပန်းခြံတွင် ကျင်းပပြီး နံနက် ၇ နာရီတွင် စက်မှုဇုန်(၁)ကနောင်ခန်းမ၌ နိုင်ငံတော်သမ္မတထံမှ ပေးပို့သော သဝဏ်လွှာအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ငြိမ်းက ဖတ်ကြားသည်။

ဆက်လက်၍ မြို့နယ်အားကစားပွဲများကို မြို့နယ်စက်မှုဇုန်(၁)ရှိ မိုးလုံလေလုံအားကစားရုံ၌ ကျင်းပရာ အားကစားနည်း ငါးမျိုးဖြစ်သည့် အမျိုးသား ရိုးရာခြင်းခတ်ပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ အမျိုးသမီး ထုပ်ဆီးတိုးပြိုင်ပွဲ၊ အမျိုးသား ဖူဆယ်ဘောလုံးပြိုင်ပွဲနှင့် ချောတိုင်တက်ပြိုင်ပွဲများကို ရပ်ကွက် ၂၀၊ ကျေးရွာအုပ်စုများနှင့် မြို့နယ်ရှိ အထက်တန်းကျောင်း ရှစ်ကျောင်းမှ ပါဝင်ဆင်နွှဲကြ၍ အနိုင်ရအသင်းများနှင့် ဆုရအားကစားသမားများကို တာဝန်ရှိသူအသီးသီးမှ ဆုများချီးမြှင့်ကြသည်။ ဆက်လက်၍ ၂၀၁၅ ခုနှစ် (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ညစာစားပွဲကို မြို့နယ်အုပ်ချုပ်ရေးမှူး ရုံးရှေ့ မြက်ခင်းပြင်၌ ကျင်းပပြုလုပ်ကြောင်း သိရှိရသည်။

(၃၂၉)







### သမီးပြည့်မှူးသော်တာအတွက် မွေးနေ့ဆုတောင်း

ရှုမက်မငြီးတဲ့ ချစ်သမီး၏
မွေးနေ့ချိန်သာ မင်္ဂလာမှ
ရက်နှစ်လတိုင် ပိုင်ဆိုင်လှပ
ချိန်ကာလတွေ မြဲမြံစေလျက်
တိုးတက်ဥစ္စာ ဉာဏ်ပညာနှင့်
ကြီးစွမြင့်မား အောင်မြင်များစွာ
ပိုင်ဆိုင်ပါစေ တောင်းဆုခြွေသည်
ပျော်ရွှင်ချမ်းမြေ့စေသတည်း။

(လက်ထောက်ညွှန်ကြားရေးမှူး၊မြို့ပြရုံး)
(ညောင်ရွှေမြို့မှ ရုံးသူရုံးသားများ)

### မွေးနေ့မင်္ဂလာဆုမွန်လွှာ
### သမီးကြီး ပြည့်မှူးသော်တာ (ခ) vivien

အမက(၃)ညောင်ရွှေ၏ ၇-၁-၂၀၁၅ရက် (၁၀)နှစ်မြောက် မွေးနေ့မှသည် ဖေဖေ၊ မေမေ၊ မောင်လေးတို့နှင့်အတူ နောင်နှစ်ပေါင်းရာကျော်တိုင်အောင် ကျန်းမာချမ်းသာပြီး ထူးချွန်ထက်မြက်တဲ့ သမီးကောင်းရတနာလေးဖြစ်ပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

ဖေဖေ- ဦးဝင်းငွေ[လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)
ဆည်မြောင်းဦးစီးဌာန(ညောင်ရွှေမြို့)
မေမေ- ဒေါ်လှဲ့လှဲ့ဝင်း(ကောင်းစုံစတိုး၊ ပြည်မြို့)
မောင်မောင်လေး-အောင်ကောင်းခန့်(ခ)**Ka Ka**

### ပြင်ဆင်ဖတ်ရှုပါရန်

၅-၁-၂၀၁၅ရက် ကြေးမုံသတင်းစာ ကြော်ငြာစာမျက်နှာ(၂၈)ပါ (၃၄)နှစ်ပြည့် မွေးနေ့မင်္ဂလာကြော်ငြာတွင် ကျော်ရာဇဝင်း@ဖိုးကောက်@ကောက်တွဲလေးအား ကျော်ရာဇာဝင်း@ဖိုးကောက်@ကောက်တွဲလေး M.D(Falcon Breeze Int:Co.,Ltd)Avniation Consultant in Myanmar(WILLIS Ltd:, London)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
### မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန
### ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

အရည်အချင်းစစ်ရေးဖြေအောင်မြင်သူများစာရင်းထုတ်ပြန်ခြင်း
၁၃၇၆ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်
(၂၀၁၅ခုနှစ်၊ ဇန်နဝါရီလ ၅ရက်)

၁။ ၁၁-၁၀-၂၀၁၄ရက်တွင် ပြုလုပ်ခဲ့သည့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသည့် အငယ်တန်းအင်ဂျင်နီယာ-၂၊ ကွန်ပျူတာလုပ်ဆောင်ရေးမှူး၊ အငယ်တန်းအင်ဂျင်နီယာ-၃၊ အငယ်တန်းစာရေးနှင့် စာရင်းကိုင်-၄ ရာထူးနေရာများအတွက် အရည်အချင်းစစ်ရေးဖြေစာမေးပွဲ အောင်မြင်သူများစာရင်းအား နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီး/ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးများတွင် ၆-၁-၂၀၁၅ ရက်မှစ၍ ထုတ်ပြန်ကြော်ငြာထားပါသည်။

၂။ အထက်ပါရာထူး(၅)မျိုးအတွက် လူတွေ့စစ်ဆေးခြင်းအား ၁၃-၁-၂၀၁၅ရက်မှစတင်ပြီး ရေးဖြေစာမေးပွဲဖြေဆိုခဲ့သည့် သက်ဆိုင်ရာကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးများတွင် ကျင်းပပြုလုပ်သွားမည်ဖြစ်၍ မိမိတို့စာမေးပွဲဖြေဆိုခဲ့သည့်အဆိုပါရုံးများသို့ သွားရောက်သတင်းပို့ ဆက်သွယ်ဆောင်ရွက်ကြရန် အသိပေးအပ်ပါသည်။

**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

## (၁၈) ခုမြောက် ဂရင်းစလင်းဆုကို ရယူမည်ဟု ရော်ဂျာဖက်ဒါရားပြောကြား

ဆွစ်ဇာလန်နိုင်ငံသား ကမ္ဘာ့အဆင့်(၂)ရော်ဂျာဖက်ဒါရားက ၎င်းအနေဖြင့် (၁၈)ခုမြောက် ဂရင်းစလင်းဆုကို ကိုင်မြှောက်ရန် အသင့်ရှိနေပြီဟု ယခု ဇန်နဝါရီလတွင် ကျင်းပမည့် ဩစတြေးလျအိုးပင်းကို ရည်ညွှန်းကာ ပြောကြားခဲ့သည်။

ဩစတြေးလျအိုးပင်းသည် ကြီးလေးကြီးပြိုင်ပွဲဟု တင်စားခေါ်ဆိုသော ဂရင်းစလင်းပြိုင်ပွဲလေးပွဲတွင် အစောဆုံး ကျင်းပသော ပြိုင်ပွဲဖြစ်ပြီး မြက်ခင်းပြင်ကွင်းအမျိုးအစားပြိုင်ပွဲလည်းဖြစ်သည်။

ဖက်ဒါရားသည် ၂၀၁၄ ခုနှစ်တွင် ဒေးဗစ်ဖလားပြိုင်ပွဲတွင် ဆွစ်ဇာလန်အသင်းကို ဦးဆောင်ကာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ဗိုလ်လုပွဲတွင် ပြင်သစ်အသင်းကို အနိုင်ယူ၍ ချန်ပီယံဆုကို မိခင်နိုင်ငံအတွက် ဆွတ်ခူးပေးနိုင်ခဲ့သည်။



သို့သော် အသက် (၃၃)နှစ်အရွယ်ရှိ ၎င်းကစားသမားက ၂၀၁၄ ခုနှစ် နိုဝင်ဘာတွင် ကျင်းပခဲ့သော ကမ္ဘာ့အဆင့်(၁)ဂျိုကိုဗစ်ချ်နှင့် ယှဉ်ပြိုင်ရမည့် ATP Tour ဗိုလ်လုပွဲကို အသေးစား နောက်ကျောဒဏ်ရာကြောင့် နုတ်ထွက်ခဲ့ရသည်။ ဖက်ဒါရားက "ဩစတြေးလျအိုးပင်းပြီးရင် ခဏအနားယူမယ်။ တစ်ခုရှိတာက ဩစတြေးလျအိုးပင်းပြိုင်ပွဲတွေမှာ ကျွန်တော်ခက်ခက်ခဲခဲ ရုန်းကန်ရလေ့ မရှိဘူး။ အခု အသေးစား ဒဏ်ရာပြဿနာတွေလဲ မရှိတော့သလို လေ့ကျင့်ချိန်တွေမှာလည်း အကောင်းဆုံးကစားနိုင်ပြီ" ဟု ဆိုသည်။

ဖက်ဒါရားသည် ဩစတြေးလျအိုးပင်းကို ၂၀၀၄၊ ၂၀၀၆၊ ၂၀၀၇၊ ၂၀၁၀ စုစုပေါင်း လေးကြိမ်၊ ၂၀၀၉ တွင် ပြင်သစ်အိုးပင်း၊ ဝင်ဘယ်ဒန်ဖလားကို ၂၀၀၃၊ ၂၀၀၄၊ ၂၀၀၅၊ ၂၀၀၆၊ ၂၀၀၇၊ ၂၀၀၉၊ ၂၀၁၂ စုစုပေါင်း ခုနစ်ကြိမ်၊ အမေရိကန် အိုးပင်းကို ၂၀၀၄၊ ၂၀၀၅၊ ၂၀၀၆၊ ၂၀၀၇၊ ၂၀၀၈ စုစုပေါင်း ငါးကြိမ်နှင့် သမိုင်းတစ်လျှောက် ဂရင်းစလင်း ၁၇ ခု ဆွတ်ခူးထားနိုင်သည့် ကစားသမားလည်း ဖြစ်သည်။ **(မေလှဲ့သင်း)**

## အက်ဖ်အေဖလားစတုတ္ထအဆင့်ပွဲစဉ်များထွက်ပေါ်

## မန်ယူအသင်း ကမ်းဘရေ့ချ်ကွင်း သွားရောက်ကစားရမည်




အင်္ဂလန်အက်ဖ်အေဖလားစတုတ္ထအဆင့်ပွဲစဉ်များ ထွက်ပေါ်ခဲ့ပြီဖြစ်သည်။ ထိုသို့ ပွဲစဉ်များထွက်ပေါ်ခဲ့ရာတွင် ပရီမီယာလိဂ်ကလပ်မန်ယူအသင်းသည် လိဂ်တူးကလပ်ကမ်းဘရေ့ချ်အသင်း၏ အိမ်ကွင်းသို့ သွားရောက်ကစားရမည်။ ကမ်းဘရေ့ချ်အသင်းသည် လိဂ်တူးတွင် အဆင့်(၁၄)နေရာ၌ ရပ်တည်နေသောအသင်းဖြစ်သည်။

မန်ယူအသင်းသည် ယခုနှစ် အက်ဖ်အေဖလားပွဲစဉ်များတွင် အဆင့်နိမ့်အသင်းများနှင့်သာ ထိပ်တိုက်ဆုံတွေ့ခဲ့ပြီး အက်ဖ်အေဖလား တတိယအဆင့်တွင်လည်း ယိုဗေးလ်အသင်းကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ခြင်းကြောင့် စတုတ္ထအဆင့်သို့ တက်လှမ်းလာခဲ့ခြင်းဖြစ်သည်။ မန်ယူအသင်းနှင့် ကမ်းဘရေ့ချ်အသင်းတို့သည် ၁၉၉၁ ခုနှစ်က ထိပ်တိုက်တွေ့ဆုံမှုရရှိခဲ့ပြီး ထိုသို့တွေ့ဆုံခဲ့ရာတွင် မန်ယူအသင်းက နှစ်ကျော့ပေါင်းရလဒ် ၄-၁ဖြင့် အနိုင်ရရှိခဲ့သည်။

အခြားပွဲစဉ်များအဖြစ် လိဂ်ဝမ်းကလပ် ရော့ချ်ဒလီအသင်းသည် စတုတ်စီးတီးအသင်းကို အိမ်ရှင်အဖြစ် ဧည့်ခံကစားရမည်ဖြစ်ပြီး လက်ရှိအက်ဖ်အေချန်ပီယံ အာဆင်နယ်အသင်းသည် ဘရိုက်တန်၏ အိမ်ကွင်းသို့ သွားရောက်ကစားရမည်ဖြစ်သည်။

ပရီမီယာလိဂ်တွင် ရလဒ်ကောင်းများထွက်ပေါ်နေသည့် ချယ်လ်ဆီးအသင်းမှာမူ အိမ်ကွင်း၌ မီဝေါအသင်း သို့မဟုတ် ဘရက်ဖို့ဒ်အသင်းကို ဧည့်ခံကစားရမည်ဖြစ်သည်။ မန်စီးတီးအသင်းသည် မစ်ဒယ်ဘရော့အသင်းကို ဧည့်ခံကစားရမည်ဖြစ်ပြီး ဘုန်းမောက်အသင်းသည် ပရီမီယာလိဂ်ကလပ် အက်စတွန်ဗီလာအသင်း၏ အိမ်ကွင်းသို့ သွားရောက်ကစားရမည်ဖြစ်သည်။

လီဗာပူးအသင်းသည် ဘော်တန်အသင်းအား အိမ်ကွင်း၌ ဧည့်ခံကစားရမည်ဖြစ်ပြီး အဲဗာတန်အသင်းသို့မဟုတ် ဝက်စ်ဟမ်းအသင်းမှာ ဒွန်ကတ်စတာအသင်း သို့မဟုတ် ဘရစ္စတိုး စီးတီးအသင်း၏ အိမ်ကွင်းသို့ သွားရောက်ကစာမည်ဖြစ်သည်။

အက်ဖ်အေဖလားတတိယအဆင့်ပွဲစဉ်တွင် ကျူပီအာကို အနိုင်ရရှိခဲ့သည့် ရှက်ဖီးယူနိုက်တက်အသင်းသည် လိဂ်ဝမ်းကလပ် ပရက်စ်တန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး အဆိုပါ အက်ဖ်အေဖလားစတုတ္ထအဆင့် ပွဲစဉ်များကို ဇန်နဝါရီ ၂၄ နှင့် ၂၅ ရက်တို့တွင် ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။ **(နိုင်လင်းကြည်)**

## ရာသီကုန်တွင် ဆုဖလားအားလုံးရယူမည်ဟု ပြင်သစ်လက်ရွေးစင်တိုက်စစ်မှူး လိုရစ်ရီမီ ပြောကြား

အင်္ဂလန် ပရီမီယာလိဂ်ကလပ် ချယ်လ်ဆီးအသင်း၏ ပြင်သစ်လက်ရွေးစင်တိုက်စစ်မှူး လိုရစ်ရီမီက မိမိတို့အသင်းအနေဖြင့် ရာသီကုန်တွင် ဆုဖလားအားလုံးကိုရယူသိမ်းပိုက်နိုင်မည်ဟု ယုံကြည်ကြောင်း ကြုံးဝါးပြောဆိုခဲ့သည်။ ချယ်လ်ဆီးအသင်းမှာ ယခုနှစ် ဘောလုံးရာသီအတွင်း ပရီမီယာလိဂ်အမှတ်ပေးဇယား၌ ထိပ်ဆုံးနေရာတွင် ရပ်တည်နေသလို ချန်ပီယံလိဂ်တွင်လည်း ရှုံးထွက် ၁၆ သင်းအဆင့်၊ အက်ဖ်အေဖလားတွင်လည်း စတုတ္ထအဆင့်နှင့် ကက်ပီတယ်ဝမ်း (လိဂ်) ဖလားတွင် ဆီမီးဖိုင်နယ်အဆင့်ထိ ရောက်ရှိနေခြင်းဖြစ်သည်။ ထို့ကြောင့် ချယ်လ်ဆီးတိုက်စစ်မှူး ရီမီက "ကျွန်တော်တို့အသင်းဟာ အခုထိ ဖလားလေးလုံးလမ်းကြောင်းပေါ်မှာ ဆက်ရှိနေပါသေးတယ်။ ရာသီကုန်ချိန်မှာ ဆုဖလားအားလုံး ရယူဖို့ဆိုတာ လွယ်ကူတဲ့ အရာတစ်ခု မဟုတ်ပေမယ့် လုံးဝမဖြစ်နိုင်စရာ အကြောင်းမရှိပါဘူး။ ကျွန်တော်တို့ဟာ ကမ္ဘာပေါ်မှာ တောင့်တင်းတဲ့ အသင်းတွေထဲက အသင်းကောင်းတစ်သင်းပါ။ ကစားသမားတိုင်းကလည်း အောင်ပွဲတွေ ရယူဖို့ ဆာလောင်နေပါတယ်" ဟု ပြောကြားခဲ့သည်။ ထို့ပြင် အသက် (၂၈)အရွယ်ရှိပြင်သစ်တိုက်စစ်မှူး ရီမီမှာ ယခုနှစ်နွေရာသီ အပြောင်းအရွှေ့ ကာလအတွင်း ကျူပီအာမှ ချယ်လ်ဆီးအသင်းသို့ ပြောင်းရွှေ့လာခဲ့သူဖြစ်သည်။ **(ကိုရဲ)**

**ထိမ်းမြားမင်္ဂလာညည့်ခံပွဲကျေးဇူးတင်လွှာ**

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်နေ (ဦးသက်တင်)-ဒေါ်မာနွယ်တို့၏မြေး၊
ရဲမှူးကြီးနေမိုးသက်(မြန်မာနိုင်ငံရေကြောင်းရဲတပ်ဖွဲ့)-ဒေါ်ကေသီ၊
ဗိုလ်မှူးကြီးကျော်မိုးသက်(မကွေးလေတပ်စခန်းဌာနချုပ်)-ဗိုလ်ကြီးဒေါ်စုစုတင်(ငြိမ်း)တို့၏တူ
ဗိုလ်မှူးကြီးမောင်ဆန်း(စစ်ဦးစီးတက္ကသိုလ်)-ဒေါ်ချိုမာသက်တို့၏
တစ်ဦးတည်းသောသား

**မောင်သက်ထက်အောင်**

**[B.Sc(Hons;),Business IT](UK)**

နှင့်

မြိတ်မြို့၊ ကန်ဖျားရပ်၊ မြေနီလမ်းနေ
(ဦးထွန်းကြွေ)-ဒေါ်စောကြည်တို့၏မြေး၊
မြိတ်မြို့၊ နောက်လယ်ရပ်၊ (၇)လမ်း၊ အမှတ်(၃၃၇)နေ
ဒေါက်တာကျော်စိန်-ဒေါ်သန်းသန်းမူတို့၏ ဒုတိယသမီး

**မခင်မြတ်မြတ်သော်**

**B.A(Russia),YUFL** (ခေတ်သစ်မြတ်စတိုး)

တို့၏ ၅-၁-၂၀၁၅ ရက်တွင် မြိတ်မြို့၊ "မြစည်းစိမ်မင်္ဂလာခန်းမ"၌ ကျင်းပသော မင်္ဂလာညည့်ခံပွဲသို့ တက်ရောက်ချီးမြှင့်ပါသော ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့်ဇနီး၊ ဒုတိယတိုင်းမှူးနှင့်ဇနီး၊ မြိတ်လေတပ်စခန်းဌာနချုပ်မှူးနှင့်ဇနီး၊ ဆွေမျိုးများ၊ မိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို လည်းကေ ာင်း၊ လူကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မေတ္တာဖြင့် မင်္ဂလာလက်ဖွဲ့ပေးပို့ပါသော ဆွေမျိုး မိတ်သင်္ဂဟများအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်သက်ထက်အောင်-မခင်မြတ်မြတ်သော်**

**မင်္ဂလာညည့်ခံပွဲကျေးဇူးတင်လွှာ**

ကျွန်တော်၊ ကျွန်မတို့၏ ၂၇-၁၂-၂၀၁၄ရက်တွင် Sule Shangrila Hotel ၌ ကျင်းပပြုလုပ်သော မင်္ဂလာညည့်ခံပွဲတွင် မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ပေးပါသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသရေစည်သူမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးနှင့်ဇနီးဒေါ်စိုးဝတ်ရည်၊ ဒုတိယဝန်ကြီးများနှင့်ဇနီးများအားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော ဗိုလ်မှူးချုပ်ထွန်းထွန်း (ဂျပန်နိုင်ငံဆိုင်ရာ မြန်မာစစ်သံမှူးကြီး-ငြိမ်း)နှင့်ဇနီး ဒေါ်ခင်သောင်းနွယ်၊ မင်္ဂလာလက်စွပ်ဆင်မြန်းချီးမြှင့်ပေးပါသော ဗိုလ်မှူးကြီးမင်းဆွေ၊ [ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့မီးရထား(ငြိမ်း)]၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့်ဇနီး ဒေါ်မြင့်မြင့်သန်းတို့အားလည်းကောင်း၊ မင်္ဂလာညည့်ခံပွဲသို့ တက်ရောက်ချီးမြှင့်ပေးပါသော စစ်ဘက်နယ်ဘက်မှအရာရှိကြီးများ၊ မင်္ဂလာဆောင်အခမ်းအနားမှူး ဦးရန်ပိုင်စိုး၊ မင်္ဂလာအခါတော်ပေး ဒေါ်နှင်းရည်သန့်နှင့် Cupid တေးဂီတအဖွဲ့၊ မင်္ဂလာပန်းကြပေးပါသော မခြူးပွင့်နွယ်၊ မင်္ဂလာပန်းကုံးနှင့်လက်စွပ်ဗန်းကိုင်ဆောင်ရွက်ပေးပါသော မသဲစုမွန်နှင့် မအိန္ဒြေသွင်၊ သတို့သားအရံ မောင်ခိုင်မင်းချိုနှင့် မောင်မြတ်မဟော်ကျော်၊ သတို့သမီးအရံ မချောစုစုအောင်နှင့် မသင်းထက်ထက်ထွန်း၊ မင်္ဂလာဝတ်စုံသီတဂူနှင့် မပို့(my favourite)၊ မိတ်ကပ်နှင့်ဆံပင်မေဦးနှင့်အဖွဲ့၊ မစိမ့်နှင့်အဖွဲ့၊ ပန်းအလှဆင်ကိုငြိမ်းချမ်း၊ ဓာတ်ပုံနှင့် Video Forever, Memoryနှင့် Cupidတို့အားလည်းကောင်း၊ Dusit Inya Lake Hotel၌ ကျင်းပပြုလုပ်သော မင်္ဂလာညစာစားပွဲတွင် မေတ္တာဖြင့် အစစအရာရာ စီစဉ်ဆောင်ရွက်ပေးပါသော Wamin Group of Companies မှ ဥက္ကဋ္ဌ ဦးမြင့်ဝေ၊ ဦးခွန်နောင် မြင့်ဝေ(CEO)နှင့်ဇနီး ဒေါ်အဏ္ဏဝါလင်းဦး၊ ဦးနောင်ခွန်မြင့်ဝေ(Director)နှင့်ဇနီး ဒေါ်အိအိမြင့်ဝေ တို့အားလည်းကောင်း၊ ၁၄-၁၂-၂၀၁၄ ရက်တွင် ပိဋကတ်သုံးပုံနိကာယ်စာသင်တိုက်၌ ကျင်းပပြုလုပ်သော မင်္ဂလာဦးဆွမ်းကျွေးနှင့်မင်္ဂလာမော်ကွန်း တင်လက်မှတ်ရေးထိုးပွဲ၌ ထိမ်းမြားမင်္ဂလာလက်မှတ်ရေးထိုးပေးပါသော ဦးသက်စိုးအောင် ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ အသိသက်သေများအဖြစ် ဦးခွန်နောင်မြင့်ဝေနှင့်ဇနီး ဒေါ်အဏ္ဏဝါလင်းဦး၊ ဒုတိယ ဗိုလ်မှူးကြီးမြတ်စိုးတင်နှင့်ဇနီး ဒေါက်တာချိုချိုမာကျော်တို့အားလည်းကောင်း၊ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါသော ဆွေမျိုးများနှင့်သူငယ်ချင်းများ၊ Sule Shangrila Hotel နှင့် Dusit Inya Lake Hotel မှ မန်နေဂျာနှင့်ဝန်ထမ်းများ၊ အခြားကျေးဇူးတင်ထိုက်သူအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်အာကာမင်းသူ-မမဥ္ဇူကျော်**

# ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး/စာရေး အမျိုးသမီးများ အလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူဖြစ်ရမည်။

(ဂ) ၁-၁-၂၀၁၅ ရက်နေ့တွင် အသက် ၁၆ နှစ် ပြည့်ပြီး ၁၉ နှစ်ထက်မကြီးရ။

(ဃ) အရပ်(၅)ပေ(၂)လက်မ၊ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။(အထက်ပါအတိုင်း ကိုယ်အလေးချိန် သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူများဖြစ်သဖြင့် ကိုယ်အလေးချိန်အား ခြွင်းချက်အနေဖြင့် စဉ်းစားပါမည်။)

(င) မိဘအုပ်ထိန်းသူ၏ သဘောတူညီကြောင်းထောက်ခံချက် ရှိရမည်။

၂။ လျှောက်လွှာများကို နီးစပ်ရာစစ်ဌာနချုပ်များတွင် ၇-၁-၂၀၁၅ ရက်နေ့မှစတင်၍ အခမဲ့ရယူပြီး ၇-၁-၂၀၁၅ ရက်နေ့မှ ၂၂-၁-၂၀၁၅ရက်နေ့အတွင်း စစ်ဌာနချုပ်များသို့ အောက်ပါစာရွက်စာတမ်းများနှင့်အတူ လူကိုယ်တိုင်လာရောက် သတင်းပို့လျှောက်ထားရမည်။

(က) နိုင်ငံသားစိစစ်ရေးလက်မှတ်။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ် / တိုင်းဒေသကြီး / မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ တစ်လအတွင်းရရှိသော ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ (၃) ပုံ။

၃။ သတ်မှတ်ချက်များနှင့်ပြည့်စုံသူများအား စစ်ရေးချုပ်ရုံး၊ စိစစ်ရွေးချယ်ရေးဘုတ်အဖွဲ့မှ ပဏာမရွေးချယ်ပါမည်။ ပဏာမရွေးချယ်ခံရသူများအား တိုင်းစစ်ဌာနချုပ်အစီအစဉ်ဖြင့် လေ့ကျင့်ပေးမည့်သင်တန်းကျောင်းသို့ ပို့ဆောင်ပေးမည်။ ၎င်းတွင် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးအောင်မြင်သူများကို သင်တန်းသူအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ သင်တန်းတွင် အခြေခံစစ်ပညာရပ်များ၊ အခြေခံရုံးလုပ်ငန်းစည်းမျဉ်း၊ ကွန်ပျူတာနှင့် အင်္ဂလိပ်စာဘာသာရပ်တို့ကို ၁ နှစ်၆ လကြာ သင်ကြားလေ့ကျင့်ပေးပြီး အောင်မြင်သူများကို ကွန်ပျူတာဒီပလိုမာ Dip.C.S (Diploma in Computer Studies) ချီးမြှင့်ပေးမည်။

၅။ သင်တန်းကာလ ၁ နှစ် ၆လအတွင်း ခြေလျင်တပ်သားသစ် သင်တန်းကာလတွင် တပ်သားသစ်လစာ ၇၅၀၀၀ိ/- ကျပ်ကိုလည်းကောင်း၊ ခြေလျင်တပ်သားသစ်သင်တန်း ပြီးဆုံးသည့်ရက်မှစ၍ သင်တန်းပြီးဆုံးသည်အထိ တပ်သား အခြေခံလစာ ၇၆၀၀၀ိ/-ကျပ်ကိုလည်းကောင်း ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(တတိယတန်း)(အခြေခံလစာ၉၄၀၀၀ိ+အရည်အချင်းလစာ၁၀၀၀ိ+**M.H.R.A**၅၀၀၀ိ=၁၀၀၀၀၀ိ)အဖြစ် ခန့်အပ်ပေးမည်။ [၎င်းအပြင် နိုင်ငံတော်မှ ခံစားခွင့်ပြုထားသော အပိုထောက်ပံ့ကြေး (၃၀၀၀၀ိ/-) ခံစားခွင့်ပြုသည်။]

၆။ တပ်မတော်(ကြည်း၊ရေ၊လေ)တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ) အဆင့်/အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ လုပ်သက် ၂ နှစ် ပြည့်သည့်အခါ အဆင့် /အတန်းတိုးမြှင့်ရေးစာမေးပွဲသို့ဝင်ရောက်ဖြေဆိုခွင့်ရှိ၍ စာမေးပွဲအောင်မြင်ပါက အောက်ဖော်ပြပါ အဆင့် /အတန်းများတိုးမြှင့်ရရှိနိုင်ပြီး ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြပါ လစာ၊ စရိတ်များရရှိမည်-

| **အဆင့်အတန်း** | **အခြေခံ လစာ** | **အရည်အချင်း လစာ** | **M.H.R.A** | **ပေါင်း** |
|---|---|---|---|---|
| (က) တပ်ကြပ်ကြီး (စာရေး/ကွန်ပျူတာ)(ဒုတိယတန်း) | ၉၄၀၀၀ | ၁၅၀၀ | ၅၀၀၀ | ၁၀၀၅၀၀ |
| (ခ) တပ်ကြပ်ကြီး (စာရေး/ကွန်ပျူတာ)(ပထမတန်း) | ၉၄၀၀၀ | ၂၀၀၀ | ၅၀၀၀ | ၁၀၁၀၀၀ |
| (ဂ) ဒုတိယအရာခံဗိုလ် (စာရေး/ကွန်ပျူတာ) | ၁၀၆၀၀၀ | ၂၀၀၀ | ၅၀၀၀ | ၁၁၃၀၀၀ |
| (ဃ) အရာခံဗိုလ် (စာရေး/ကွန်ပျူတာ) | ၁၁၂၀၀၀ | ၂၀၀၀ | ၅၀၀၀ | ၁၁၉၀၀၀ |

**မှတ်ချက်။** (၁) နှစ်တိုးလစာကို ၂ နှစ်လျှင် ၁၀၀၀ိ/- နှုန်းဖြင့် ၅၀၀၀ိ/- အထိ ခံစားခွင့်ရှိသည်။
(၂) နိုင်ငံတော်မှခံစားခွင့်ပြုထားသော အပိုထောက်ပံ့ကြေး (၃၀၀၀၀ိ/-) ခံစားခွင့်ပြုသည်။

၇။ တာဝန်ထမ်းဆောင်စဉ် **အဝေးသင်တက္ကသိုလ်မှ ဘွဲ့ရရှိနိုင်ရေး**အတွက် အဆင်ပြေစွာဖြေဆိုနိုင်သည်။

**မှတ်ချက်။** အသေးစိတ်သိလိုပါက နီးစပ်ရာ စစ်ဌာနချုပ်များတွင် စုံစမ်းနိုင်သည်။

# (၆၇) နှစ်မြောက်လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ဒေသအလိုက်အထိမ်းအမှတ် အခမ်းအနားများနှင့် ပျော်ပွဲရွှင်ပွဲများကျင်းပ



**ကလေးမြို့တွင်ပြုလုပ်သော လွတ်လပ်ရေးနေ့အထိမ်းအမှတ် အလံတင်အခမ်းအနားကို တွေ့ရစဉ်။**

**ကလေး –**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီ မိနစ် ၂၀ တွင် ပြည်သူ့ပန်းခြံအတွင်းရှိ လွတ်လပ်ရေးကျောက်တိုင်တွင် ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတထံမှပေးပို့သည့် (၆၇) နှစ်မြောက်လွတ်လပ်ရေးနေ့သဝဏ်လွှာဖတ်ပွဲကို နံနက် ၇ နာရီတွင် လွတ်လပ်ရေးကျောက်တိုင်ရှေ့၌ ကျင်းပခဲ့ရာ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးက သဝဏ်လွှာကို ဖတ်ကြားခဲ့သည်။ လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားသို့ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**လင်းလက်ကြယ်စင်**

**ချင်းရွှေဟော် –**

(၆၇) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရှမ်းပြည်နယ် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်ခရိုင် ချင်းရွှေဟော်မြို့တွင် ဇန်နဝါရီ ၃ ရက်၊ နံနက် ၇ နာရီက မြို့စုပေါင်းသန့်ရှင်းရေးကို သာသနာပြုကျောင်းပုရဝုဏ်၊ ပြည်သူ့ဆေးရုံ၊ စာသင်ကျောင်း၊ ဈေးနှင့် ရပ်ကွက်သုံးရပ်ကွက်ရှိ ရေမြောင်းများတွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့သည်။

မြို့သန့်ရှင်းသာယာလှပရေး၊ ရေစီးရေလာကောင်းမွန်စေရေးနှင့် ပြည်သူများ လေကောင်းလေသန့်များရရှိစေရန် ရည်ရွယ်၍ ချင်းရွှေဟော်မြို့ သန္တိသုခ သာရေးနာရေးကူညီစောင့်ရှောက်မှုအသင်းက ဦးဆောင်ပြီး ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၁၀၀ ဦးဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**ဂန့်ဂေါ –**

(၆၇) နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားကို မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ် အားကစားကွင်း၌ ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီ မိနစ် ၂၀ တွင်ကျင်းပခဲ့ပြီး နိုင်ငံတော်အလံအား အလေးပြုသည့် အခမ်းအနားကို နံနက် ၇ နာရီတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှပေးပို့သည့် လွတ်လပ်ရေးနေ့သဝဏ်လွှာကို ဂန့်ဂေါခရိုင်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်ဇင်က ဖတ်ကြားသည်။ အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြင့်၊ မကွေးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်အောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှဝင်းအောင်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ပြည်သူများ ၃၈၀၀ ကျော်တို့ တက်ရောက်ခဲ့ကြသည်။ **(၄၆၅)**

**ဒီပဲယင်း –**

(၆၇) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ် စိုင်ပြင်ကျေးရွာအုပ်စု ဝွေးပင်ကုန်းကျေးရွာ Kingden ပန်းပျိုးလက် စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၄ ရက် မွန်းလွဲ ၁ နာရီက အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

Kingden ပန်းပျိုးလက်စာကြည့်တိုက်အဆောက်အအုံသစ်အား မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်လင်း၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးဇော်လွင်ဦး၊ စာကြည့်တိုက်မြေအလှူရှင် ဦးဇော်လွင်၊ ကျေးရွာရပ်မိရပ်ဖ ဦးဉာဏ်ဝင်းတို့က ဖွင့်လှစ်ပေးကြသည်။ ယင်းနောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဦးအောင်လင်းက ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးလုပ်ငန်းစဉ်များနှင့်စာပေဖတ်ခြင်း၏အကျိုးကျေးဇူးများကို ဟောပြောပြီး စာကြည့်တိုက်အတွက် သုတ၊ ရသနှင့် ဂျာနယ်မျိုးစုံကို လှူဒါန်းပေးခဲ့သည်။

ဝွေးပင်ကုန်းကျေးရွာ Kingden ပန်းပျိုးလက်စာကြည့်တိုက်သည် အလျား ၂၇ ပေ၊ အနံ ၁၈ ပေ၊ အမြင့် ၁၁ ပေ ရှိပြီး သွပ်မိုး၊ နံကပ်၊ တစ်ထပ်၊ အာစီအဆောက်အအုံသစ်အတွက် ကုန်ကျငွေတန်ဖိုးကျပ် ၄၃ သိန်းအား ဝွေးပင်ကုန်းကျေးရွာ မလေးရှားနိုင်ငံရောက် Kingden ဦးအောင်ဇော်ဝင်းလူငယ်အဖွဲ့မှ စုပေါင်းထောက်ပံ့ လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**အောင်လင်း(ပြန်/ဆက်)**

**ဘုတ်ပြင်း –**

ဘုတ်ပြင်းမြို့နယ်တွင် (၆၇) နှစ်မြောက်လွတ်လပ်ရေးနေ့အကြို အထိမ်းအမှတ်အဖြစ် မူကြိုကျောင်းသား၊ ကျောင်းသူကလေးငယ်များ ကာယ၊ ဉာဏစွမ်းရည်ပြပွဲ၊ ပျော်ပွဲရွှင်ပွဲများအား ဇန်နဝါရီ ၂ ရက် ညနေပိုင်းက ဘုတ်ပြင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း မူကြိုကျောင်းခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အစီအစဉ်တွင် မြို့နယ်မူလတန်းကြိုကျောင်းမှ ကျောင်းသား၊ ကျောင်းသူကလေးငယ်များ ကိုယ်ကာယသန်စွမ်းမှု၊ ဉာဏ်ရည်တိုးတက်ထက်မြက်မှုရှိလာကြစေရန် ကျောင်းသား၊ ကျောင်းသူကလေးငယ်များအား တစ်ဦးချင်းနှင့် အစုအဖွဲ့အလိုက် ကစားနည်းကိုးမျိုးဖြင့် စွမ်းရည်ပြသခဲ့ကြသည်။

အဆိုပါစွမ်းရည်ပြသပွဲ၊ ပျော်ပွဲရွှင်ပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ ကျောင်းသားမိဘများ တက်ရောက်ကြည့်ရှုအားပေးကြပြီး ဂုဏ်ပြုဆုများ အသီးသီး ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဘုတ်ပြင်း(ပြန်/ဆက်)**

**ကော့သောင်း –**

ကော့သောင်းခရိုင်တွင် (၆၇) နှစ်မြောက်လွတ် လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် ကော့သောင်းနယ်စပ်ကုန်သည်များအသင်းမှ တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲတစ်ရပ်ကို ဇန်နဝါရီ ၄ ရက် ည ၇ နာရီက ကော့သောင်းမြို့ သူဌေးကျွန်းဟိုတယ် အက်ဒမန်ပုလဲ (Andaman Parl ) ခန်းမတွင်ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ကော့သောင်းတပ်နယ် စစ်ဗျူဟာမှူးနှင့် တပ်နယ်မိသားစုများ၊ ကော့သောင်းခရိုင် မြို့နယ်အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ၊ နယ်စပ်ကုန်သည်အသင်း အသင်းသူ၊ အသင်းသား မိသားစုများ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့သည်။ အခမ်းအနားတွင် တက်ရောက်လာသည့် ဧည့်သည်တော်များအား အထိမ်းအမှတ်ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံပြီး မြန်မာ့ရိုးရာ ယဉ်ကျေးမှုအကများ ၊ တိုင်းရင်းသားရိုးရာအကအလှများဖြင့် သီဆိုဖျော်ဖြေခဲ့ကြကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

**ကံမ –**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့ ပြည်သူ့အားကစားကွင်းတွင် (၆၇) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲများကို ဇန်နဝါရီ ၂ ရက်မှ ၄ ရက်အထိ ကျင်းပပြုလုပ်ရာတွင် ပြေးခုန်ပစ်ပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲနှင့် ဘောလီဘောပြိုင်ပွဲများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့မှ ကြီးမှူးကျင်းပသော မြန်မာ့ရိုးရာ ဝတ်စားဆင်ယင်မှုပြိုင်ပွဲ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမှ စီစဉ်ဆောင်ရွက်သော ကလေးပြပွဲပြိုင်ပွဲများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**ကျော်ဇေယျာဝင်း(ပြန်/ဆက်)**

**ထီးချိုင့် –**

(၆၇) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ကြီးမှူးကျင်းပသော ကျန်းမာသန်စွမ်း ကလေးငယ်ပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဇန်နဝါရီ ၄ ရက်၊ နံနက် ၉ နာရီက ထီးချိုင့်မြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာန မြို့နယ်သူနာပြု (၁) ဒေါ်ခင်မြတ်အေးက ပြိုင်ပွဲဝင်ကလေးများ၏ ကျန်းမာရေးစစ်ဆေးသည့် အချက်အလက်များ၊ ဂျိုက်သိုးရောဂါအကြောင်းနှင့် ဂျိုက်သိုးရောဂါကာကွယ်ဆေးကို သတ်မှတ်ရက်များတွင်ထိုးရန် တိုက်တွန်းဆွေးနွေးခဲ့သည်။

ယင်းနောက် ပြိုင်ပွဲဝင်ဆုရကလေးငယ်များအား ဆုချီးမြှင့်ရာ အသက် ၂ လမှ ၆ လအထိ ဆုရရှိသူခြောက်ဦး၊ အသက် ၆ လမှ ၁ နှစ်အထိ ဆုရရှိသူခြောက်ဦး၊ အသက် ၁ နှစ်မှ ၁ နှစ်ခွဲအထိ ဆုရရှိသူလေးဦး စုစုပေါင်း ၁၆ ဦးကို ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**လဲ့လဲ့နိုင်(ပြန်/ဆက်)**

**နတ်မောက် –**

နတ်မောက်မြို့နယ် ဗိုလ်ချုပ်ကြေးရုပ်ရင်ပြင်တွင် (၆၇) နှစ်မြောက်လွတ်လပ်ရေးနေ့အခမ်းအနား ကျင်းပရာ နံနက် ၄ နာရီ မိနစ် ၂၀ တွင် ဂုဏ်ပြုတပ်ဖွဲ့က အလံလွှင့်တင်ပြီး အခမ်းအနားတက်ရောက်လာကြသူများက နိုင်ငံတော်အလံကို အလေးပြုခြင်းနှင့် ကျဆုံးလေပြီးသော ခေါင်းဆောင်ကြီးများနှင့် ရဲဘော်အပေါင်းကို အလေးပြုကြသည်။ နံနက် ၇ နာရီတွင် သဝဏ်လွှာဖတ်ပွဲကို ဆက်လက်ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သည့် လွတ်လပ်ရေးနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေအောင်က ဖတ်ကြားခဲ့ကြောင်းသိရသည်။

**ဥမ္မာခင်**

**ကျောက်ကြီး –**

ဇန်နဝါရီ ၄ ရက်၊ နံနက် ၇ နာရီက ကျောက်ကြီးမြို့ လွတ်လပ်ရေးကျောက်တိုင်၌ (၆၇) နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနား ကျင်းပပြုလုပ်ခဲ့ကြောင်းသိရသည်။

ယင်းအခမ်းအနားသို့မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မျိုးအောင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အလံတင်အဖွဲ့များနှင့် နိုင်ငံရေးပါတီများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

နံနက် ၄ နာရီ ၂၀ မိနစ်တွင် အလံတင်တပ်စုက အလံတင်ကြပြီး ၇ နာရီအချိန်တွင် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်ထံမှပေးပို့သော (၆၇) နှစ်မြောက် လွတ်လပ်ရေးသဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မျိုးအောင်က ဖတ်ကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**





## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ အကွက်အမှတ်(ဘ-၄)၊ ဦးပိုင်(၁၄)၊ ၅၇× ၅၈လမ်း၊ ကျန်စစ်သားနှင့် ရတနာလမ်းကြားရှိ ဦးဂျင်ဗိုလ်အမည်ဖြင့် ချထားပေးသော မြေကွက်အား ဒေါ်အေးထွေး[၁၃/မရန(နိုင်)၀၁၈၅၃၅]မှ ဦးပိုင်-၁၄(ခဲစင်း) တောင်ဘက်ခြမ်းအား မြေစလစ်၊ မြေကွက်ဖိုးပေးသွင်းခြင်းငွေရပြေစာ၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် ဂရန်သစ်၊အမည်ပြောင်း၊ဦးပိုင်ခွဲ အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါ ကခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ




## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ အကွက်အမှတ်(အပိုင်း-၅/က)၊ ဦးပိုင်(၃၇)၊ ၃၈×၃၉ကြား၊ ၆၆×၆၇ကြားရှိ ဦးခင်မောင်ညွန့် အမည်ဖြင့် ချထားပေးသောမြေကွက်အား ဒေါ်သီဂီဝင်း[၉/မရတ(နိုင်)၁၀၇၈၇၅]မှ မဟာမြိုင်မြို့ကွက်သစ်(ကျူး) ငွေရပြေစာ၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် ဂရန်သစ်၊ အမည်ပြောင်းအမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(၁)၊ ဦးပိုင်အမှတ်(၇၂+၈၃)၊ ၅၃×၅၄ကြား၊ နှင်းဆီ×မြတ်လေးကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ရန်ဆုံမုံ[၁၃/ ကခန(နိုင်)၀၁၀၉၂၉]မှ မြေကွက်(၂)ကွက်၏ တောဂရန်မူရင်းမှာ အထားအသိုမှားယွင်း ပျောက်ဆုံးသွားပါသဖြင့် ပျောက်ဆုံးကြောင်းရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ တောမှမြို့ပြောင်း၊ ဂရန်မိတ္တူအမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

# ၂၀၁၅ ခုနှစ် နှစ်ဆန်းပိုင်းတွင် သီပေါ၌ ဆိုင်ကယ် ဈေးကွက် ပုံမှန်အရောင်းအဝယ်ဖြစ်



**သီပေါ၊ ဇန်နဝါရီ ၆**

၂၀၁၅ ခုနှစ် နှစ်ဆန်းပိုင်းများတွင် တရုတ်ပြည်လုပ် မော်တော်ဆိုင်ကယ်ဈေးကွက်မှာ အတက်အကျ ပုံမှန်ပင်ရှိကြောင်း သီပေါဆိုင်ကယ်ဈေးကွက်မှ စုံစမ်းသိရှိရသည်။

ရိုးရိုးမော်ဒယ် ၁၁၀ ဆိုင်ကယ်တစ်စီးလျှင် ကျပ် ၂၉၀၀၀၀ မှ ကျပ် ၃၀၀၀၀၀ အထိ ရှိသည်။ ဘိုကျားတစ်စီးလျှင် ကျပ် ၃၅၀၀၀၀ ရှိပြီး တရုတ်ငွေဈေးတက်ပါက ပစ္စည်းဝယ်ဈေးလည်း တက် တတ်သည်ဟု သိရသည်။

"အခု နှစ်ဆန်းရက်မှာ တရုတ်ယွမ်ငွေ ၁၀၀ ကို မြန်မာငွေကျပ် ၁၅၅၀၀၊ ၁၆၀၀၀ လောက်ပေါက်ဈေးရှိပါတယ်။ ဆိုင်ကယ်အမျိုးအစားကတော့ ပုံမှန်ရိုးရိုး စီဇက်အိုင်ဆိုရင် ၃၄၀၀၀၀၊ နာမည်ရှိတဲ့ဆိုင်ကယ်ဆိုရင် ၃၅၀၀၀၀၊ ၃၆၀၀၀၀ ရှိတယ်။ နောက်ထပ် ခါးပေါက်လေးတွေဆိုရင် ၃၈ ရှိတယ်၊ ၃၉ ရှိတယ်။ ဒိုကြီးကတော့ အာဆတ်လို့ခေါ်တာပေါ့။ သူက ၇၅၀၀၀၀ လောက်ရှိတယ်။ ဆိုင်ကယ်ဈေးကတော့ သိပ်မြောက်မသွားပါဘူး။ အဓိကတရုတ်ငွေဈေးကျရင် ဆိုင်ကယ်ဈေးလည်း ကျတာပါပဲ။ ဒီဆိုင်ကယ်ဈေးကွက်မှာတော့နယ်စုံဒေသအစုံကလာရောက်ပြီး စိတ်ကြိုက် ရွေးချယ်ဝယ်ယူသွားကြတာပါပဲ"ဟု ဆိုင်ကယ်ဈေးကွက်မှ ဆိုင်ကယ်ရောင်းသူ ကိုစိုင်းက ပြောသည်။

**သီပေါကိုလတ်**

# နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့တွင် မြို့ပတ်လမ်း ကတ္တရာလမ်းသစ်ဖွင့်

**ပျဉ်းမနား၊ ဇန်နဝါရီ ၆**

နေပြည်တော် ပျဉ်းမနားမြို့ မြို့ပတ်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၃၁ ရက် နံနက်ပိုင်းက တပေါင်းဘုရားလမ်းနှင့် မြို့ပတ်လမ်းထိပ်ရှိ မင်္ဂလာနေရာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ယင်းလမ်းသစ်ဖွင့်ပွဲသို့ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမြင့်အောင်သန်းနှင့် ဦးမျိုးညွန့်၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးမျိုးအောင်နှင့်ကော်မတီဝင်များ၊ ဌာနမှူးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိ၊ မြို့ဖများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမြင့်အောင်သန်းက နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးထားမှုအခြေအနေများအား ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ညွှန်ကြားရေးမှူး အင်ဂျင်နီယာ ဦးအောင်မိုးက ပျဉ်းမနားမြို့ မြို့ပတ်လမ်းကတ္တရာလမ်းသစ်နှင့် ပတ်သက်၍ ဆောင်ရွက်ထားရှိမှုများအား ရှင်းလင်းတင်ပြပြီး ရပ်မိရပ်ဖတစ်ဦးဖြစ်သူ ဒေါ်ဝင်းဝင်းသီက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ပျဉ်းမနားမြို့ မြို့ပတ်လမ်း ကတ္တရာလမ်းသစ်အား နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမြင့်အောင်သန်း၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင် ဦးအောင်ကျော်ငြိမ်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြို့နိုင်တို့က ကတ္တရာလမ်းသစ်အား ဖွင့်လှစ်ပေးကြသည်။ ယင်းနေ့ကဖွင့်လှစ်သည့် ပျဉ်းမနားမြို့ မြို့ပတ်ကတ္တရာလမ်းသည် အရှည် ၃၅၀၀ ပေ အကျယ် ၁၈ ပေရှိကြောင်းသိရသည်။

**ကြေးမုံ**

# စေတနာလူမှုဝန်ထမ်းအဖွဲ့ကဆိပ်ဖြူမြို့တွင် ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာရှင်းလင်းပွဲကျင်းပ

**ဆိပ်ဖြူ၊ ဇန်နဝါရီ ၆**

လူမှုဝန်ထမ်းဦးစီးဌာန စေတနာလူမှုဝန်ထမ်းအဖွဲ့မှ မူကြိုအရွယ်ကလေးတိုင်း မူကြိုပညာသင်ကြားနိုင်ရေးအတွက်ရည်ရွယ်၍ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေး ဆိုင်ရာရှင်းလင်းပွဲကို ဇန်နဝါရီ၃ရက် နံနက် ၁၀နာရီတွင် မြို့နယ်အထွေထွေအုပ်ချုပ် ရေးဦးစီးဌာန ငွေသဲဖြူခန်းမ၌ ကျင်းပခဲ့ကြောင်းသိရသည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ခဲ့ကြပြီး အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးက အဖွင့်အမှာစကားပြောကြားခဲ့သည်။

လူမှုဝန်ထမ်းဦးစီးဌာန စေတနာလူမှုဝန်ထမ်းအဖွဲ့မှ ဆရာမများက မူကြိုကျောင်းမှဖိတ်ခေါ်သံ ECCD သတင်းပေးကဗျာများကို တင်ဆက်ဖျော်ဖြေခဲ့ပြီး လူမှုဝန်ထမ်းဦးစီးဌာန၏ ရည်ရွယ်ချက်ခြောက်ရပ်၊ လုပ်ငန်းကြီးရှစ်ရပ်နှင့် မူကြိုကျောင်းများ ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များ၊ ကလေးဖွံ့ဖြိုးမှု အခြေခံသဘောထား၊ မူကြို အဓိပ္ပာယ်၊ ECCD ဘာလဲ၊ ကစားခြင်းမရှိလျှင် ဖွံ့ဖြိုးခြင်းမရှိနိုင်ကြောင်း တင်ပြပြီး ခေါင်းစဉ်များဖြင့် ရှင်းလင်းပြောကြားခဲ့ကြသည်။

ဆိပ်ဖြူမြို့နယ်တွင် ကျေးရွာ ၅၅ ရွာမှ မူကြိုဆရာမ ၉၈ ဦးအား လေ့ကျင့်သင်တန်းပေးပြီးဖြစ်ကြောင်း သိရပြီး ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အမီ ကျေးရွာပေါင်း ၁၀၀ အား ကိုယ့်အားကိုယ်ကိုးဖြင့် မူကြိုကျောင်းများဖွင့်လှစ်ပေးနိုင်ရန်အတွက်လည်း ဆောင်ရွက်လျက်ရှိသည်။ **စိုးလင်းနိုင်(ပြန်/ဆက်)**

# ပေါင်မြို့နယ်တွင် စာကြည့်တိုက်ပညာဆင့်ပွားသင်တန်း(၂/၂၀၁၄) ဖွင့်လှစ်

**ပေါင်၊ ဇန်နဝါရီ ၆**

ပေါင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သော စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း (၂/၂၀၁၄) ဖွင့်ပွဲကို ဒီဇင်ဘာ ၂၉ ရက်၊ နံနက် ၉ နာရီက အဆိုပါရုံးခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဖွင့်ပွဲတွင် ပေါင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်၊ သထုံမြို့နယ် ပြန်ဆက်ဦးစီးမှူး ဒေါ်သူဇာအောင်တို့ကအမှာ စကား ပြောကြားကြပြီးပေါင်မြို့နယ်စာရေး ဆရာအသင်းဥက္ကဋ္ဌ မောင်စိမ်းညို (ပေါင်)က စာဖတ်ခြင်းအကျိုးကျေးဇူးကို ဟောပြောခဲ့သည်။

ယင်းနောက် မြို့နယ်စာရေးဆရာအသင်းမှ ရပ်ကွက်၊ ကျေးရွာများသို့ စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းရာ ပေါင်မြို့နယ် ကွဲခြံကျေးရွာအုပ်ချုပ်ရေးမှူး ဦးမြသိန်းနှင့် ကျုံကကျေးရွာအုပ်ချုပ်ရေးမှူး ဦးတန်ရှိန်တို့က လက်ခံရယူခဲ့သည်။

စာကြည့်တိုက်ပညာဆင့်ပွားသင်တန်းဖွင့်ပွဲကို သထုံခရိုင်အတွင်းရှိ သထုံ၊ ဘီးလင်း၊ ကျိုက်ထိုမြို့နယ်များမှ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဌာန မြို့နယ်ဦးစီးမှူးများ၊ ပေါင်မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဇင်းကျိုက်မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာမှတာဝန်ရှိသူများ၊ မြို့နယ်၊ရပ်ကွက်၊ ကျေးရွာအုပ် ချုပ်ရေးမှူးများ၊ စာကြည့်တိုက်မှူးများ တက်ရောက်ခဲ့သည်။

**(၅၆၅)**

# ရွှေပြည်သာမြို့နယ်(၁၉/၂၀) ရပ်ကွက် ကျန်းမာရေးကူညီမှုအသင်း မိတ်ဆက်ပွဲကျင်းပ

**ရန်ကုန်၊ ဇန်နဝါရီ ၆**

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် သံဒင်း-ဗိုလ်ချုပ်လမ်းမပေါ်ရှိ အလင်းရောင်စာကြည့်တိုက်တွင် (၁၉) ရပ်ကွက်နှင့် (၂၀) ရပ်ကွက် ပူးပေါင်းဖွဲ့စည်းထားသော ကျန်းမာရေးကူညီမှုအသင်း (ရွှေပြည်သာ) ၏ အသင်းမိတ်ဆက်ပွဲကို ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီ ၁ ရက် နံနက် ၁၀ နာရီခွဲက ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် အသင်း၏ဦးဆောင်နာယက ပုသိမ်ကျောင်းတိုက်ဆရာတော်ထံမှ သြဝါဒခံယူပြီး မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးဟိန်းဝဏ္ဏထက်၊ (၁၉) ရပ်ကွက် နှင့် (၂၀) ရပ်ကွက် အုပ်ချုပ်ရေးမှူးတို့က အမှာစကားပြောကြားခဲ့သည်။

ယင်းနောက် စာရေးဆရာသုံးဦးက အကြံပြုစကားပြောကြားခဲ့ကာ အသင်းဆောင်ရွက် မည့်လုပ်ငန်းများအတွက် အလှူရှင်များ၏ ထည့်ဝင်ငွေများကို လက်ခံရယူခဲ့ကြသည်။

အဆိုပါကျန်းမာရေးကူညီမှုအသင်းသည် အနီးစပ်ဆုံး အောက်ဆီဂျင်ရရှိမည့်နေရာသို့ အခမဲ့ အရောက်ပို့ဆောင်ပေးနေခဲ့ပြီး လက်ရှိအောက်ဆီဂျင် ခုနစ်လုံးဖြင့် လုပ်ငန်းစတင်လျက်ရှိသည်။ ယင်းမိတ်ဆက်ပွဲအခမ်းအနား၌ အလှူရှင်များမှ အလှူငွေ ၃၁ သိန်းကျော်ထည့်ဝင်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ကိုမိုး(ရွှေပြည်သာ)**

**လူမှုဘဝမြှင့်တင်ရေး သမဝါယမဖြင့် ဆောင်ရွက်ပေး**

**တစ်ဦးတည်း ဖြစ်ပါကြောင်း**

ပန်းတနော်မြို့၊ ရွှေဒင်္ဂါးကျွန်းရွာနေ ဦးမောင်ထွေး၏သမီး မမြင့်စိန် [၁၄/ပတန(နိုင်)၁၁၅၀၄၇]နှင့် မမြင့်မြင့်ခိုင်သည် တစ်ဦးတည်း ဖြစ်ပါ ကြောင်း။

**အလက(၆)အင်းစိန်**

**နှစ်(၅၀)ပြည့်ရွှေရတုအကြိုနှင့် တတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ပိန္နဲကုန်းရပ်ကွက်တွင် တည်ရှိပါသော အလက(၆)အင်းစိန်၏ နှစ်(၅၀)ပြည့်ရွှေရတုအကြိုနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ တတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲအခမ်းအနားကြီးကို ၂၀၁၅ခုနှစ်၊ ဇန်နဝါရီလ ၁၁ရက်၊ (တနင်္ဂနွေနေ့)နံနက် ၉နာရီတွင် အလက(၆)အင်းစိန်၊ အနော်ရထာခန်းမကြီးတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည် ဖြစ်ပါကြောင်း အသက်(၆၀)နှစ်နှင့်အထက် အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများနှင့် ရပ်ဝေး၊ ရပ်နီးမှ အလက(၆)အင်းစိန်၊ ကျောင်းသား၊ ကျောင်းသူဟောင်းများ သူငယ်ချင်းများအား လေးစားခင်မင်စွာဖြင့် အသိပေးဖိတ်ကြားအပ်ပါသည်။

အလက(၆)အင်းစိန် ကျောင်းသား၊ ကျောင်းသူဟောင်းများအဖွဲ့

**ဓမ္မနှစ်ဓမ္မမဟာဒွါရနိကာယ ဂိုဏ်းလုံးဆိုင်ရာ**

**မဟာနာယကပူဇော်ပွဲသဘင်နှင့် မဟာသန္နိပါတ အစည်းအဝေး**

၁၃၇၆ခုနှစ်၊ တပို့တွဲလပြည့်ကျော်(၄/၅)ရက်၌ မဟာဒွါရနိကာယ ဂိုဏ်းလုံးဆိုင်ရာ မဟာနာယကပူဇော်ပွဲသဘင်နှင့် မဟာသန္နိပါတ အစည်းအဝေးကို ပြုလုပ်ကျင်းပမည်ဖြစ်ပါသောကြောင့် သာသနာရေးကိစ္စ၊ ဂိုဏ်းဂဏရေးကိစ္စတို့ကို တွေးဆမျှော်မြင်ဆင်ခြင်တော်မူကြကုန်၍ မိမိတို့၏တာဝန်ကို သိမြင်တော်မူကြသည့်အား လျော်စွာ ကြွရောက်ကြရမည်ဖြစ်ပါသဖြင့် ပဲခူးတိုင်းဒေသကြီး၊ သုံးဆယ်မြို့ မဟာထူပါရုံ ပရိယတ္တိစာသင်တိုက်သို့ တပို့တွဲလပြည့်ကျော်(၃)ရက်အရောက် မိမိတို့ကိုယ်တော်တိုင် မပျက်မကွက် ဆက်ဆက်ကြွရောက်တော်မူကြပါရန် ရိုသေလေးမြတ်စွာ ရှိခိုးပင့်လျှောက်ဝံ့ပါသည်။

**ဂဏရက္ခိတဆရာတော်**

**ဥယျာဉ်မွှေ(အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)**

**သပြေပင်ကျောင်းတိုက်၊ ဟင်္သာတမြို့**

**ကြော်ငြာစာ**

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊ အကွက်အမှတ်(ဆ-၁)၊ ဦးပိုင်အမှတ်(၄၄)၊ ၇၂×၇၃ကြား၊ ရွှေဝါထွန်း×ဇလပ်ဝါလမ်းကြားရှိ ဒေါ်နောင်အမည်ဖြင့် ချထားပေးသော မြေကွက်အား ဦးမန်းကြည်[၉/မနတ(နိုင်)၀၂၇၂၄၀]မှ ဦးပိုင်-၄၄(ခဲစင်း) မြောက်ဘက်ခြမ်းအား မြို့ကွက်သစ်နေရာချထားရေး ငွေရပြေစာ၊ မြေဖိုး၊ လမ်းဖိုးပေးသွင်းခြင်းငွေရပြေစာ၊ တရားရုံးကျမ်းကျိန်ချက်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် ဂရန်သစ်၊ အမည်ပြောင်း၊ ဦးပိုင်ခွဲအမှတ်ခွဲ ဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**






# ပိုးမွှားရောဂါကာကွယ်ဆေးနှင့် မြေသြဇာပြုလုပ်သုံးစွဲခြင်း နည်းပညာပေးသင်တန်းဖွင့်လှစ်

**ထီးချိုင့်၊ ဇန်နဝါရီ ၆**

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ကျေးလက်ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးကော်မတီ၏ ထောက်ပံ့မှုဖြင့် စိုက်ပျိုးရေးတောင်သူများအား သဘာဝပိုးမွှားရောဂါကာကွယ်ဆေးများ ပြုလုပ်သုံးစွဲခြင်းနှင့် သဘာဝမြေသြဇာပြုလုပ်သုံးစွဲခြင်း နည်းပညာပေးသင်တန်းကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဒီဇင်ဘာ ၃၀ ရက်မှ ဇန်နဝါရီ ၁ ရက်အထိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သင်တန်းခန်းမတွင် ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ဖွင့်ပွဲတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး ဦးကျော်မြင့်က ထီးချိုင့်မြို့နယ်တွင် လူဦးရေ ၁၃၁၅၀၀ ဦးရှိသည့်အနက် ကျေးလက်နေလူဦးရေမှာ ၁၁၀၀၀၀ ဦးရှိကြောင်း၊ ကျေးလက်နေပြည်သူများ၏ လူနေမှုဘဝ တိုးတက်မှသာ ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်များ အောင်မြင်မည်ဖြစ်ကြောင်း၊ ကျေးလက်နေပြည်သူတို့၏ အဓိကအသက်မွေးမှုဖြစ်သော စိုက်ပျိုးရေးလုပ်ငန်း အောင်မြင်ဖြစ်ထွန်းရေးအတွက် သမားရိုးကျစိုက်ပျိုးနေခြင်းထက် စိုက်ပျိုးရေးပညာရှင်များ၏ နည်းပညာများ ပေါင်းစပ်စိုက်ပျိုးခြင်းက ပိုမိုအကျိုးဖြစ်ထွန်းမည်ဖြစ်ကြောင်းနှင့် ယခုသင်တန်းကို သင်တန်းသားများစွာ တက်ရောက်လာကြခြင်းအတွက် ကျေးဇူးတင်ရှိကြောင်းတို့ကို ပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးမြဝင်းက ယခုလို နည်းပညာပေးသင်တန်း ဖွင့်လှစ်ရခြင်းသည် မိမိတို့၏ စိုက်ပျိုးမြေကို သဘာဝအတိုင်း ပြုပြင်ပြောင်းလဲစေလို၍လည်းကောင်း၊ ဓာတုနည်းဖြင့် ပြုလုပ်ထားသော ပိုးသတ်ဆေးနှင့် ဓာတ်မြေသြဇာများကို ကြာရှည်စွာ သုံးစွဲပါက စိုက်ပျိုးမြေများ ပျက်စီးဆုံးရှုံးနိုင်ပြီး စားသုံးသူများအတွက်လည်း ကျန်းမာရေးနှင့်ညီညွတ်သည့် အသီးအနှံများ မဖြစ်တော့ကြောင်း၊ ယင်းကြောင့် မိမိတို့၏ စိုက်ပျိုးမြေများ ပျက်စီးဆုံးရှုံးခြင်းမှ ကင်းဝေးစေရန်နှင့် ပြည်သူများ၏ ကျန်းမာရေးကိုလည်း အစာလည်းဆေး ဆေးလည်းအစာဆိုသကဲ့သို့ သဘာဝ အသီးအနှံများ ညီညွတ်မျှတစေမှာဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ရာ သင်တန်းသား ၈၆ ဦး တက်ရောက်ခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**

# အိမ်တွင်းမှုစက်ချုပ်သင်တန်းဆင်းပွဲ ကျင်းပ

**ဇီးကုန်း၊ ဇန်နဝါရီ ၆**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ဇီးကုန်းမြို့နယ်ရဲတပ်ဖွဲ့မိသားစု စည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီ၏ တပ်တွင်းမိသားစု အိမ်တွင်းမှု စက်ချုပ်သင်တန်းဆင်းပွဲအခမ်းအနားကို ရဲတပ်ဖွဲ့ခန်းမ၌ ဇန်နဝါရီ ၁ ရက် နံနက် ၉ နာရီတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်အောင်နှင့် ဇနီးဒေါ်သီသီခင်၏ ဦးဆောင်မှုဖြင့် ဇူလိုင် ၃ ရက် မြန်မာအမျိုးသမီးများနေ့မှစတင်ကာ ဇန်နဝါရီ ၁ ရက်ထိ ၅ လကြာအောင် သင်တန်းပေးခဲ့ပြီး သင်တန်းတွင် ရှပ်အင်္ကျီ၊ ရင်ဖုံးအင်္ကျီ၊ မင်္ဂလာခြင်ထောင်နှင့် ဘောင်းဘီဝတ်စုံအမျိုးမျိုးကို တတ်ကျွမ်းသည်အထိ သင်ကြားပေးခဲ့သည်။ ယင်းနေ့က မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်အောင်က စက်ချုပ်သင်တန်း၌ ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် နှစ်သိမ့်ဆုရရှိသူများအား ဆုများအသီးသီးချီးမြှင့်ခဲ့ကြောင်း သိရသည်။ **သိန်းတိုး(ဇီးကုန်း)**

# ဟိန်ဓမ္မလမ်း နှင့် မိုင်းဖြတ်ကျေးရွာချင်းဆက်လမ်း ကျောက်ချောခင်း၍ပြုပြင်ခြင်းလုပ်ငန်း စစ်ဆေး

**ဖယ်ခုံ၊ ဇန်နဝါရီ ၆**

ရှမ်းပြည်နယ် တောင်ကြီးခရိုင် ဖယ်ခုံမြို့နယ်ရှိ ဟိန်ဓမ္မလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းနှင့် မိုင်းဖြတ်(ထက်၊ လယ်၊ အောက်) ကျေးရွာချင်းဆက်လမ်း ကျောက်ချောပြုပြင်ခြင်း လုပ်ငန်းတို့ကို ဇန်နဝါရီ ၂ ရက်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တောင်ကြီးခရိုင်ဦးစီးမှူး ဦးစောမြင့်ထွန်း၊ ဖယ်ခုံမြို့နယ် မြို့နယ်ဦးစီးမှူး ဦးဇော်မင်းထွန်းတို့က လုပ်ငန်းပြီးစီးမှုအခြေအနေများအား ကွင်းဆင်းကြည့်ရှု၍ စစ်ဆေးမှုများပြုလုပ်ခဲ့ကြောင်း သိရသည်။

ဟိန်ဓမ္မလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းကို လမ်းအရှည် တစ်မိုင်၊ အကျယ် ၁၂ ပေ ခွင့်ပြုငွေကျပ် ၅၆ ဒသမ ၉ သန်းဖြင့် ဆောင်ရွက်လျက်ရှိပြီး ယခုအခါ ၈၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။ ယင်းလမ်းပြီးစီးသွားပါက အိမ်ခြေ ၅၀၀၊ လူဦးရေ ၃၀၀၀ ကျော်ကို အကျိုးပြုမည်ဖြစ်သည်။

မိုင်းဖြတ် (ထက်၊ လယ်၊ အောက်) ကျောက်ချောပြုပြင်ခြင်းလုပ်ငန်းကို လမ်းအရှည် ၁ ဒသမ ၄ မိုင်၊ အကျယ် ၁၀ ပေ၊ ခွင့်ပြုငွေကျပ် ၂၂ သန်းဖြင့် ဆောင်ရွက်ခဲ့ပြီး ၁၀၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်၍ အိမ်ခြေ ၂၀၀ ကျော်၊ လူဦးရေ ၁၀၀၀ ကျော်ကို အကျိုးပြုမည်ဖြစ်သည်။

ရှမ်းပြည်နယ် တောင်ကြီးခရိုင် ဖယ်ခုံမြို့ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၄-၂၀၁၅ ခုဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုရန်ပုံငွေဖြင့် ဖယ်ခုံမြို့ ဟိန်ဓမ္မရပ်ကွက် ဟိန်ဓမ္မလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းကို စိုးလွင်အောင်ကုမ္ပဏီမှ တာဝန်ယူပြီး ၂၀၁၄ ခုနှစ် စက်တင်ဘာ ၁၅ ရက်မှစတင်၍လည်းကောင်း၊ မိုင်းဖြတ်(ထက်၊ လယ်၊ အောက်) ကျေးရွာချင်းဆက် ကျောက်ချောလမ်းပြုပြင်ခြင်းလုပ်ငန်းကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၄ ခုနှစ် အောက်တိုဘာ ၁ ရက်တွင်စတင်၍လည်းကောင်း လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

**ကိုထွေး(ဖယ်ခုံ)**

# စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ်၌ မိုးစပါးမျိုးသန့်စပါးခင်း စံပြကွက်တွင် စံကွက်ရိတ်သိမ်းပွဲကျင်းပ



**ခင်ဦး၊ ဇန်နဝါရီ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်၌ ၂၀၁၄-၂၀၁၅ ခုနှစ် မိုးစပါးအရည်အသွေးကောင်း ရွှေဘိုပေါ်ဆန်းမျိုးသန့်စပါး စံကွက်ရိတ်သိမ်းပွဲကို ဇန်နဝါရီ ၂ ရက် နံနက် ၁၁ နာရီက မြို့သစ်အုပ်စု တောင်သူဦးတင့်လွင်ဦး၏ ကွင်းအမှတ် (၂၃၉၈-က) ရှိ ရှစ်ဧက စိုက်ပျိုးထားသောလယ်ကွင်းတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါစံကွက်ရိတ်သိမ်းပွဲကို မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးစိုးအောင်နှင့်ဝန်ထမ်းများ၊ မြို့နယ်မြေစာရင်းလက်ထောက်ဦးစီးမှူး ဦးမျိုးသန့်၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဝင်းဗိုလ်နှင့် ကျေးရွာမှတောင်သူ ၃၀ ဦးခန့် တက်ရောက်ပြီး ရိတ်သိမ်းခြွေလှေ့စက်ဖြင့် စံကွက်ရိတ်သိမ်းခဲ့ရာ တစ်ဧကလျှင် ၉၇ ဒသမ ၆၃ တင်း ထွက်ရှိကြောင်း သိရသည်။

ယခုအချိန်တွင် ရွှေဘိုပေါ်ဆန်းစပါး (စက်ကျ) တင်းတစ်ရာလျှင် ရှစ်သိန်းမှ ရှစ်သိန်းခွဲထိ အရောင်းအဝယ်ဖြစ်နေကြောင်းသိရသည်။

ယခုရွှေဘိုပေါ်ဆန်းမျိုးသန့်စပါးမှာ စိုက်ပျိုးသည်မှစ၍ စိုက်ပျိုးရေးဝန်ထမ်းများ၏ အကူအညီဖြင့် စနစ်တကျစိုက်ပျိုးကာ အပင်သက်တမ်းအလိုက် မျိုးကွဲနှုတ်ပယ်၍စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်ခဲ့သောကြောင့် မျိုးစပါးအဖြစ် ပြန်လည်ရောင်းချပါက သာမန်စပါးများထက် ဈေးကောင်းပိုမိုရရှိမည်ဖြစ်ကြောင်း တောင်သူ ဦးတင့်လွင်ဦးက ပြောသည်။ **ခင်ဦးစိုးဝေ**



## ပြင်ဆင်ဖတ်ရှုပါရန်

၁၀-၁၂-၂၀၁၄ရက် ကြေးမုံသတင်းစာ၏ စာမျက်နှာ(၁၅) ကန့်ကွက်ကြော်ငြာ၊ သာကေတမြို့နယ် ဒေါ်စန်းစန်းမြင့်+၁၏ မြေပုံကူးတွင် ကျန်အမည်ပေါက် ဦးကျော်စိုး အစား ကျန်အမည်ပေါက် ဦးကျော်စိုး (ခင်ပွန်း) ကွယ်လွန်သဖြင့် တစ်ဦးတည်းသော ဇနီးဖြစ်သူ ဒေါ်ဝင်း[၁၂/သကတ(နိုင်)၀၂၉၄၂၈]ဟု ဖတ်ရှုပါရန်။



**သတင်းဆောင်းပါး**

# ကြိုတင်ကာကွယ်ပါ သားအိမ်ခေါင်းကင်ဆာ

၂၀ ရာစုကာလတွင် နည်းပညာများတိုးတက်ပြောင်းလဲခေတ်မီလာသည်နှင့်အညီ ပျက်စီးဆုတ်ယုတ်မှုများလည်း လိုက်ပါလာကြသည်။ ခုခံအားကျဆင်းမှုကူးစက်ရောဂါ၊ ဦးနှောက်အမြှေးရောင်ရောဂါ၊ ကင်ဆာရောဂါများ၊ သွေးတိုးရောဂါ၊ ဆီးချို နှလုံးအစရှိသဖြင့် ရောဂါပေါင်းများစွာလည်း လူသားတို့အပေါ် ဘေးဒုက္ခပေးရန် ဘက်ပေါင်းစုံမှ စောင့်ဆိုင်းနေကြသည်။ ထိုရောဂါများကြားထဲတွင် ခန္ဓာကိုယ်ရှိ ကလီစာအစိတ်အပိုင်းအားလုံး၌ အမြစ်တွယ်သက်ရောက်နိုင်ပြီး လူ့ခန္ဓာကိုယ်အနှံ့သို့ ပျံ့နှံ့ကာ အသက်သေဆုံးသည်အထိ အန္တရာယ်ပေးနိုင်သော ကြောက်မက်ဖွယ်ရောဂါဆိုးမှာ ကင်ဆာရောဂါများပင် ဖြစ်သည်။

ထိုကင်ဆာရောဂါအမျိုးပေါင်းများစွာရှိသည့်အနက်မှ အမျိုးသမီးထုကြီး၏ အသက်အန္တရာယ်ကို အမြဲတစေ ခြိမ်းခြောက်လျက်ရှိနေသော အန္တရာယ်အပေးနိုင်ဆုံးအဖြစ် ဂရုစိုက်ရမည့် ကြောက်မက်ဖွယ် ရောဂါတစ်ခုမှာ သားအိမ်ခေါင်းကင်ဆာရောဂါပင်ဖြစ်သည်။ အမျိုးသမီးများအတွက် ဒုတိယအဖြစ်အများဆုံး ကင်ဆာရောဂါလည်း ဖြစ်ပေသည်။

သားအိမ်ခေါင်းကင်ဆာသည်အမျိုးသမီးများတွင်ဒုတိယအဖြစ်အများဆုံးကင်ဆာဖြစ်ပြီး အသက်အန္တရာယ်ကို ဆိုးရွားစွာ ထိခိုက်စေနိုင်သည်။ အိမ်ထောင်ရှိသူအမျိုးသမီးများတွင် ဖြစ်လေ့ရှိပြီး စောစီးစွာ အိမ်ထောင်ကျသူများ၊ အိမ်ထောင်ဆက်များသူများတွင် ပို၍အဖြစ်များသည်။ ဆေးလိပ်သောက်သုံးသူများတွင် ဖြစ်နိုင်ခြေပိုများသည်။ သားအိမ်ခေါင်းကင်ဆာသည် အသက် ၃၅ နှစ်နှင့်အထက် အမျိုးသမီးများတွင် ပို၍တွေ့ရတတ်သည်။ သားအိမ်ခေါင်းကင်ဆာသည် ရောဂါအစပျိုးသည့်အဆင့်မှ ရောဂါစဖြစ်ချိန်အထိ အများအားဖြင့် ၁၀ နှစ်မှ ၁၅ နှစ်အထိ ကြာလေ့ရှိတတ်သည်။

'အစပျိုးတဲ့အချိန်ကနေ ရောဂါစပေါ်တဲ့အချိန်အထိကို ၁၀ နှစ်နီးပါးလောက်ကြာတယ်။ သားအိမ်ခေါင်းကင်ဆာ ကြိုတင်အဆင့်ဆိုပြီး ဖြစ်လာတယ်။ အဆင့် ၁၊ ၂၊ ၃ ဆိုပြီးရှိတယ်။ အဲဒီသုံးဆင့်က ၁၀ နှစ်လောက်ကြာတတ်တယ်။ နောက်သားအိမ်ခေါင်းကင်ဆာဖြစ်တယ်။ အစပျိုးတဲ့အချိန်မှာ သိလိုက်ရရင် လိုအပ်တဲ့ကုသမှုတွေ ပေးနိုင်တယ်။ ဒီရောဂါက ကျန်းမာရေးဗဟုသုတ မရှိတဲ့သူတွေမှာ ပိုအဖြစ်များတယ်။ ကျေးလက်ဒေသဆေးရုံဆေးခန်းနဲ့ဝေးတဲ့၊ ရောဂါအကြောင်းသေချာမသိတဲ့လူတွေ၊ ရောဂါကိုကာကွယ်လို့ရမှန်း၊ စစ်ဆေးလို့ရမှန်းမသိတဲ့ လူတွေမှာ ပိုအဖြစ်များပါတယ်။ ရောဂါလက္ခဏာတွေအနေနဲ့က သွေးပုံမှန်မဟုတ်ဘဲဆင်းတာ၊ အဖြူဓာတ်ဓာတ်ဆင်းတာ၊ ရာသီလာတာမဟုတ်ဘဲ သွေးဆင်းတာ၊ ဒီလိုမျိုးတွေဖြစ်ပေါ်လာပါတယ်။ ကြိုတင်အဆင့်မှာ ကုသပုံတစ်မျိုး သားအိမ်ခေါင်းကင်ဆာအဆင့်ရောက်ပြီဆို ကုသပုံတစ်မျိုး အဆင့်ပေါ်မူတည်ပြီး အမျိုးမျိုးကွဲပြားပါတယ်" ဟု တပ်မတော်သားဖွားမီးယပ်နှင့်ကလေးဆေးရုံမှ သားဖွားနှင့်မီးယပ်ပါရဂူဒေါက်တာကျော်ထက်အောင်က ပြောကြားသည်။

ရောဂါအဆင့်အနေဖြင့် ၁၊ ၂၊ ၃၊ ၄ စသည်ဖြင့် ခွဲခြားပြီး အဆင့်ပေါ်မူတည်၍ ခွဲစိတ်ကုသခြင်း၊ ဓာတ်ရောင်ခြည်ပြခြင်းတို့ဖြင့် ကုသနိုင်သည်။ အစောပိုင်းအဆင့်များတွင် ခွဲစိတ်ကုသ၍ရသော်လည်း နောက်ပိုင်းအဆင့်များတွင် ခွဲစိတ်၍မရတော့ဘဲ ဓာတ်ရောင်ခြည်ပြခြင်းဖြင့်သာ ကုသနိုင်မည်ဖြစ်သည်။

သားအိမ်ခေါင်းကင်ဆာရောဂါသည် ရောဂါအဆင့် (၁) တွင် ၇၅ ရာခိုင်နှုန်း၊ အဆင့် (၂) တွင် ၅၀ ရာခိုင်နှုန်း၊ အဆင့် (၃) တွင် ၂၅ ရာခိုင်နှုန်းနှင့် အဆင့် (၄) တွင် ၂၀ ရာခိုင်နှုန်းခန့် ငါးနှစ်အတွင်း အသက်အာမခံချက်ရှိနိုင်အောင် ကုသနိုင်သည်။

'သားအိမ်ခေါင်းကင်ဆာက ကြောက်မက်ဖွယ်ရောဂါဆိုပေမယ့် ကြိုတင်ကာကွယ်လို့ရတဲ့ ရောဂါတစ်ခုပါ။ အမျိုးသမီးငယ်တွေ အသက် ၁၂ နှစ် ၁၃ နှစ်မှာ အမျိုးသားနဲ့ထိတွေ့ဆက်ဆံခြင်းမရှိသေးတဲ့အရွယ်မှာ ကာကွယ်ဆေးထိုးသင့်ပါတယ်။ သားအိမ်ခေါင်းကင်ဆာဟာ ၇၅ ကနေ ၉၀ ရာခိုင်နှုန်းလောက်က HPV ဆိုတဲ့ရောဂါပိုးတစ်မျိုးကြောင့် ဖြစ်တာပါ။ ဒီပိုးက အများအားဖြင့် အမျိုးသားနဲ့ဆက်ဆံတဲ့နေရာက ကူးစက်တာပါ။ ဒါကြောင့် အပျိုကြီးတွေမှာ ဒီရောဂါဖြစ်နိုင်ခြေ နည်းပါတယ်။ ဒီကာကွယ်ဆေးထိုးထားတဲ့အခါမှာ အမျိုးသားဆီကပါလာတဲ့ ရောဂါပိုးကို ဒီဆေးမှာပါတဲ့ ပဋိဇီဝက တန်ပြန်တိုက်ထုတ်ပေးနိုင်တယ်။ ဒါက ကာကွယ်နည်းတစ်ခုပါ။

'နောက်တစ်ခုက အိမ်ထောင်ကျပြီး အမျိုးသမီးတွေ အသက် ၂၅ နှစ်အရွယ်လောက်ကစပြီး သားအိမ်ခေါင်းမှာရှိတဲ့ ချွဲ၊ မြှေးကို ပုံမှန်စစ်ဆေးပေးသင့်ပါတယ်။ အသက် ၂၅ ကစပြီး အသက် ၅၀ လောက်အထိ သုံးနှစ်တစ်ခါ စစ်ဆေးပေးသင့်ပါတယ်။ အဲဒီအထိ အဖြေကောင်းတယ်ဆိုရင် အသက် ၅၀ ကနေ ၆၄ နှစ်အထိ ငါးနှစ်တစ်ခါ စစ်ဆေးပေးသင့်ပါတယ်။ အချို့နေရာတွေမှာ ချွဲမြှေးစစ်ဖို့ အဆင်မပြေနိုင်ဘူးဆိုရင် VIA စစ်ဆေးပေးလို့ရပါတယ်။ အမျိုးသမီးရဲ့ သားအိမ် ခေါင်းကို ဆေးရည်နဲ့တို့ပြီး အနေအထားကို စစ်ဆေးပေးနိုင်ပါတယ်။

စစ်ဆေးနေရင်း ပုံစံမမှန်တာတွေရှိလာရင် သားအိမ်ခေါင်းမှန်ပြောင်းကြည့်ခြင်း၊ အသားစယူခြင်းများနှင့် ဆက်ပြီးစစ်ဆေးနိုင်ပါတယ်။

'ပုံမှန်စစ်နေခြင်းအားဖြင့် ပုံစံမမှန်တာတွေ တွေ့လာရင် သူ့အဆင့်အလိုက် အချိန်မီကာကွယ်ကုသပေးနိုင်ပါတယ်။ သားအိမ်ခေါင်းကင်ဆာရောဂါက ကြောက်စရာကောင်းတယ်ဆိုပေမယ့် အချိန်မီသိရင် အဆင့်လိုက်ကာကွယ်ကုသပေးနိုင်ပါတယ်။ ကျန်းမာရေးဗဟုသုတလေးနဲ့ အလေးထားပြီး စစ်ဆေးပေးနေဖို့ပဲ လိုပါတယ်။

'ကြိုတင်ကာကွယ်မှုမရှိတဲ့ အခါကျတော့ အချိန်လွန်မှသိလာရတဲ့အခါ ကုသဖို့ခက်ခဲမှုတွေ ကြုံတွေ့ရပါတယ်။ ကျွန်တော်ပြောခဲ့သလိုပဲ ကာကွယ်ဆေးထိုးမယ်၊ ချွဲ၊ မြှေးစစ်မယ်။ VIA စစ်မယ် စတဲ့ ကာကွယ်နည်းတွေနဲ့ ကာကွယ်လို့ရတဲ့ ကင်ဆာရောဂါတစ်ခုပါ၊ ကြိုတင်ပြီးသတိလေးနဲ့ ပုံမှန်စစ်ဆေးမှုတွေ ပြုလုပ်ပေးမယ်ဆိုရင် ကြောက်စရာမရှိပါဘူးလို့ ပြောချင်ပါတယ်" ဟု ဒေါက်တာကျော်ထက်အောင်က ဆက်လက်ပြောကြားခဲ့သည်။

အမျိုးသမီးများအား တစ်နေ့တခြား ခြိမ်းခြောက်လျက်ရှိသော သားအိမ်ခေါင်းကင်ဆာရောဂါကို ပုံမှန်စစ်ဆေးမှုများနှင့် ကြိုတင်ကာကွယ်တားဆီးသင့်ပါသည်။ **မေသကြန်(ကြေးမုံ)**

# သရက်ခရိုင် ကံမမြို့နယ်ရှိ ၁၆ ခုတင်ဆံ့ ကြို့ပင်တိုက်နယ်ဆေးရုံ ဖေဖော်ဝါရီလတွင် ဖွင့်လှစ်မည်

**ကံမ၊ ဇန်နဝါရီ ၆**

သရက်ခရိုင် ကံမမြို့နယ် ကြို့ပင်ကျေးရွာ၌ ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံအား နိုင်ငံတော်ခွင့်ပြုငွေ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ကျပ်သိန်း ၃၅၀၀ နှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကျပ်သိန်း ၂၃၀၀ စုစုပေါင်းကျပ်သိန်း ၅၈၀၀ ဖြင့် တည်ဆောက်ခဲ့ရာ ရာနှုန်းပြည့်ပြီးစီးအောင်မြင်နေပြီဖြစ်သောကြောင့် ဖေဖော်ဝါရီလတွင် စတင်ဖွင့်လှစ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယင်းဆေးရုံ၏ ပင်မဆောင်မှာ အလျား ၁၂၆ ပေ၊ အနံ ၁၁၅ ပေ၊ အမြင့် ၁၄ ပေရှိ သံကူကွန်ကရစ်တစ်ထပ်ဆောင်ဖြစ်ပြီးနှစ်ခန်းတွဲတစ်ထပ် ဆရာဝန်နေအိမ်နှစ်လုံး၊ လေးခန်းတွဲ တစ်ထပ်သူနာပြုနေအိမ်တစ်လုံး၊ ခြောက်ခန်းတွဲ တစ်ထပ်ဝန်ထမ်းနေအိမ်တစ်လုံး၊ ခွဲစိတ်ဆောင်၊ ဂါလန် ၁၆၀၀ ဆံ့ရေစင်နှင့် ဂါလန် ၃၂၀၀ ဆံ့ မြေအောက်ရေကန်များ ဆောက်လုပ်ပါရှိပြီး ဆေးရုံသုံးပစ္စည်းများနှင့် ဆေးဝါးအမျိုးအစား ၁၀၉ မျိုး



ရောက်ရှိနေပြီဖြစ်သည်။

အဆိုပါတိုက်နယ်ဆေးရုံ ဖွင့်လှစ်ပြီးစီးပါကပတ်ဝန်းကျင်ကျေးရွာပေါင်း ၂၂ ရွာတွင် နေထိုင်ကြသော ဒေသခံများအပြင် ပုသိမ် -မုံရွာ ကားလမ်းမကြီးပေါ်တွင် တည်ရှိသောကြောင့် ခရီးသွားများကိုပါကျန်းမာရေး စောင့်ရှောက်နိုင်မည်ဖြစ်သည်။ **ကျော်ဇေယျာဝင်း(ပြန်/ဆက်)**




## လူပျောက်

အိမ်အမှတ်(၅၃၂)၊ ကြီးပွားရေးရပ်ကွက်၊ သယ်န်းကျွန်းမြို့နယ်၊ ဦးခင်ဝင်း၏သမီး မနန်းကြာဖြူလှိုင်[၁၂/သဃက(နိုင်)၁၇၆၁၃၈]သည် ၂၈-၁၁၂၀၁၄ ရက်က မိမိဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။ လက်ခံထားရှိသူအား ဥပဒေအရ အရေးယူမည် ဖြစ်ကြောင်း။

ဦးခင်ဝင်း
[၁၂/သဃက(နိုင်)၀၅၈၁၀၉]



ကြော်ငြာ




Get the INFINITY feeling!

၇၇ ၊ ကမ္ဘာအေးစေတီလမ်းမပေါ်ရှိ KHG ၏ ဘိုးဘွားပိုင် အဆင့်မြင့် ကွန်ဒိုမီနီယံ





SHOW FLATS NOW OPEN

စုံစမ်းရန်
09-2528-5-7711
09-2528-5-7722
www.infinity-khg.com

# အထူးလိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

ရန်ကုန်မြို့၊ အမှတ်(၁၉)၊ ပဒုမ္မာလမ်း၊ ဒဂုံမြို့နယ်နေ မိခင်ကြီး **ဒေါ်ဆိုက်တီအား** နိုင်ငံတော်မှ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၅)ဖြင့် **သုဓမ္မသီဂီ**ဘွဲ့တံဆိပ်တော်ချီးမြှင့်ခံရပါသဖြင့် အထူးပင်ဝမ်းမြောက်မိပါကြောင်းနှင့် ကျန်းမာချမ်းသာစွာဖြင့် သာသနာအကျိုးကို ဆတက်ထမ်းပိုးတိုး၍ သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ချစ်သမီး-ဒေါ်ခင်လှလှတီ "လှိုင်" ရတနာဆိုင်၊ နဝရတ်ရုံ၊ ဗိုလ်ချုပ်အောင်ဆန်းဈေး**

**ချစ်မြေး-ဦးဟန်သော်ဇေ**
**Managing Director (Constration)**
**MYANMAR NATIVE LAND PUBLIC CO.,LTD**
**Managing Director**
**AOA..Compang Limited**

**ချစ်မြေး-ဒေါ်အိမ်သဲအေး**
**Director**
**MYANMAR NATIVE LAND PUBLIC CO.,LTD**
**Director**
**AOA..Compang Limited**

---

"(၂၀၁၅)နှစ်သစ်မှစ၍ မိတ်ဆွေ ... များအားလုံး ... ကျန်းမာချမ်းသာ ... နှစ်သစ်ဆုမွန်ကောင်း တောင်းအပ်ပါသည်"

**"မိုးဇ(ဧပင်း)" အိမ်ခြံမြေ အမြန်ရောင်းမည်**

| | | | |
|---|---|---|---|
| ၁။ ကိုးလို့ ... | (3000sqft) | မြေ | 1Sqft 1.5L |
| ၂။ ... | (65x45) | 2RC | 13500L |
| ၃။ ရန်ကင်း - လမ်းသန့် | (45x120) | မြေ | 11000L |
| ၄။ ... | (50x90) | မြေ | 8500L |
| ၅။ ရန်ကင်း ... | (4000sqft) | 1RC | 7600L |
| ၆။ ... | (40x65) | မြေ | 7100L |
| ၇။ ... | (44x62) | မြေ | 5800L |
| ၈။ ... | (50x90) | မြေ | 4500L |
| ၉။ ... | (75x60) | မြေ+ | 4500L |
| ၁၀။ ... | (50x80) | 1RN | 4500L |
| ၁၁။ ... | (55x75) | မြေ | 4000L |
| ၁၂။ ... | (40x60) | 2RN | 3500L |
| ၁၃။ ... | (46x55) | 1RN | 3000L |
| ၁၄။ ... | (53x70) | မြေ | 2800L |
| ၁၅။ ... | (35x50) | 2RC | 2800L |
| ၁၆။ ... | (25x60) | ... | 2100L |
| ၁၇။ ... | (57x95) | 1RC | 1800L |

☎-510 600, 510 950, 09 5040160, 09 5185534, 09 5173600

---

# ဦးဝင်းကို
B.Com(Q), C.P.A, ACCA(II), Accounting Gold Medalist

# LCCI LEVEL 1,2,3
စာရင်းကိုင်သင်တန်းများ

Tel : 09 550 7139, 09 511 8043

---

# ACCOUNT CARE GROUP

(1) Peachtree ...

(2) SAB (Skills Accountancy in Business)

☎ : 392145, 09730822..., 09 512 6761, 09814 1738

---

## မိုနဲဒါဖက်ရှင်

- ကြော်ငြာ၊ လက်ဆောင်၊ ပရိုမိုးရှင်းနှင့် အမှတ်တရ တူညီဝတ်စုံများအတွက်
- အရောင်စုံ၊ ဒီဇိုင်းစုံကြိုက်ရာယူ
- ချည်သား T.Shirt - 1100 ကျပ် (မှစ၍)
  Shirt - 2900 ကျပ်
  Sport Shirt - 2950 ကျပ်
  Style Pant - 2950 ကျပ်
  ဦးထုပ် - 950 ကျပ် (မှစ၍)
- အထည်(၁၀၀)အထက်ယူလျှင် လိပ်စာအရောက် ပို့ပေး၊ ပြပေးသည်။
- **အမှတ်-၇၉၊ မြေညီထပ်၊ ၁၂၄ လမ်း၊ မင်္ဂလာဈေးမှတ်တိုင်အနီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်**
- **Ph:01-292129, 01-9000260, 09-250388594**
- **E-mail:kyonedoe@gmail.com**

---

## ဒဂုံမြို့သစ်

အရှေ့ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်း မြေကွက်များ အထူးဈေးကောင်းပေးဝယ်သည်။

ဖုန်း ၀၉ ၅၀၆၂၁၅၈၀၉ ၄၂၀၁၁၀၉၇၅

---

## ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

... ( 40'x60' ) 50သိန်း၊ 65သိန်း၊ 70သိန်း

Ph : 09-252278945, 09-448012251

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

အောက်ပါပုဂ္ဂိုလ်များသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲရေးဌာနသို့ ယှဉ်တွဲဖော်ပြပါ အကြောင်းအရာအတိုင်း လျှောက်ထားလာပါသည်။ သို့ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာတွင် ကြော်ငြာပါသည့်နေ့မှစ၍ (နှစ်ပတ်)အတွင်း ဤဌာနသို့ သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားများနှင့် လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်-

| စဉ် | လျှောက်ထားသူ | | | လျှောက်ထားသည့် | | | | လျှောက်ထားသည့်အကြောင်းအရာ |
|---|---|---|---|---|---|---|---|---|
| | အမည် | မှတ်ပုံတင် | လိပ်စာ | မြို့နယ် | မြေတိုင်း | မြေကွက် | မြေအမည်ပေါက် | |
| | ဒေါ်ခင်ခင်ကြီး+၁ | [၁၂/ပဇတ(နိုင်) ၀၂၄၁၀၆] | အမှတ်-၅၅၊ ၁၆၄ လမ်း၊ တာမွေမြို့နယ် | တာမွေ | ၃၄ အီး | ၁၁၄ | Mr. Morris Khyu (ခ)ဦးကျော် | အမည်ပြောင်း |

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**

---

## အမြုတေ

---

Mini Condo ... Hmawbi Residence ... 2014, March ... Lift, Roof Garden, Generator, CCTV, A/C, Floor, Tile ...

---

## ဦးပိုင်အမှတ်(၁၅၂/ဃ)၊ ရာမနီတောင်ကွင်း၊ လက်ယက်စမ်းကျေးရွာ၊ ထမလုံ၊ သန်လျင်မြို့နယ် မြေကွက်နှင့်ပတ်သက်၍ အများသိစေရန်ကြေညာချက်

အထက်ဖော်ပြပါ (အလျားပေ၄၀×အနံပေ၁၂၀)အကျယ်ရှိ ဥယျာဉ်ခြံမြေအမျိုးအစား မြေကွက်အား အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်အေးအေးသန်းထံမှ ကျွန်မဒေါ်နန္ဒာမျိုးက ၁၈-၁၁-၂၀၁၁ရက်ကတည်းက ဝယ်ယူပြီးနောက် ၃-၃-၂၀၁၃ရက်တွင် ဦးစိုးတင့်[၁၂/ ပဘတ(နိုင်) ၀၂၄၈၁၃]ထံသို့ အပြီးအပြတ်လွှဲပြောင်းရောင်းချခဲ့သည်မှာ မှန်ကန်ကြောင်းနှင့် ကျွန်မသည်အဆိုပါ မြေကွက်အား ဦးစိုးတင့်မှလွဲ၍ မည်သူတစ်ဦးတစ်ယောက်ကိုမျှ လွှဲပြောင်းရောင်းချထားခြင်း မရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နန္ဒာမျိုး**
**[၁၂/တကန(နိုင်)၁၄၃၁၄၁]**

---

ENGLISH Conversation Practice ... Great Wall ... 09 5118 ...

---

## မော်တော်ယာဉ်ဆိုင်ရာ ...

မြန်မာမော်တော်ယာဉ်ကိုယ်စားလှယ်များအသင်း (MOAG)၏ ...

---

## ကွန်ပျူတာဝပ်ဆော်ဝဲ ...

---

## ဒီကရီကိုအတည်ပြုရန်အမိန့်မထုတ်သင့်ကြောင်းထုချေစေရန် အကြောင်းကြားစာ
## တရားမကျင့်ထုံးကိုဒုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂
## တာမွေမြို့နယ်တရားရုံးတော်၌

**၂၀၁၁ခုနှစ်၊ တရားမကြီးအမှုအမှတ်-၉၂နှင့်ဆက်သွယ်သည့်**
**၂၀၁၄ခုနှစ်၊ တရားမဇာရီမှုအမှတ်(၁၃)**

ဦးခင်မြင့် **ဒီကရီအနိုင်ရသူ**

နှင့်

၁။ ဒေါ်ခင်သိန်း **တရားရှုံးများ**
၂။ ဒေါ်သင်းသင်းအေး

အမှတ်(၄၅/A)၊ စက်မှု(၄)လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ ဒေါ်ခင်သိန်း(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

၂၀၁၁ခုနှစ်၊ တရားမကြီး(၉၂)တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဦးခင်မြင့်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၅ခုနှစ်၊ ဇန်နဝါရီလ ၁၄ရက် မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၁၅ခုနှစ်၊ ဇန်နဝါရီလ ၁ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးပေးလိုက်သည်။

**(စန်းအောင်)**
**မြို့နယ်တရားသူကြီး၊ တာမွေမြို့နယ်တရားရုံး**

ကြော်ငြာ

RIT 75-81 ကျောင်းသား/သူများ၏ အလှူငွေ

ဗထားဝင်ဦး ဗုဒ္ဓဂယာဘုရားဖူးအကျိုးဆောင်လုပ်ငန်း

Ayeyarwaddy Legend Travels & Tours

စိန့်ရောင်ခြည်

ကိုယ်ပိုင်စီးပွားရေး လုပ်ငန်းတည်ထောင်နည်း

GSC ကျောက်မျက်သင်တန်းကျောင်း

(Gemmological Association, UK ၏ တစ်ခုတည်းသော မြန်မာကျောင်းခွဲ)

FGA (London) Diploma

FGA Diploma

Since - 1994

ပညာပါရမီ

# ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ အမှတ်(၈)ဟု ခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ်-၁၇(သမိုင်း)၊ ဦးပိုင်အမှတ်-၁၈/စ၊ ဧရိယာ(၀. ၄၆၄)ဧက+၁၈/ဆ၊ ဧရိယာ (၀. ၀၉၄) ဧက+ဦးပိုင်အမှတ်-၁၈/ဇ+ဧရိယာ(၀. ၁၀၀)ဧက မြေဧရိယာစုစုပေါင်း ဧက(၀. ၈၆၆)ရှိ ဒေါ်ခင်စိန်(ISN-၀၈၀၀၄၉)အမည်ပေါက် ဘိုးဘွားပိုင်မြေကွက်အား မိခင် ဒေါ်ခင်စိန်(ကွယ်လွန်)၏ သားသမီးများဖြစ်သည့် (၁)ဦးခင်မောင်မြင့်[၁၂/မရက(နိုင်)၀၉၉၄၆]၊ (၂)ဦးခင်မောင်သန်း[၁၂/မရက(နိုင်)၀၉၉၄၇]၊ (၃)ဒေါ်နန်းဌေးရင်[၁၃/လရန(နိုင်)၀၀၁၅၈] [ဦးခင်မောင်ထွန်း(ကွယ်လွန်)၏ဇနီး]၊ (၄)ဒေါ်တင်တင်လှ[၁၂/မရက(နိုင်)၁၀၉၉၄၉]၊ (၅)ဦးခင်မောင်သိန်း[၁၂/မရက(နိုင်)၁၀၉၉၅၀]၊ (၆)ဦးခင်မောင်ဌေး[၁၂/မရက(နိုင်)၁၀၉၉၅၁]၊ (၇)ဒေါ်စိမ်းစိမ်းလှ[၁၂/မရက(နိုင်)၁၀၉၉၅၂]တို့ မောင်နှမ(၇)ဦးသည် မြန်မာ့ဓလေ့ထုံးထမ်းဥပဒေနှင့်အညီ အမွေဆက်ခံပိုင်ဆိုင်သော အမွေဆိုင်(၇)ဦး ဖြစ်ပါသောကြောင့် ထိုမြေကွက်ကို လက်ရှိပိုင်ဆိုင်သူ အမွေဆိုင်မောင်နှမ (၇)ဦးမှ ဦးမျိုးမင်းသူ[၁၂/အလန(နိုင်)၀၀၂၆၁၀] (MMC Construction Co.,Ltd)နှင့် အကျိုးတူပူးပေါင်း၍ အထပ်မြင့်တိုက်ခန်းများဆောက်လုပ်ရန်အတွက် အကျိုးပြု ပူးပေါင်းဆောင်ရွက်ခြင်းကတိစာချုပ်ချုပ်ဆိုပြီးဖြစ်ပါသည်။ ကန့်ကွက်မည့်သူရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက စာချုပ်ပါကတိအတိုင်း ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**Myanmar Modern Creations Co.,Ltd.**

**အမှတ်(၄၉)၊ မိုးစန္ဒာလမ်း၊ ကမာရွတ်မြို့နယ်၊**

**ဖုန်း 01-504884, 532002**

**Email:mmc.construction355@gmail.com**

**Website:www.mmc-myanmar.com**

SARNATH

ဓမ္မ (၁၂)စတုရန်းပေ - ၁၅,၀၀၀ိ/-

ကျောင်းဆောင်(၁)စတုရန်းပေ - ၂၁,၀၀၀ိ/-

၂၅ ပေ x ၁၅ ပေ အခန်းတစ်ခန်း - US$ ၅,၀၀၀

MIC

Myanmar Imperial College

HND

umg college

edexcel Approved Centre

UMG College

- Mechanical Engineering
- Electrical and Electronic Engineering
- Civil Engineering
(Construction and the Built Environment)

www.umgcollege.com

UMG College





**ပျောက်ဆုံးခြင်း**

ဒေါ်စမ်းမြသီတာနိုင်[၁၄/လပတ(နိုင်)၁၁၅၈၄၄]၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၃၀၂၃၀၀၉**



## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၆)ရပ်ကွက်၊ အမှတ်(၂၃၃)၊ အခန်းအမှတ်(၅)နေ ဦးဝဏ္ဏသော်[၁၂/ရကန(နိုင်)၀၃၂၆၇၇]၊ ဒေါ်မူမူဝင်း[၉/မထလ(နိုင်)၂၂၁၈၉၉]တို့၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်-၃၄ C၊ မြေကွက်အမှတ် $\frac{\text{ၜF၊ ၜb2}}{\text{b}}$ ၊ အိမ်အမှတ် -၂၇၆(ဘီ)ဟု ခေါ်တွင်သောမြေပေါ်တွင် ဆောက်လုပ်ဆဲ (၆)ခန်းတွဲ (၈$\frac{၁}{၂}$)ထပ်အဆောက်အအုံ၏(၅)ထပ်၊ (ဒီ)ဘက်ခြမ်း၊ ဧရိယာ(၁၀၅၀ စတုရန်းပေ)ရှိ တိုက်ခန်း(၁)ခန်းကို GREAT FATHER LAND Construction & Decoration Co.,Ltd.ဦးကျော်မြင့် (Chairman)ထံမှ တိုက်ခန်းအရောင်းအဝယ်စာချုပ်ချုပ်ဆို၍ တိုက်ခန်းတန်းဖိုးငွေ အပြေအကျေပေးချေပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းနှင့်ပတ်သက်၍ ဦးဝဏ္ဏသော်၊ ဒေါ်မူမူဝင်းတို့၏ ခွင့်ပြုချက်၊ သဘောတူညီချက်မရှိဘဲ မည်သူမှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လွှဲပြောင်းခြင်းတို့ မပြုလုပ်ရန်နှင့် ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်း စာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးအောင်ကျော်မြင့် LL.B, B.Sc(Engg) (EC)**

**အထက်တန်းရှေ့နေ(စဉ်-၁၈၃၇၁)**

**အမှတ်(၁၆၉)၊ ပထမထပ်(ယာ)၊ ၃၃-လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၀၀၅၁၈၀၊ ၀၉-၃၁၂၅၉၅၅၀**



## ရောင်းမည်

ရန်ကင်းမြို့နယ်၊ ကျောက်ကုန်းလမ်းမကြီး၊ မြေညီထပ် ၃၂ ပေ၊ ပေ ၈၀ မြေညီထပ်၊ ထပ်ခိုးအပြည့်ပါ၊ ထပ်ခိုးအမြင့် ၇ ပေ၊ ရုံးခန်း၊ ဘဏ်ခွဲဖွင့်ရန်သင့်တော်သည်။

**ပါဝင်ပစ္စည်းများ**

Air-Con ၁၃ လုံး(၃ ကောင်၊ ၂ ကောင်၊ ၁ ကောင်ခွဲ၊ ၁ ကောင် Panasonic များသည်။)

PABX ဖုန်းတစ်လိုင်း အပါအဝင် ဖုန်းလိုင်း ၃ လိုင်း

Internet Line တစ်လိုင်း

Skynet စလောင်းလိုင်း (လိုင်းစုံကြည့်နိုင်)

Meeting Room၊

ရေပူရေအေးပါ Bathroom + Toilet တွဲလျက် (၂) ခန်း

သီးသန့် Toilet ၃ခန်း၊ သီးသန့် Bathroom ၂ ခန်း၊

ရှေ့ကားရပ်ရန်နေရာ ပေ(၂၀ ×၁၃) အကျယ်နေရာ အမိုးမိုးပြီးနှစ်ခန်း၊ အနောက်ဘက်တွင် စတိုခန်း သီးသန့်ပါ။

20 KVA TRANSFORMER ၂ လုံး၊ 25 KVA မီးစက် ၁ လုံး

1400 W PURE SIME WAVE Inverter ၂ လုံး

ဆက်သွယ်ရန်ဖုန်း -၀၉-၅၁၈၄၇၉၉၊ ၀၁-၅၆၄၂၃၄၊ ၀၁-၅၆၄၉၉၈



## အများသိစေရန်

ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်ကြသော ဦးခင်မောင်လေး[၁၂/တမန(နိုင်)၀၉၇၀၃၆]နှင့် ဒေါ်သီတာ[၁၂/တမန(နိုင်)၀၉၇၀၁၂]တို့၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၆K)၊ မြေကွက်အမှတ်(၁၁၁ B/၁-၂) ဧရိယာ(၀. ၁၆၉)ဧကပမာဏရှိ မြေပိုင်မြေအမျိုးအစား၊ အမှတ်(၄၃)၊ အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်ဟုခေါ်တွင်သည့်မြေကွက်သည် ကျွန်ုပ်တို့၏မိတ်ဆွေများက ရန်ကုန်မြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၏ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်-၃၆၁၇/၂၀၁၀ ဖြင့် ဝယ်ယူပိုင်ဆိုင် လက်ရောက်ရယူထားသည့် မြေကွက်ဖြစ်ပါသည်။

အဆိုပါမြေကွက်ကို ရန်ကုန်မြို့စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၏ မေတ္တာဖြင့် အပြီးအပိုင်ပေးကမ်းခြင်းစာချုပ် မှတ်ပုံတင်အမှတ်-၃၉၁၅/၁၉၉၇အရလည်းကောင်း၊ မြေကွက်သက်သက် အပြီးအပိုင်အရောင်းအဝယ်စာချုပ် မှတ်ပုံတင်အမှတ်-၈၃၈/၂၀၁၀အရလည်းကောင်း၊ မြေကွက်သက်သက် အပြီးအပိုင်အရောင်းအဝယ်စာချုပ်မှတ်ပုံတင်အမှတ်-၃၆၁၇/၂၀၁၀ အရလည်းကောင်း၊ မှတ်ပုံတင်စာချုပ်များအဆင့်ဆင့်ဖြင့် ချုပ်ဆိုဝယ်ယူထားသည့်အပြင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင်လည်း ဦးခင်မောင်လေးနှင့်ဒေါ်သီတာတို့၏ အမည်ပေါက်လျက် ရှိပါနေပါသည်။ အဆိုပါမြေကွက်နှင့်စပ်လျဉ်း၍ ကျွန်ုပ်တို့မိတ်ဆွေများ၏ လက်ရှိထားပိုင်ဆိုင်အကျိုးခံစားခွင့်ကို ထိခိုက်စေရန်သော်လည်းကောင်း၊ ဂုဏ်သိက္ခာကို ထိခိုက်ကျဆင်းစေရန်သော်လည်းကောင်း၊ ပြုမူဆောင်ရွက်သူမည်သူ့ကိုမဆို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဝင်းမြင့် (LL.B)** — **ဒေါ်နီနီလွင်(LL.B, D.B.L)**

**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၀၃၇) တရားလွှတ်တော်ရှေ့နေ(စဉ်-၈၉၆၃)**

**အမှတ်-၉၀(မြေညီထပ်)၊ လမ်း(၄၀)အောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

# အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ပျို(တန့်ဆည်)

**အသက်(၉၁)နှစ်**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်-ဒေါ်မြင့်မြင့်သန်းတို့၏မိခင် ဒေါ်ပျိုသည် ၂၇-၁၂-၂၀၁၄ (စနေနေ့) နံနက် ၀၀း၁၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးစိုးသိန်း(ဖက်စပ်-၂)**
**ဦးခင်မောင်စန်း-ဒေါ်မေနှင်းပုလဲ**
**ဟိန်းထက်ဆောက်လုပ်ရေး၊ ရွှေမြင့်မိုရ်(သစ်သီးပွဲရုံ)သီရိမင်္ဂလာဈေး**

# အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးသိန်းဝင်း

**နာယက-ရွှေသံလွင်ကုမ္ပဏီလီမိတက်**

**အသက်(၇၆)နှစ်**

သီဟသုဓမ္မသိင်္ဂီ၊ သီရိသုဓမ္မသိင်္ဂီ၊ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်နီနီ၏ချစ်လှစွာသောခင်ပွန်း၊ ဦးကျော်ဝင်း(ဥက္ကဋ္ဌ-ရွှေသံလွင်ကုမ္ပဏီလီမိတက်)-ဒေါ်နန်းမောက်လောဝ်ဆိုင်တို့၏ ကျေးဇူးရှင်ဖခင်ကြီး ဦးသိန်းဝင်းသည် ၂၁-၁၂-၂၀၁၄ရက် (တနင်္ဂနွေနေ့) နံနက် ၅း၅၇နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စိုင်းစံပွင့်-နန်းမေသိန်းကြည်**
**ခမ်းလီ စိန်ရွှေရတနာဆိုင် မိသားစု**
**တောင်ကြီး၊ရန်ကုန်**

### ဝမ်းနည်းကြေကွဲခြင်း

**ဦးဉာဏ်ထွဋ် (၃၄)နှစ်**

**(ဦးစီးအရာရှိ၊ မြို့ပြ၊ ဆည်မြောင်းဦးစီးဌာန၊ ဝမ်းတွင်းမြို့)**

ဝမ်းတွင်းမြို့နေ ဒေါ်မိုးမိုး၏ခင်ပွန်း၊ မောင်ရှိုင်းထွဋ်အောင်၊ မောင်မင်းထွဋ်အောင်၊ မောင်ဟိန်းထွဋ်အောင်တို့၏ ဖခင်ဦးဉာဏ်ထွဋ် (ဦးစီးအရာရှိ၊ မြို့ပြ၊ ဆည်မြောင်းဦးစီးဌာန၊ ဝမ်းတွင်း)သည် ၃-၁-၂၀၁၅ရက်တွင် မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး၌ ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**လက်ထောက်ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများ**
**ဆည်မြောင်းဦးစီးဌာန၊ မန္တလေးမြို့။**

### ဝမ်းနည်းကြေကွဲခြင်း

**ဦးဉာဏ်ထွဋ် (၃၄)နှစ်**

**(ဦးစီးအရာရှိ၊ မြို့ပြ၊ ဆည်မြောင်းဦးစီးဌာန၊ ဝမ်းတွင်းမြို့)**

ဝမ်းတွင်းမြို့နေ ဒေါ်မိုးမိုး၏ခင်ပွန်း၊ မောင်ရှိုင်းထွဋ်အောင်၊ မောင်မင်းထွဋ်အောင်၊ မောင်ဟိန်းထွဋ်အောင်တို့၏ ဖခင်ဦးဉာဏ်ထွဋ် (ဦးစီးအရာရှိ၊ မြို့ပြ၊ ဆည်မြောင်းဦးစီးဌာန၊ ဝမ်းတွင်း)သည် ၃-၁-၂၀၁၅ရက်တွင် မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး၌ ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ဒု-ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများ**
**ဆည်မြောင်းဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့။**

### ဝမ်းနည်းကြေကွဲခြင်း

**ဦးဉာဏ်ထွဋ် (၃၄)နှစ်**

**(ဦးစီးအရာရှိမြို့ပြ၊ ဆည်မြောင်းဦးစီးဌာန၊ ဝမ်းတွင်းမြို့)**

ဝမ်းတွင်းမြို့နေ ဒေါ်မိုးမိုး၏ခင်ပွန်း၊ မောင်ရှိုင်းထွဋ်အောင်၊ မောင်မင်းထွဋ်အောင်၊ မောင်ဟိန်းထွဋ်အောင်တို့၏ဖခင် ဦးဉာဏ်ထွဋ် (ဦးစီးအရာရှိ၊ မြို့ပြ၊ ဆည်မြောင်းဦးစီးဌာန၊ ဝမ်းတွင်း)သည် ၃-၁-၂၀၁၅ရက်တွင် မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး၌ ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**လက်ထောက်ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများ၊**
**ဆည်မြောင်းဦးစီးဌာန၊ ကျောက်ဆည်မြို့။**

### ဝမ်းနည်းကြေကွဲခြင်း

**ဦးဉာဏ်ထွဋ် (၃၄)နှစ်**

**(ဦးစီးအရာရှိ/မြို့ပြ၊ ဆည်မြောင်းဦးစီးဌာန၊ ဝမ်းတွင်းမြို့)**

ဝမ်းတွင်းမြို့နေ ဒေါ်မိုးမိုး၏ခင်ပွန်း၊ မောင်ရှိုင်းထွဋ်အောင်၊ မောင်မင်းထွဋ်အောင်၊ မောင်ဟိန်းထွဋ်အောင်တို့၏ဖခင် တာဝန်သိတတ်၊ တာဝန်ကျေပွန်သော ဝန်ထမ်းကောင်းတစ်ယောက်ဖြစ်သော ဦးဉာဏ်ထွဋ်(ဦးစီးအရာရှိ/မြို့ပြ၊ ဆည်မြောင်း ဦးစီးဌာန၊ ဝမ်းတွင်း)သည် ၃-၁-၂၀၁၅ရက်တွင် မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်၊ ဆည်မြောင်းဦးစီးဌာန၊ နေပြည်တော်**

### ဝမ်းနည်းကြေကွဲခြင်း

**ဦးဉာဏ်ထွဋ် (၃၄)နှစ်**

**(ဦးစီးအရာရှိ/မြို့ပြ၊ ဆည်မြောင်းဦးစီးဌာန၊ ဝမ်းတွင်းမြို့)**

ဝမ်းတွင်းမြို့နေ ဒေါ်မိုးမိုး၏ခင်ပွန်း၊ မောင်ရှိုင်းထွဋ်အောင်၊ မောင်မင်းထွဋ်အောင်၊ မောင်ဟိန်းထွဋ်အောင်တို့၏ဖခင် ဦးဉာဏ်ထွဋ် (ဦးစီးအရာရှိ/မြို့ပြ၊ ဆည်မြောင်းဦးစီးဌာန၊ ဝမ်းတွင်း)သည် ၃-၁-၂၀၁၅ ရက်တွင် မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ၊**
**ဆည်မြောင်းဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်**

# ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ခင်ထား(ချောက်)

**အသက်(၉၆)နှစ်**

ဒုတိယဗိုလ်မှူးကြီးထင်ကျော်(ငြိမ်း)၊ ဒေါ်နန်းမွေးတို့၏မိခင် ဒေါ်ခင်ထားသည် ၃၁-၁၂-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲ ကြေကွဲရပါကြောင်း။

**OTS (45)ကျောင်းဆင်းဘက်**
**သူငယ်ချင်းများနှင့် မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**

**ဒေါက်တာဦးကြည် (၉၃)နှစ်**

**M.B.,B.S,PH.D(Uro), (Glasgow)**

**ဆီးနှင့်ကျောက်ကပ်ခွဲစိတ်အထူးကုဆရာဝန်ကြီး**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ၇ မိုင်၊ ကုန်းမြင့်ရိပ်သာလမ်း၊ ခြံအမှတ်(၉၃)နေ (ဦးဖိုးဆင့်-ဒေါ်ငွေသင်)တို့၏သား၊ ဦးမြဟန်-ဒေါ်ခင်စပယ်ကြည် (Fortune International Ltd)တို့၏ချစ်လှစွာသောဖခင်ကြီး ဒေါက်တာဦးကြည် အသက်(၉၃)နှစ်သည် ၂၉-၁၂-၂၀၁၄ရက်(တနင်္လာနေ့) နံနက် ၇း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရ ပါကြောင်း။

**ဦးသူရိန်**
**မန်နေဂျင်းဒါရိုက်တာ၊ ရွှေနဂါးမင်းကုမ္ပဏီလီမိတက်**
**အသင်းပိုင်ရှင်၊ ဇေယျာရွှေမြေဘောလုံးအသင်း**

### ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ခင်မြင့်(ပြည်မြို့)**

**အသက်(၈၅)နှစ်**

ရန်ကုန်မြို့နေ ဒေါ်ခိုင်ခိုင်မွန်၊ FMI CITYနေ ဦးစည်သူ–ဒေါ်ဝင်းဝင်းခိုင်တို့၏မိခင်ကြီး ဒေါက်တာသက်သက်ဇွန်၊ မမေသူခင်(PISM-Sec-2B)၊ မရှင်းသန့်ဖြူစင်(PISM-P3A)တို့၏ ဘွားဘွားကြီးသည် ၃–၁–၂၀၁၅(စနေနေ့)တွင်ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒေါ်ညွန့်ရီ မိသားစု**
**မခင်မျိုးကျော်၊ မခင်မျိုးအောင်**
**ခိုင်သစ္စာ ဆန်/ဆီစက်(ဟိုပုံးမြို့)**

### အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ခင်ကြွေ**

**အသက်(၈၄)နှစ်**

**(လားရှိုး)**

သူငယ်ချင်း ဒေါ်ခင်မိမိ(တရားလွှတ်တော်ရှေ့နေ)၏ မိခင်ဒေါ်ခင်ကြွေ(၈၄)နှစ်သည် ၂-၁-၂၀၁၅ရက်တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**၁၉၈၁-ခု၊ ဥပဒေတွဲ့ရ သူငယ်ချင်းများ**

# ဝမ်းနည်းကြေကွဲခြင်း

Dr. ဆွေဆက်(NHL)၊ Dr.စုလဲ့ငွေး (ရောဂါဗေဒဆရာဝန် YGH) တို့၏ဖခင် ဦးချစ်သွင်(၇၃)နှစ် ကွယ်လွန်ကြောင်းကြားသိရပါ၍ ထပ်တူကြေကွဲရပါသည်။

**ရောဂါဗေဒအဖွဲ့**
**မြန်မာနိုင်ငံဆရာဝန်အသင်း**

## အထူးဝမ်းနည်းကြေကွဲခြင်း

မမြင့်မြင့်ရီ၏ခင်ပွန်း သူငယ်ချင်းကိုနီထွန်း(ရူပဗေဒ) အသက်(၄၈)နှစ်သည် ၃-၁-၂၀၁၅ရက် နံနက် ၅နာရီတွင် ကွယ်လွန်သွားပါ၍ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ချစ်သူငယ်ချင်းများ**
**ကိုဆန်းလင်း၊ ကိုအောင်အောင်မိုး၊ ကိုသက်ထွန်းအောင်၊**
**ကိုကျော်အောင်၊ ကိုနီတွတ်**

# အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးသန်းစိုး

**အသက်(၇၅)နှစ်**

**အမှုဆောင်ဒါရိုက်တာ၊ ကမ္ဘောဇဘဏ်လီမိတက်**

ကမ္ဘောဇဘဏ်လီမိတက်၊ အမှုဆောင်ဒါရိုက်တာ ဦးသန်းစိုးသည် ၂-၁-၂၀၁၅ရက်တွင် ကွယ်လွန်သွားပါ၍ မိသားစုနှင့်အတူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အထက်မြန်မာပြည်ရုံးခွဲနှင့်**
**အထက်မြန်မာပြည်ဘဏ်ခွဲများ**

### ဝမ်းနည်းကြေကွဲခြင်း

**ဒေါက်တာဦးကြည်(နတ်တလင်း) (၉၃)နှစ်**

**M.B.,B.S, Ph.D(Uro),(Glasgow)**

**ဆီးနှင့်ကျောက်ကပ် ခွဲစိတ်အထူးကုဆရာဝန်ကြီး**

ဦးမြဟန်၊ ဒေါ်ခင်စပယ်ကြည် (Fortune International, Ltd)တို့၏ ဖခင် ဒေါက်တာဦးကြည် အသက်(၉၃)နှစ်သည် ၂၉-၁၂-၂၀၁၄ (တနင်္လာနေ့) နံနက် ၇း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ် ဒေါက်တာခင်ဇော်-ဇနီး ဒေါ်အေးအေးမြင့်နှင့်**
**ဝန်ထမ်းမိသားစု**
**မွေးမြူရေး၊ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးညွှန်ကြားမှုဦးစီးဌာန**

### အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**

**ဆရာကြီးဦးအုန်းသွင်(နတ်တလင်း)**

**အသက်(၇၃)နှစ်**

**လ/ထ မြို့နယ်ပညာရေးမှူး(ငြိမ်း)**

**နတ်တလင်း အထကအပ္ပဖော်ခံဆရာကြီး**

နတ်တလင်းမြို့၊ သာစည်ရပ်ကွက်၊ ကန်လမ်းနေ ဒေါ်ခင်စိန်၏ ခင်ပွန်း၊ ဦးတင့်လွင်(တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်)-ဒေါ်ခင်အေးမိုးသွင်(လဝက)၊ ကိုဟန်မင်းသွင်(အလပြ)၊ မခင်အေးစိုးသွင်တို့၏ဖခင် ဦးအုန်းသွင်သည် ၃၀-၁၂-၂၀၁၄ရက်(အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**တပည့်ကျောင်းသား/ကျောင်းသူဟောင်းများ၊**
**နတ်တလင်းမြို့**

### ဝမ်းနည်းကြေကွဲခြင်း

**ဦးဉာဏ်ထွဋ် (၃၄)နှစ်**

**(ဦးစီးအရာရှိ၊ မြို့ပြ၊ ဆည်မြောင်းဦးစီးဌာန၊ ဝမ်းတွင်းမြို့)**

ဝမ်းတွင်းမြို့နေ ဒေါ်မိုးမိုး၏ခင်ပွန်း၊ မောင်ရှိုင်းထွဋ်အောင်၊ မောင်မင်းထွဋ်အောင်၊ မောင်ဟိန်းထွဋ်အောင်တို့၏ဖခင် ဦးဉာဏ်ထွဋ် (ဦးစီးအရာရှိ၊ မြို့ပြ၊ ဆည်မြောင်းဦးစီးဌာန၊ ဝမ်းတွင်း)သည် ၃-၁-၂၀၁၅ရက်တွင် မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး၌ ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**လက်ထောက်ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများ**
**ဆည်မြောင်းဦးစီးဌာန၊ မိတ္ထီလာမြို့။**

### ဝမ်းနည်းကြေကွဲခြင်း

**ဦးဉာဏ်ထွဋ် (၃၄)နှစ်**

**(ဦးစီးအရာရှိ၊ မြို့ပြ၊ ဆည်မြောင်းဦးစီးဌာန၊ ဝမ်းတွင်းမြို့)**

ဝမ်းတွင်းမြို့နေ ဒေါ်မိုးမိုး၏ခင်ပွန်း၊ မောင်ရှိုင်းထွဋ်အောင်၊ မောင်မင်းထွဋ်အောင်၊ မောင်ဟိန်းထွဋ်အောင်တို့၏ဖခင် ဦးဉာဏ်ထွဋ် (ဦးစီးအရာရှိ၊ မြို့ပြ၊ ဆည်မြောင်းဦးစီးဌာန၊ ဝမ်းတွင်း)သည် ၃-၁-၂၀၁၅ရက်တွင် မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး၌ ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**လက်ထောက်ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများ**
**ဆည်မြောင်းဦးစီးဌာန၊မြစ်သားမြို့။**

### ဝမ်းနည်းကြေကွဲခြင်း

**ဦးဉာဏ်ထွဋ် (၃၄)နှစ်**

**(ဦးစီးအရာရှိ၊ မြို့ပြ၊ ဆည်မြောင်းဦးစီးဌာန၊ ဝမ်းတွင်းမြို့)**

ဝမ်းတွင်းမြို့နေ ဒေါ်မိုးမိုး၏ခင်ပွန်း၊ မောင်ရှိုင်းထွဋ်အောင်၊ မောင်မင်းထွဋ်အောင်၊ မောင်ဟိန်းထွဋ်အောင်တို့၏ဖခင် ဦးဉာဏ်ထွဋ် (ဦးစီးအရာရှိ၊ မြို့ပြ၊ ဆည်မြောင်းဦးစီးဌာန၊ ဝမ်းတွင်း)သည် ၃-၁-၂၀၁၅ရက်တွင် မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး၌ ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**လက်ထောက်ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများ**
**ဆည်မြောင်းဦးစီးဌာန၊မြင်းခြံမြို့။**

### ဝမ်းနည်းကြေကွဲခြင်း

**ဦးဉာဏ်ထွဋ် အသက်(၃၄)နှစ်**

**(ဦးစီးအရာရှိ၊ မြို့ပြ၊ ဆည်မြောင်းဦးစီးဌာန၊ ဝမ်းတွင်းမြို့)**

ဝမ်းတွင်းမြို့နေ ဒေါ်မိုးမိုး၏ခင်ပွန်း၊ မောင်ရှိုင်းထွဋ်အောင်၊ မောင်မင်းထွဋ်အောင်၊ မောင်ဟိန်းထွဋ်အောင်တို့၏ဖခင် ဦးဉာဏ်ထွဋ်(ဦးစီးအရာရှိမြို့ပြဆည်မြောင်းဦးစီးဌာန၊ ဝမ်းတွင်း)သည် ၃-၁-၂၀၁၅ရက်တွင် မန္တလေးအထွေထွေရောဂါဆေးရုံကြီး၌ ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများ**
**ဆည်မြောင်းဦးစီးဌာန၊မန္တလေးတိုင်းဒေသကြီး၊မန္တလေးမြို့။**

### ဝမ်းနည်းကြေကွဲခြင်း

**ဦးလှမင်း**

**B.Sc(Forestry)(1982 batch)**

**လက်ထောက်ညွှန်ကြားရေးမှူး**

**(သစ်တောဦးစီးဌာန)**

**လင်းခေးခရိုင် ရှမ်းပြည်နယ်**

**အသက်(၅၇)နှစ်**

ချစ်သူငယ်ချင်း ဒေါ်မြင့်မြင့်ကြည်ရဲ့ ချစ်လှစွာသောခင်ပွန်း ဦးလှမင်း ၂၇-၁၂-၂၀၁၄ရက်တွင် တာဝန်ထမ်းဆောင်ရင်း ရုတ်တရက်ကွယ်လွန်သွားကြောင်းသိရှိရသည့်အတွက် သူငယ်ချင်းရဲ့ မိသားစုနှင့်အတူ ထပ်တူထပ်မျှ မချိတင်ကဲ အထူးဝမ်းနည်းကြေကွဲရပါတယ်။

**ကိုလှမင်း ကောင်းရာသုဂတိရောက်ပါစေ**

**ချစ်သူငယ်ချင်း**
**Dr. မြဦး-ဒေါ်ခင်အေးရီ မိသားစု**

### အထူးဝမ်းနည်းကြေကွဲခြင်း

**မောင်ဥက္ကာဖြိုး(ခ)ဖြိုးဝေထွန်း (၂၃)နှစ်**

**(လက်ထောက်ဦးစီးမှူး၊ ပြည်တွင်းအခွန်များဦးစီးဌာန)**

မောင်ဥက္ကာဖြိုး(ခ)ဖြိုးဝေထွန်း(လက်ထောက်ဦးစီးမှူး၊ မရမ်းကုန်းမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၊ ပြည်တွင်းအခွန်များဦးစီးဌာန)သည် ၃-၁-၂၀၁၅(စနေနေ့)ည ၁၁နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**မရမ်းကုန်းမြို့နယ်အခွန်ဦးစီးဌာနမှူးနှင့်ဝန်ထမ်းများ**

Hot Line No-0930500100

# နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆု လူတွေ့ဖြေဆိုရမည့်သူစာရင်းထုတ်ပြန်

သတင်းစာမျက်နှာ - ၈

## ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ခြေစွမ်းအဆင့်မီစွာ ယှဉ်ပြိုင်နိုင်ရန် မြန်မာယူ-၂၀ အသင်း ပြင်ဆင်နေ



သတင်းနှင့် ဓာတ်ပုံ-ရှိုင်းထက်ဇော်

**ရန်ကုန် ဇန်နဝါရီ ၆**

မြန်မာလူငယ်အသင်း နယူးဇီလန်၌ ကျင်းပမည့် ဖီဖာယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိထားသည်မှာ ပရိသတ်အားလုံးသိရှိပြီးဖြစ်သည်။ ယင်းပြိုင်ပွဲမှာ ကမ္ဘာကျော်ဘောလုံးသမားကောင်းများစတင်မြစ်ဖျားခံပေါ်ထွက်ရာပြိုင်ပွဲဖြစ်နေသည့်အတွက် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိထားသည့် မြန်မာလူငယ်ဘောလုံးသမားများအတွက် လွန်စွာအကျိုးရှိနိုင်မည့်ပြိုင်ပွဲဖြစ်လာနိုင်ပေသည်။

ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲကို ၁၉၇၇ ခုနှစ်က စတင်ကျင်းပခဲ့ပြီး ကမ္ဘာကျော် ဘောလုံးသမားများစွာ ပေါ်ထွက်ခဲ့သည်။ အာဂျင်တီးနား၏ ဂန္ထဝင်ဘောလုံးသမားဖြစ်သည့် မာရာဒိုနာမှာ ယခု ယူ-၂၀ ပြိုင်ပွဲမှ ထွက်ပေါ်လာခဲ့သူဖြစ်ပြီး မက်ဆီ၊ အဂူရို၊ မီးခေးလ်၊ ပေါ့ဘာ စသည့် ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားများမှာလည်း ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲမှ အရောင်တင်ပေးလိုက်သူများဖြစ်သည်။

**စာမျက်နှာ ၉ ကော်လံ ၃ သို့**



## ကမ္ဘာ့တန်ဖိုးအကြီးဆုံးကစားသမား ၁၀ ဦးစာရင်းတွင် တိုက်စစ်မှူးလီယွန်နယ်မက်ဆီ ထိပ်ဆုံးမှ ဦးဆောင်

ကမ္ဘာ့ထိပ်တန်းကစားသမားများ၏ ယခုဇန်နဝါရီဈေးကွက်တန်ဖိုးသတ်မှတ်ချက်များကို သုတေသနပြုခဲ့ရာ၌ ဘာစီလိုနာတိုက်စစ်မှူးမက်ဆီသည် ပေါင် ၁၇၂ သန်းဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေပြီး ဘာစီလိုနာအသင်း၏ ပြိုင်ဘက်အသင်းများအနေဖြင့် ၎င်းအား ခေါ်ယူမည်ဆိုပါက ပေါင် ၁၇၂ သန်း ရရှိမှသာ ရောင်းချဖွယ်ရှိကြောင်း အဆိုပါသုတေသနပြုချက်က ဖော်ပြထားသည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့**

## ပုဂ္ဂလိကပိုင်အဆောက်အအုံများ ဆောက်လုပ်ပြင်ဆင်တိုးချဲ့ခြင်းအတွက် စစ်ဆေးကြီးကြပ်ခကို ဥပဒေအတိုင်း ကောက်ခံသွားမည်

**ကလေး ဇန်နဝါရီ ၆**

ကလေးမြို့နယ် စည်ပင်သာယာရေး နယ်နိမိတ်ဖြစ်သည့် မြို့ပေါ်(၁၉)ရပ်ကွက်အတွင်း ပါဝင်သည့် ပုဂ္ဂလိကပိုင်အဆောက်အအုံများ ဆောက်လုပ်ခြင်းနှင့် ပြင်ဆင်ခြင်း၊ တိုးချဲ့ခြင်းလုပ်ငန်းများအတွက် ကုန်ကျငွေ၏ သုံးရာခိုင်နှုန်းကို မြို့နယ်စည်ပင်သာယာရေးဦးစီးဌာနမှ အဆောက်အအုံစစ်ဆေးကြီးကြပ်ခအဖြစ် ကောက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

"မြို့နယ်စည်ပင်သာယာရေးအနေနဲ့ အဆောက်အအုံစစ်ဆေးကြီးကြပ်ခကို ဥပဒေနဲ့အညီ ကောက်ခံသွားမှာပါ၊ ခွင့်ပြုချက်တင်တဲ့အခါမှာလည်း နှစ်ထပ်အဆောက်အအုံဖြစ်ပါက ကော်မတီက သတ်မှတ်ထားတဲ့ Drawing နဲ့ တွက်ချက်မှုခန့်မှန်းပုံစံတွေ၊ မြေစာရင်းဌာနရဲ့ မြေပိုင်ဆိုင်မှုအထောက်အထားတွေ၊ အုပ်ချုပ်ရေးမှူးထောက်ခံချက်တွေ၊ ကျန်းမာရေးနဲ့ မီးသတ်ဦးစီးဌာနရဲ့ ထောက်ခံချက်တွေ၊ အိမ်နီးနားချင်းရဲ့ သဘောထားထောက်ခံချက်တွေ ပြည့်စုံစွာပါမယ်ဆိုရင် တင်တဲ့ရက်ရဲ့ တစ်လအတွင်း ခွင့်ပြုချက်ပေးပါတယ်"ဟု မြို့နယ်စည်ပင်သာယာရေး ကော်မတီ ဥက္ကဋ္ဌ ဦးခမ်လျန်ခိုင်က ပြောသည်။

**စာမျက်နှာ ၉ ကော်လံ ၄ သို့**

## ပျူခေတ်နှောင်းပိုင်းလက်ရာအုတ်ရိုးပတ်ကုန်းမြင့်အား တာဝန်ရှိသူများ ကွင်းဆင်းလေ့လာမှတ်တမ်းများပြုစု

**ရေတာရှည် ဇန်နဝါရီ ၆**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ပီတူးကျေးရွာအရှေ့တောင်ဘက် တစ်မိုင်ခွဲခန့်၌ တူးဖော်တွေ့ရှိထားသည့် ပျူခေတ်နှောင်းပိုင်းလက်ရာ အုတ်ရိုးပတ်ကုန်းမြင့်နေရာနှင့် တောင်ငူမြို့နယ် ကရင်ချောင်းကျေးရွာရှိ မြို့ရိုးကုန်းတို့အား နေပြည်တော် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ဇန်နဝါရီ ၆ရက်က ကွင်းဆင်းလေ့လာကာ မှတ်တမ်းများပြုစုခဲ့ကြောင်း သိရသည်။ ဦးစီးအရာရှိ ဦးဇော်လွင်ဦးနှင့် တာဝန်ရှိသူများသည် ပီတူးကျေးရွာအရှေ့တောင်ဘက် ကွင်းအမှတ် ၆၅၃(ခ)ရှိ ကုန်းဟောင်းတစ်ခုကို ကွင်းဆင်းစစ်ဆေးခဲ့ရာတွင် အုတ်အကျိုးအပဲ့များတွင် လက်ချောင်းရာများပါနေသည်ကိုတွေ့ခဲ့ရခြင်းဖြစ်သည်။"လက်ချောင်းရာပါတာတွေက ပျူခေတ်နှောင်းပိုင်း ပုဂံခေတ်ဦးပေါ့ အသုံးပြုတာကိုတွေ့ရတယ်"ဟု ဦးစီးအရာရှိ ဦးဇော်လွင်ဦးက ရှင်းပြသည်။ ဆက်လက်၍ စစ်တောင်းမြစ် အရှေ့ဘက်ကမ်းရှိ ကရင်ချောင်းကျေးရွာ ဘုရားကြီးကုန်းကို ဆက်လက်လေ့လာခဲ့ရာ ခရင်း



**စာမျက်နှာ ၉ ကော်လံ ၆ သို့**

## ယနေ့မာတိကာ


ကူးစက်တတ်သော ရောဂါများထက် မကူးစက်နိုင်သော ရောဂါများ၏ ခြိမ်းခြောက်မှုအန္တရာယ် ပိုမိုမြင့်တက်လာ

စာမျက်နှာ - ၂

ဩစတြေးလျ၌ နှစ် ၃၀ ကာလအတွင်း အဆိုးရွားဆုံး တောမီးလောင်ကျွမ်းမှု ဖြစ်ပွား

စာမျက်နှာ - ၄

အက်ဖ်အေဖလား စတုတ္ထအဆင့် ပွဲစဉ်များထွက်ပေါ်

စာမျက်နှာ - ၁၃



